# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


### ဆင်းရဲဒုက္ခတို့ မကျရောက်

အမျက် 'ဒေါသ' ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)


၁၃၈၃ ခုနှစ်၊ ပြာသိုလကွယ်နေ့ | ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၃၁ ရက်၊ တနင်္လာနေ့ | အတွဲ (၆၁)၊ အမှတ် (၁၂၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## မန်းရွှေစက်တော်ဘုရားတွင် တည်ဆောက်သော ဓာတ်လှေကားတာဝါ စမ်းသပ်အသုံးပြုမည်

မင်းဘူး ဇန်နဝါရီ ၃၀

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ဘုရားကြီးတွင် တည်ဆောက်လျက်ရှိသော ဓာတ်လှေကားတာဝါအတွင်း၌ ဓာတ်လှေကားအိမ်ကို တပ်ဆင်ဆောင်ရွက်နေပြီး မကြာမီရက်ပိုင်းအတွင်း စတင်စမ်းသပ် အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း ဓာတ်လှေကားဆောက်လုပ်ရေးကုမ္ပဏီ Project မန်နေဂျာ ဦးသန်းလွင်ထံမှ သိရသည်။

ဓာတ်လှေကားတာဝါ (Lift Tower နှင့် Walk Way Bridge) တည်ဆောက်ရေး လုပ်ငန်းကို ပြီးခဲ့သည့်နှစ် ဇွန် ၂၉ ရက်မှ စတင်ကာ Phase-1 နှင့် Phase-2 ဟူ၍ နှစ်ပိုင်းခွဲ ဆောင်ရွက်ခဲ့ပြီး ယခုအခါ ဓာတ်လှေကားအဆောက်အအုံတည်ဆောက်ရေး Phase-1 အပိုင်းမှာ အချောသပ်ဆေးသုတ်ခြင်း၊ ငြမ်းဖြုတ်ခြင်း၊ ဓာတ်လှေကား ပတ်လမ်းနှင့် ကားပါကင် ကွန်ကရစ်လောင်းခြင်းလုပ်ငန်းများသာ ကျန်ရှိတော့ကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းအားလုံး ၉၅ ရာခိုင်နှုန်းကျော် ဆောက်လုပ်ပြီးစီးနေပြီး

*စာမျက်နှာ ၃ ကော်လံ ၁* ❁



မန်းရွှေစက်တော်ဘုရားတွင် တည်ဆောက်နေသည့် ဓာတ်လှေကားတာဝါ ပြီးစီးမှုကို တွေ့ရစဉ်။



## မြန်အောင်မြို့နယ် အုန်းနဲ့ကုန်းတံတားနှင့် ကျွဲရိုးအင်းတံတား တည်ဆောက်ပြီးစီး

မြန်အောင် ဇန်နဝါရီ ၃၀

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်အတွင်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူဖြစ်စေမည့် မြန်အောင်မြို့နယ် ထူးကြီး-ရွှေကျင်လမ်းပေါ်ရှိ အုန်းနဲ့ကုန်းတံတားနှင့် သပြေကုန်း-သဲဖြူ-ထူးကြီးလမ်းပေါ်ရှိ ကျွဲရိုးအင်းတံတား တည်ဆောက်ပြီးစီး၍ ဒေသခံပြည်သူများ၏ ဒေသထွက်ကုန်စည်စီးဆင်းမှုများ ကောင်းမွန်တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

*စာမျက်နှာ ၁၁ ကော်လံ ၅* ❑


**ယနေ့ ဖတ် စ ရာ**

**မြန်မာနိုင်ငံ ပြည်တွင်းအာဏာရရှိရေး ကြိုးပမ်းမှုနှင့် ပထဝီနိုင်ငံရေးအခြေအနေ**
ဆောင်းပါး စာ - ၆

**မွေးမြူရေးကဏ္ဍအတွက် အားဖြစ်စေမယ့် မွေးမြူရေးတိရစ္ဆာန်ပြပွဲ၊ ပြိုင်ပွဲ**
သတင်းဆောင်းပါး စာ - ၁၆




# အိုမီခရွန် ပြည်တွင်းကူးစက်မှု တစ်ဦးချင်း ဂရုပြုတားဆီးကာကွယ်

ကျန်းမာရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ ဇန်နဝါရီ ၂၈ ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနက ဓာတ်ခွဲစစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ ၈၆ ခုအနက် ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်း အိုမီခရွန်ကို ဓာတ်ခွဲနမူနာ ၇၂ ခု၌ တွေ့ရှိခဲ့ရသည်ဟု သိရသည်။ အိုမီခရွန်ရောဂါပိုး တွေ့ရှိခဲ့သူ ၇၂ ဦးမှာ စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့၊ ကလေးမြို့တို့မှ လူများ၊ တစ်ဆင့်ထပ်မံ ကူးစက်ခံရသူများနှင့် သံသယလူနာများအနက်မှ အတည်ပြုနိုင် သူတို့ဖြစ်သည်။ ယင်းမှာ ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်းရောဂါပိုး အိုမီခရွန်သည် ပြည်တွင်း၌ ကူးစက်နေပြီဖြစ်ပြီး ပြည်သူများ အထူးဂရုပြု တားဆီးကာကွယ်နိုင်ရန် လိုအပ်ကြောင်း အချက်ပြတပ်လှန့်လိုက်ခြင်းဟု ဆိုနိုင်သည်။

အိုမီခရွန်သည် ရောဂါလက္ခဏာအားဖြင့် ဒယ်လ်တာမျိုးကွဲနှင့် ဆင်ပြီး အနံ့၊ အရသာပျောက်ဆုံးမှုနည်းပါးကြောင်း။ ကိုယ်လက်ခါင်းတို့ ကိုက်ခဲ၊ ချောင်းဆိုးပြီး အဖျားတက်၍ ပြင်းထန်တုပ်ကွေးလက္ခဏာများနှင့်ဆင်တူကြောင်း သိရသည်။ ရောဂါပြင်းထန်မှုတွင် ဒယ်လ်တာမျိုးကွဲလောက် မပြင်းထန်သော်လည်း ရောဂါကူးစက်ပျံ့နှံ့မှုကမူ ဒယ်လ်တာမျိုးကွဲထက် သုံးဆမြန်ဆန်သည်ဟု ဆိုရာ ကူးစက်မှုနှုန်းမြင့်တက်လာပါက ရောဂါပြင်းထန်သူများ ပိုမိုများပြားလာပြီး ဆေးရုံတက်ရသည့်နှုန်း ပြန်လည်မြင့်မားလာနိုင်သည်ဟု သုတေသီများက ဆိုသည်။ အိုမီခရွန်သည် ရောဂါမပြင်းထန်ဟုဆိုသော်လည်း ၎င်းကြောင့် သေဆုံးသူများ ရှိနေသည့်အတွက် မပေါ့မလျော့စောင့်ကြည့်ကာကွယ်တားဆီးကြရမှာဖြစ်သည်။ ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းကို အထူးဂရုပြုပူးပေါင်းဆောင်ရွက်ကြရန် ကျန်းမာရေးဝန်ကြီးဌာနက နှိုးဆော်ထားသည်။

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ နေ့စဉ်တွေ့ရှိမှု ရာခိုင်နှုန်းမှာ ၁ ရာခိုင်နှုန်းနှင့် ၂ ရာခိုင်နှုန်းကြားတွင်သာ ရှိနေပြီး ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးမှု မရှိသည်မှာလည်း ရက်သတ္တတစ်ပတ်ရှိပြီဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ်အပြည့် ထိုးနှံနိုင်မှုတွင် မြန်မာနိုင်ငံသည် အာဆီယံ ၁၀ နိုင်ငံအနက် ရာခိုင်နှုန်းအားဖြင့် အနိမ့်ဆုံးတွင် ရှိနေသည်ဟု ဆိုသော်လည်း ရောဂါဖြစ်ပွားမှုနှင့် ရောဂါကြောင့် သေဆုံးမှုတွင် အာဆီယံ၌ အဆင့် (၆) ဖြစ်ရာ အသိပညာပေးမှုနှင့် တစ်ဦးချင်းကြိုတင်ကာကွယ်မှုတို့ ကောင်းသည်ဟု ဆိုနိုင်သည်။ ကာကွယ်ဆေးထိုးနှံမှုကို တစ်ဦးတစ်ယောက်မျှ မကျန်စေရဟူသောမူဖြင့် အုပ်စုအလိုက် စဉ်ဆက်မပြတ် ထိုးနှံပေးလျက်ရှိပြီး အပိုဆောင်းထပ်မံ ထိုးနှံမှုများလည်း စတင်လျက်ရှိပြီဖြစ်ရာ ကာကွယ်ဆေးလွှမ်းခြုံမှုအားကောင်းလာသလို ပြည်သူတစ်ဦးချင်းစီက ကိုဗစ်-၁၉ ကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ နေထိုင်သွားကြခြင်းဖြင့် လုံလောက်သည့် ခုခံနိုင်စွမ်းအားရောက်လာသည့်အခြေအနေ၊ အချိန်အခါတွင် ကိုဗစ်-၁၉ ရောဂါသည် မြန်မာ့မြေပေါ်မှ ဆုတ်ခွာသွားလိမ့်မည်ဖြစ်သည်။

ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ အိုမီခရွန်ကို လူစုလူဝေးရှောင်ခြင်း၊ Mask တပ်ခြင်း၊ လက်ခဏခဏဆေးကြောခြင်း၊ တစ်ဦးနှင့် တစ်ဦး ခြောက်ပေခွာ၍နေခြင်း နည်းလမ်းများဖြင့်ပင် ဆက်လက်၍ ရှောင်ရှားသွားကြရမှာဖြစ်သည်။ အိုမီခရွန် ပြည်တွင်းကူးစက်မှုရှိနေပြီကို သတိထားကြရမည်ဖြစ်ရာ ရောဂါပိုးသယ်ဆောင်ထားသူသည် မည်သည့်လက္ခဏာမျှမပြဘဲ ၎င်းကိုယ်တိုင်ပင် မသိရှိနိုင်ကြောင်းကို ဂရုပြုကြရမည်ဖြစ်သည်။ ရောဂါဖြစ်ပွားရာဒေသမှ ပြန်လာခြင်း၊ ယင်းသို့ ပြန်လာသူနှင့် ထိတွေ့ခြင်းတို့ရှိခဲ့ပါက ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်ခြင်းဖြင့် ကူးစက်မှုလမ်းကြောင်းကို ဖြတ်တောက်ကြရန် အကျိုးမျှော်ကာ နှိုးဆော်တိုက်တွန်းလိုက်ရပါကြောင်း။ ။

## ၂၀၂၂ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထက်မြက်ရေး။

(၃) တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုစည်းအင်အားဖြင့် နိုင်ငံတော်ကြီး ထာဝရတည်တံ့ခိုင်မြဲအောင် ဆက်လက်ကြိုးပမ်းတည်ဆောက်ရေး။

(၄) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်နိုင်ရေး။

(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဆောင်ရွက်ပေးရေး။

ပြည်ထောင်စုအကျိုး သယ်ပိုးဖို့
အသိပညာ မြှင့်တင်စို့

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့်
အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်ကျင်းပသည့်

**စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေပွဲတော်**

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက် မှ ၃၁ ရက် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ နေပြည်တော်။

## ဘားအံပညာရေးဒီဂရီကောလိပ်၌ (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ်ပြိုင်ပွဲများ ကျင်းပ

ဘားအံ ဇန်နဝါရီ ၃၀

နိုင်ငံတော်အစိုးရက အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက် (၅) ရပ်ကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်သဘောပေါက်စေပြီး ပြည်ထောင်စုစိတ်ဓာတ်များ အစဉ်ကိန်းအောင်းရှင်သန်နေစေရေး အတွက် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ်ကျပန်းစကားပြော ပြိုင်ပွဲကို ဇန်နဝါရီ ၃၀ ရက် နံနက်ပိုင်းက ဘားအံပညာရေးဒီဂရီကောလိပ်သီရိခန်းမ၌ ကျင်းပသည်။




ပြိုင်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက သင်တန်းသား၊ သင်တန်းသူများအနေဖြင့် နိုင်ငံတော်က ချမှတ်ထားသော အမျိုးသားရေးဦးတည်ချက်များအပေါ် သက်ဝင်ယုံကြည်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း၊ ယခုကျပန်းစကားပြောပြိုင်ပွဲမှ ရရှိသည့် အတွေ့အကြုံများကို အခြေခံပြီး ကျောင်းသားသူငယ်များကို အပြောအဆိုစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ဘာသာစကား အပြော၊ အဆိုနှင့် စာဖတ်စွမ်းရည် ကျွမ်းကျင်မှုများ ရရှိလာစေရန် လေ့ကျင့်ပျိုးထောင်ပေးကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ညီနောင်တစ်စုတည်ထောင်ပြသည့် ပြည်ထောင်စုခေါင်းစဉ်ဖြင့် ပြိုင်ပွဲကို ကျင်းပရာ ဘားအံပညာရေး ဒီဂရီကောလိပ်မှ သင်တန်းသား၊ သင်တန်းသူ ကိုးဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဒုတိယကျောင်းအုပ်ကြီးနှင့် ပါမောက္ခ၊ ကထိက၊ ဌာနမှူးများ၊ သင်တန်းသား၊ သင်တန်းသူများက ကြည့်ရှုအားပေးသည်။

ပြိုင်ပွဲအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များသည် ဘားအံပညာရေးဒီဂရီကောလိပ်သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားခဲ့ပြီး တရားမျှတ၊ ပြည်ထောင်စု အလှခေါင်းစဉ်ဖြင့် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ်ပန်းချီပြိုင်ပွဲ ကျင်းပနေမှုကို ကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**

အလားတူ ဘားအံပညာရေးဒီဂရီကောလိပ်တွင် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ်အနေဖြင့် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲ ဆောင်းပါးပြိုင်ပွဲများ ကျင်းပပြီး ဆုရရှိသူများအား ပြည်ထောင်စုနေ့ အခမ်းအနားတွင် ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# တတ်ကျွမ်းသည့်ပညာရပ်များကို အလေးထားရန်လို

ယနေ့ခေတ်သည် သတင်းနှင့်နည်းပညာခေတ်ဖြစ်သဖြင့် အင်တာနက်မှတစ်ဆင့် များစွာလေ့လာသင်ယူနိုင်ကြောင်း၊ လေ့လာမှုများ ဆောင်ရွက်ရာတွင်လည်း ထဲထဲဝင်ဝင်၊ ထိထိရောက်ရောက် လေ့လာနိုင်ရန်လိုကြောင်း၊ မိမိကိုယ်တိုင် တန်ဖိုးရှိရန်အတွက် မိမိတို့ အလုပ်ကို အလေးထားရန်နှင့် မိမိတို့တတ်ကျွမ်းသည့်ပညာရပ်များကို အလေးထားရန်လိုကြောင်း၊ အလေးထားခြင်းနှင့် လေးစားခြင်း နှစ်မျိုးရှိကြောင်း၊ ငွေကိုအလေးထားသူများက ငွေနောက်ကိုလိုက်ကြပြီး ပညာအလေးထားသူများက ပညာနောက်ကို လိုက်ကြကြောင်း၊ အလုပ်ကိုအလေးထားပါက အလုပ်ကိုအချိန်ပေး၍ စူးစိုက်ပြီး ဆောင်ရွက်ရကြောင်း၊ အလားတူအချိန်ကိုလည်း လေးစားတန်ဖိုးထားရန် လိုကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၇-၁-၂၀၂၂ ရက်နေ့တွင် အဆင့်မြင့်ပညာကဏ္ဍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ရန်ကုန်တိုင်းဒေသကြီးရှိ စက်ရုံများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၃၀

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ဇန်နဝါရီ ၂၉ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ ကုန်ထုတ်စက္ကူစက်ရုံ၌ စတားစန္ဒာကုမ္ပဏီ၏ အထည်ချုပ်လုပ်ငန်းများဆောင်ရွက်နေမှု လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

## ကြိုတင်လေ့ကျင့်သင်ကြား

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စက်မှုဝန်ကြီးဌာနနှင့် Korea Apparel Testing and Research Institute (KATRI)တို့ ပူးပေါင်း၍ မြန်မာနိုင်ငံ၏ အထည်အလိပ်၊ အဝတ်အထည်ဆိုင်ရာ စက်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် Joint Venture (JV) အဖြစ် ဖက်စပ်အကျိုးတူပူးပေါင်း၍ နိုင်ငံတကာအဆင့်မီ အထည်အလိပ်နှင့် အဝတ်အထည် စမ်းသပ်ခြင်း၊ စစ်ဆေးခြင်းနှင့် အရည်အသွေး ထောက်ခံချက်လက်မှတ်ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်မည့် ချည်မျှင်နှင့်အထည် ထုတ်လုပ်မှု နည်းပညာဖွံ့ဖြိုးရေးဌာနသို့ ရောက်ရှိပြီး ဓာတ်ခွဲခန်းအဆောက်အအုံ တည်ဆောက်ပြီးစီးမှုနှင့် အထည်အလိပ်နှင့်ပတ်သက်၍ စမ်းသပ်စစ်ဆေးမည့် စက်ကိရိယာများ ရောက်ရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး စစ်ဆေးမည့်နည်းစဉ်အဆင့်ဆင့်ကို ရေးဆွဲသတ်မှတ်ထားရန်နှင့် နိုင်ငံတကာအဆင့်မီ စစ်ဆေးစမ်းသပ်နိုင်ရေးအတွက် ဝန်ထမ်းများကို ကြိုတင်လေ့ကျင့် သင်ကြားပေးရန်နှင့် လုပ်ငန်းခွင်အတွင်း ပတ်ဝန်းကျင်ကောင်းဖြစ်အောင် စီမံဆောင်ရွက်ပေးရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၉) အထည်စက်ရုံခွဲ (အင်းစိန်)၌ ပါးစပ်နှင့် နှာခေါင်းစည်းများ ထုတ်လုပ်နေမှုကိုလည်းကောင်း၊ United Pacific Co., Ltd. ၏ OKI ဆပ်ပြာမှုန့်နှင့် ဆပ်ပြာခရင်(မ်)များ ထုတ်လုပ်နေမှုကို လည်းကောင်း လှည့်လည်အားပေး ကြည့်ရှုစစ်ဆေးပြီး နိုင်ငံပိုင်အဆောက်အအုံ၊ မြေနေရာနှင့် စက်ပစ္စည်းများကို အကျိုးရှိထိရောက်စွာ အသုံးပြုရမည်ဖြစ်ကြောင်း၊ လူနေထူထပ်သည့် မြို့ပြဧရိယာအတွင်းရှိ စက်ရုံများအနေဖြင့် ပတ်ဝန်းကျင်ထိခိုက်မှုမရှိအောင် အလေးထားဆောင်ရွက်ရန် လိုကြောင်း၊ လက်ရှိလုပ်ကိုင်ဆောင်ရွက်နေသည့်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်တွင်းလိုအပ်ချက်ကို ပိုမိုဖြည့်ဆည်းပေးနိုင်ရေးအတွက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို တိုးမြှင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း အမှတ်(၉)အထည်စက်ရုံခွဲ (အင်းစိန်)၌ ပါးစပ်နှင့် နှာခေါင်းစည်း ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

## လှည့်လည်ကြည့်ရှုစစ်ဆေး

ပြည်ထောင်စုဝန်ကြီးသည် ယနေ့ နံနက်ပိုင်းတွင် လှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှုဇုန်ရှိ Go Excellent (Myanmar) Co., Ltd. နှင့် ရွှေပြည်သာမြို့နယ် သာခုကန်စက်မှုဇုန်ရှိ Myanmar ArrThit Man Motor Co., Ltd. တို့၏ မော်တော်ယာဉ်များ တပ်ဆင်ထုတ်လုပ်နေမှု၊ မော်တော်ယာဉ်များ၏ ကြံ့ခိုင်မှုကို အထောက်အကူပြု စက်ပစ္စည်းကိရိယာများဖြင့် စမ်းသပ်နေမှု၊ တပ်ဆင်ထုတ်လုပ်ပြီး မော်တော်ယာဉ်များကို သုံးစွဲသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရေးအတွက် လမ်းအနေအထားအမျိုးမျိုးပေါ်တွင် စမ်းသပ်မောင်းနှင်မှု၊ ယာဉ်များ၏ ကြံ့ခိုင်မှုကောင်း/မကောင်းကို ပုံစံအမျိုးမျိုးဖြင့် မြန်နှုန်းမြင့် စမ်းသပ်မောင်းနှင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး အရည်အသွေးအာမခံရှိသောပစ္စည်းများ ထုတ်လုပ်နိုင်ရေးအတွက် အရည်အသွေးအာမခံသည့်စနစ် ထူထောင်ထားရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများ၏ ကျွမ်းကျင်မှုများအလိုက် အသိအမှတ်ပြုလက်မှတ်များ ရရှိအောင် စီမံပေးရမည်ဖြစ်ကြောင်း၊ သုံးစွဲသူပြည်သူများ ဘေးအန္တရာယ် မဖြစ်ပွားစေရေး အလေးထားဆောင်ရွက်ရန်၊ ပြည်ပမှတင်သွင်းသည့် အစိတ်အပိုင်းများကို ပြည်တွင်း၌ တပ်ဆင်ထုတ်လုပ်နေရုံဖြင့် ကျေနပ်မနေဘဲ အစိတ်အပိုင်းများ ထုတ်လုပ်နိုင်ရေးနှင့် နည်းပညာများရရှိအောင် ကြိုးစားဆောင်ရွက်ရန်၊ စစ်ဆေးရေးအဖွဲ့များအနေဖြင့် သတ်မှတ်ထားသည့် Check List များအတိုင်း တိတိကျကျစစ်ဆေးရန် မှာကြားကာ မော်တော်ယာဉ်တပ်ဆင်ထုတ်လုပ်နေမှု လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❁ *ရှေ့ဖုံးမှ*

ဖေဖော်ဝါရီလ ဒုတိယပတ်အတွင်း အပြီးဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း Kyaw Thar Engineering Construction Group ကုမ္ပဏီမှ Project မန်နေဂျာ ဦးသန်းလွင်က ပြောသည်။

ဓာတ်လှေကားတာဝါ တည်ဆောက်ရေး Phase–2 အပိုင်းတွင် ဓာတ်လှေကားအိမ်တပ်ဆင်ရန် ကားဖရိန်နှင့် ကောင်တာဝိတ်ဖရိန် တပ်ဆင်ခြင်းများကို ဇန်နဝါရီ ၁၆ ရက်က စတင်ဆောင်ရွက်ခဲ့ပြီး မှာယူထားသော စပိန်နိုင်ငံထုတ် Orona ဓာတ်လှေကားအမျိုးအစားနှင့် ဆက်စပ်ပစ္စည်းများမှာ ဇန်နဝါရီ ၂၂ ရက်တွင် ရောက်ရှိခဲ့ကြောင်း၊ ဓာတ်လှေကားအိမ်ဆင်ရန် ၆ မီလီမီတာ စတီးကြိုးတစ်ဖက်လျှင် ခုနစ်ကြိုးဖြင့် စုစုပေါင်း ၁၄ ကြိုး တပ်ဆင်ထားပြီး ယခုလကုန်တွင် အပြီးတပ်ဆင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဓာတ်လှေကား စတင်အသုံးပြု စမ်းသပ်မောင်းနှင်ခြင်း (EI စစ်ဆေးခြင်း) များကို ဖေဖော်ဝါရီ ၁ ရက်မှ ၄ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဓာတ်လှေကားတပ်ဆင်ရေး AGT ကုမ္ပဏီမှ တာဝန်ခံ Assistant Chief Engineer ဦးသိန်းဝင်းအောင်က ပြောသည်။

မန်းရွှေစက်တော်ဘုရား ဓာတ်လှေကားတာဝါကို Phase–1 အပိုင်းအဖြစ် နှစ်ကျိပ်ရှစ်ဆူစေတီတော်အနီးမှ ကိုးခန်းကြီးဘုရားအထိ (အလျား ပေ ၂၁၀ x အမြင့် ၁၁၉ ပေ x အကျယ် ၁၂ ပေ)ရှိပြီး ဘုရားကြီးဘဏ္ဍာငွေမှ ခွင့်ပြုငွေကျပ်သိန်းပေါင်း ၁၆၀၀၀ ခန့်ဖြင့် တည်ဆောက်နေကြောင်း၊ ဓာတ်လှေကား Phase–2 အပိုင်းကို AGT ကုမ္ပဏီက စပိန်နိုင်ငံထုတ် Orona ဓာတ်လှေကားအမျိုးအစား Lift Tower နှစ်စင်းကို ခွင့်ပြုငွေကျပ်သိန်းပေါင်း ၂၃၀၀ ခန့်ဖြင့် မှာယူကာ အတက်နှင့်အဆင်းဟူ၍ ဇန်နဝါရီ ၂၃ ရက်က စတင်တပ်ဆင်ဆောင်ရွက်နေပြီး မကြာမီရက်ပိုင်းအတွင်း စတင်စမ်းသပ် အသုံးပြုနိုင်တော့မည်ဖြစ်သည်။


ဓာတ်လှေကား တည်ဆောက်နိုင်ခဲ့သည့်အတွက် သက်ကြီးဘိုးဘွားများ၊ ကလေးသူငယ်များနှင့် မသန်စွမ်းသူများအပြင် ဘုရားဖူးမိဘပြည်သူများအနေဖြင့် အလွယ်တကူ တက်ရောက်ဖူးမြော်နိုင်တော့မည်ဖြစ်ကြောင်း၊ ဓာတ်လှေကားတစ်စင်းကို လူ ၂၀ နှုန်းဖြင့် စုစုပေါင်းလူ ၄၀ လိုက်ပါစီးနင်းနိုင်မည်ဖြစ်ပြီး ဓာတ်လှေကား တည်ဆောက်ရေးလုပ်ငန်းအားလုံး ဖေဖော်ဝါရီလ ဒုတိယပတ်အတွင်း အပြီးဆောင်ရွက်နိုင်မည်ဟု ခန့်မှန်းထားကြောင်း ဂေါပကအဖွဲ့ထံမှ သိရသည်။

**မောင်မောင်(မင်းဘူး)**

# လူငယ်နှင့်စာပေပွဲတော်သို့ တက်ရောက်လာသူအချို့၏ ရင်တွင်းစကားသံများ

နေပြည်တော် ဇန်နဝါရီ ၃၀

**မြန်မာနိုင်ငံ၏ အနာဂတ်တွင် ခေါင်းဆောင်များဖြစ်လာမည့် ကလေးများနှင့်လူငယ်များ၏ ဉာဏ်ရည်ဉာဏ်သွေးနှင့် အတွေးအခေါ်အယူအဆများ ထက်မြက်လာစေရန် ရည်ရွယ်၍ စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေပွဲတော်ကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပလျက်ရှိသည်။**



ဦးရဲတင့် (ဒုတိယဝန်ကြီး ပြန်ကြားရေးဝန်ကြီးဌာန)



ဦးဝင်းခိုင်



မအင်ကြင်းဖူး



မောင်ထက်လျှံရဲရင့်

အဆိုပါ ပွဲတော်ကြီးတွင် အသိပညာဗဟုသုတရဖွယ် ပြခန်းပေါင်း ၄၀ ကျော် ပါဝင်ပြသထားပြီး ဖျော်ဖြေရေးအစီအစဉ်ကောင်းများလည်း ထည့်သွင်းထားရာ စိတ်ပါဝင်စားစွာဖြင့် လာရောက်လေ့လာကြသည့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကျောင်းသား ကျောင်းသူများ၊ လူငယ်များ၊ ပွဲတော်ကြီးတွင် သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်ဆောင်ရွက်ကြသူနှင့်တွေ့ဆုံ၍ ရင်းတွင်းစကားသံများကို ရေးသားဖော်ပြလိုက်ရပါသည်။

**ဦးရဲတင့် (ဒုတိယဝန်ကြီး ပြန်ကြားရေးဝန်ကြီးဌာန)**

အခုကျင်းပနေတဲ့ လူငယ်နှင့်စာပေပွဲတော်ဆိုတာ အရင်က လူငယ်စာပေပွဲတော်ဆိုပြီး ပြန်ကြားရေးဝန်ကြီးဌာနက နှစ်စဉ်ကျင်းပခဲ့တာဖြစ်ပါတယ်။ စာပေပွဲတော်ကနေ လူငယ်တွေကို စာပေတင်မကပဲ အားကစား၊ နည်းပညာနဲ့ အခြားကဏ္ဍတွေကနေ အထွေထွေ အတွေ့အကြုံဗဟုသုတတွေ ရရှိအောင်နာမည်ကို လူငယ်နဲ့စာပေပွဲတော်လို့ ပြောင်းလိုက်တာပါ။ လူငယ်တွေအတွက် ဒီအချိန်မှာ အရေးကြီးတာက အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတ၊ အတွေ့အကြုံတွေအပြင် ကျန်းမာသန်စွမ်းဖို့နဲ့ ဗလငါးတန်ပြည့်စုံဖို့ လိုတယ်ဆိုတဲ့ အသိစိတ်ကို ထည့်ပေးချင်တဲ့အတွက် ဒီပွဲတော်ကို ကျင်းပရခြင်းဖြစ်ပါတယ်။

အခုပွဲတော်မှာ စာအုပ်စာပေ ပြခန်းတွေကတစ်ဆင့် စာပေဟာ ဘယ်လောက်တန်ဖိုးရှိတယ်ဆိုတာကို လူငယ်တွေကို သိစေချင်ပါတယ်။ စာပေကနေ အသိပညာဗဟုသုတတွေရမယ်။ ကျောင်းစာအပြင် တခြားစာပေတွေကိုလည်း လေ့လာဖို့လိုမယ်ဆိုတဲ့ အသိကို ပေးချင်တယ်။ စာပေတွေထဲမှာ ကလေးတွေ သိသင့်သိထိုက်တဲ့ အကြောင်းအရာတွေ အများကြီးရှိပါတယ်။ နောက်ပြီးတော့ ဘဝမှာ စာဖတ်လို့ရလာတဲ့ အတွေ့အကြုံတွေနဲ့ လျှောက်လှမ်းသွားရင် သူတို့ဘဝတွေဟာ လှပနိုင်ပါတယ်။ ဒါကြောင့် ကလေးတွေစာဖတ်ကြဖို့ တိုက်တွန်းချင်ပါတယ်။ အတတ်ပညာဟာ အရေးကြီးပါတယ်။ စာတတ်ရင် တတ်သလိုတွင်ကျယ်တယ်၊ လူရာဝင်တယ်ဆိုတာကိုလည်း သိစေချင်တယ်။ သိပ္ပံနဲ့နည်းပညာပြခန်း၊ ရေကြောင်းအသိပညာပေးပြခန်း၊ လေကြောင်းအသိပညာပေးပြခန်း၊ လေယာဉ်ပျံသန်းမှု သရုပ်ပြကွင်းတွေ ပြထားတာရှိပါတယ်။ ဒီပြခန်းတွေကို ကြည့်ခြင်းအားဖြင့် အတတ်ပညာဟာ ကိုယ်တတ်ရင်တတ်သလောက် ကိုယ့်ဘဝအတွက်၊ နိုင်ငံ့အတွက်၊ ပြည်သူအတွက် အကျိုးပြုနိုင်တယ်ဆိုတဲ့အတွေးကို ကလေးတွေကို ပေးချင်ပါတယ်။ အချိန်တွေ အလကားမကုန်ဆုံးစေဘဲ လေ့လာပါ၊ သင်ယူပါ၊ မှတ်သားပါဆိုတဲ့ အတွေးအခေါ်ကိုလည်း ပေးချင်တယ်။

လူ့ဘဝမှာ ကျန်းမာရေးက အဓိကဖြစ်ပါတယ်။ ကျန်းမာရေးအတွက် အားကစားလုပ်ဖို့ လိုပါတယ်။ ကျန်းမာသန်စွမ်းနေမှ ကိုယ်လုပ်ချင်တာကို လုပ်လို့ရမယ်။ အသက်ရှည်ရှည်နေရမယ်။ ဒါကြောင့် ကျန်းမာဖို့လိုပါတယ်။ အခုပွဲတော်မှာ နိုင်ငံကျော် အနုပညာရှင်တွေနဲ့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက အနုပညာရှင်တွေလာပြီး ဖျော်ဖြေကြတဲ့အတွက် ကိုဗစ်ကာလတစ်လျှောက် ငြီးငွေ့နေတဲ့စိတ်တွေကို ပျော်စေချင်လို့ ဖျော်ဖြေရေးအစီအစဉ်ကို ထည့်သွင်းစီစဉ် ဆောင်ရွက်ပေးတာပါ။ ပွဲတော်ကို လာရောက်ကြတဲ့သူတွေဟာ ပျော်လည်းပျော်မယ်။ အသိပညာဗဟုသုတလည်းရမယ်။

ဘဝအတွက်အရေးကြီးပြီး သိသင့်သိထိုက်တာ၊ တန်ဖိုးရှိတာတွေကို သိရှိနိုင်အောင် ဒီပွဲကို ကျင်းပရခြင်းဖြစ်ပါတယ်။ လာကြည့်ကြတဲ့ သူတော်တော်များများက ပြခန်းတိုင်းကို စိတ်ဝင်စားကြတယ်။ ပညာရေးပြခန်းမှာလည်း စက်ပစ္စည်းကိရိယာတွေရှိတယ်။ သိပ္ပံနှင့် နည်းပညာပြခန်းကိုလည်း အများစိတ်ဝင်စားကြတယ်။ လေကြောင်း၊ ရေကြောင်းပြခန်းတွေကိုလည်း စိတ်ဝင်စားကြတယ်။ ပြခန်းတွေအားလုံးကို စည်စည်ကားကားနဲ့ ဝိုင်းဝန်းပြီး ကြည့်ရှုကြတာ တွေ့ပါတယ်။ အလားတူပဲ ဖျော်ဖြေတဲ့နေရာမှာလည်း အားပေးကြတာတွေ့ရပါတယ်။ စက်မှုနည်းပညာကျောင်းသားတွေနဲ့ ဆရာ ဆရာမတွေ တီထွင်ထားတဲ့ စက်ပစ္စည်းကိရိယာတွေကိုလည်း ပြသထားတယ်။

နည်းပညာတွေက အချိန်နဲ့အမျှ ပြောင်းလဲနေတာကို လာကြည့်တဲ့ ကျောင်းသား ကျောင်းသူတွေနဲ့ ပြည်သူလူထုတွေ သိရှိစေချင်တယ်။ သို့သော် ပြောင်းလဲလာတဲ့ နည်းပညာတွေကို ဘဝမှာ အကျိုးရှိအောင် သုံးတတ်ဖို့အတွက် အသိလေးကို ပေးဖို့လို ပါတယ်။ ဥပမာ ကွန်ပျူတာ၊ ဖုန်းတွေကို သုံးရင် သုံးတတ်သလို အကျိုးရှိတယ်ဆိုတဲ့ အသိလေးတွေလည်း ပေးချင်တယ်။ မကောင်းတာကိုပယ်ပြီး ကောင်းတာကို သုံးဖို့ လိုတယ်။

သိပ္ပံနှင့်နည်းပညာ ပြခန်းတွေမှာဆို တီထွင်ထားတာတွေ အများကြီးရှိတယ်။ ပြည်တွင်းမှာ ထုတ်လုပ်ပြီး နိုင်ငံခြားငွေ သက်သာတဲ့နည်းလမ်းနဲ့ လုပ်နိုင်တဲ့ တီထွင်မှုတွေလည်း တွေ့ရပါတယ်။ ဒါတွေဟာ အလွန်အင်မတန် ကောင်းပါတယ်။ ကလေးတွေကို အားကျစေချင်တယ်။ ငါတို့စာတတ်အောင် သင်ရမယ်။ ပညာတတ်အောင်သင်ရမယ်။ ဒီလိုတတ်မှသာ တီထွင်နိုင်မယ်။ ကောင်းကျိုးပြုနိုင်မယ်ဆိုတဲ့အတွေးကို ရောက်စေချင်ပါတယ်။ ဒါကြောင့် ပွဲကို လာရောက်လေ့လာသင့်ပါတယ်။ လူငယ်နှင့်စာပေပွဲတော်လို့ နာမည်တပ်ထားတာက လူငယ်တွေကို ဦးစားပေးချင်လို့ပါ။ တကယ်တော့ လူကြီးတွေလည်း လာလို့ရပါတယ်။ ပြည်သူလူထုအားလုံး လာစေချင်ပါတယ်။ ပွဲတော်ကို ကိုယ့်သားသမီးတွေကို ပြမယ်။ ပွဲတော်လာကြည့်ရှုရင်းနဲ့ ကိုယ့်သားသမီးကို အသိပညာတွေ သင်ပြညွှန်ကြားပေးနိုင်တာတွေ ရှိပါတယ်။ ဒီမှာစာအုပ်တွေ လာဝယ်ကြတာ ရှိပါတယ်။ တစ်နေ့တစ်နေ့ကို အတော်ရောင်းရတယ်။

ကလေးစာအုပ်တွေ၊ ဂန္ထဝင်စာအုပ်တွေ၊ စာပေဗိမာန်က ရောင်းတဲ့ စာအုပ်တွေ၊ ပုဂ္ဂလိကဆိုင်တွေက လာရောင်းတဲ့ စာအုပ်တွေလည်း ရှိပါတယ်။ လာရောက်ဝယ်ယူရင်းနဲ့ မိမိတို့ သားသမီးတွေကို အတွေ့အကြုံရှိအောင်ပြပါ။ သားသမီးတွေကို ကျောင်းစာတွေကိုပဲ မလုပ်စေဘဲ အပြင်ကိုထွက်ပြီး လေ့လာသင်ယူတတ်တဲ့ အလေ့အကျင့်မျိုးရအောင် လာရောက်ကြည့်ရှုသင့်ပါတယ်။ ဒီပွဲမှာ အများကြီးပညာတွေ ရပါတယ်လို့ ပြောလိုပါတယ်။

**ဦးဝင်းခိုင် (ကျောင်းအုပ်ကြီး အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်း)**

လူငယ်နှင့် စာပေပွဲတော် ဖြစ်တဲ့အတွက် ကျွန်တော်တို့ ကျောင်းက ကျောင်းသား ကျောင်းသူတွေ ၁၀၀၀ ကျော် လာရောက်လေ့လာနေပါတယ်။ ကျောင်းသား ကျောင်းသူတွေအနေနဲ့ ကိုဗစ်လှိုင်းတွေကြောင့် ကျောင်းတွေ နားထားရတဲ့အတွက် အခုလိုပွဲတော်ကြီး ကျင်းပပေးတဲ့အခါ လာရောက်လေ့လာပြီး ပျော်ရွှင်နေကြတာကို တွေ့ရပါတယ်။ ကလေးအများစုက ဖုန်းနဲ့ ဂိမ်းဆော့ပြီး အချိန်ကုန်နေကြတာ များပါတယ်။ ဒီနေ့ခေတ်မှာ ကျောင်းသားလူငယ်တွေ အားလုံးစာဖတ်ဖို့ ပိုမိုလိုလာပါပြီ။ သမိုင်းဝင်စာအုပ်စာပေတွေ၊ လေ့လာစရာပြခန်းတွေကအစ ပြခန်းအားလုံးကို လေ့လာကြည့်ရှုရင်းနဲ့ အသိပညာဗဟုသုတတွေ ရရှိမယ်လို့ ယုံကြည်ပါတယ်။ ကျောင်းသားလူငယ်တွေ ပြခန်းတွေကို ကြည့်ခြင်းအားဖြင့် ရရှိလာမည့် အသိပညာဗဟုသုတတွေကနေတစ်ဆင့် ကျောင်းအတွက်၊ နိုင်ငံ့အတွက်အကျိုးပြုစေမယ့် သားကောင်းရတနာများပေါ်ထွန်းလာဖို့ အခုလိုပွဲတော်ကြီးတွေကို နှစ်စဉ်နှစ်တိုင်း ကျင်းပပေးစေချင်ပါတယ်။

**မအင်ကြင်းဖူး (ပြပွဲသို့ လာရောက်လေ့လာသည့် ကျောင်းသူ)**

ကျွန်မတို့အနေနဲ့ ဒီပွဲတော်ကြီးမှာရှိတဲ့ ပြခန်းတွေကတစ်ဆင့် အသိပညာဗဟုသုတတွေ ရရှိစေနိုင်သလို နည်းပညာနဲ့ ပတ်သက်တဲ့ ပြခန်းတွေကလည်း အတတ်ပညာကို ဘယ်လိုလေ့လာအားထုတ်ရတယ်ဆိုတာကို မျက်မြင်ကိုယ်တွေ့ သိရှိရပါတယ်။ သိပ္ပံနဲ့နည်းပညာပြခန်းမှာဆိုရင် ကျောင်းမှာသင်နေရတဲ့ သင်ခန်းစာတွေနဲ့ ပတ်သက်တဲ့ပစ္စည်းတွေကို အပြင်မှာ မျက်မြင်တွေ့ရတဲ့အခါ ပိုပြီးစိတ်ဝင်စားဖို့ ကောင်းပါတယ်။ အခုလိုမြင်ရတော့ စာတွေ့နဲ့ လက်တွေ့ ဘယ်လိုကွာခြားတယ်၊ ဘယ်လိုအချက်တွေကို ကိုယ်ကထပ်ပြီး ဖြည့်ဆည်းရမယ်ဆိုတာ သိရှိသွားတယ်။ ဒီလိုသိမှ ကျွန်မတို့ ရည်မှန်းချက်တွေ အောင်မြင်နိုင်မှာ ဖြစ်ပါတယ်။ ကျွန်မက ဒီပွဲတော်ကို ပထမဆုံးအကြိမ် လာရောက်လေ့လာတာပါ။ ပွဲတော်ကို လာရောက်တဲ့အခါမှာ နေပြည်တော်အတွင်းမှာရှိတဲ့ ကျောင်းပေါင်းစုံက ကျောင်းသားကျောင်းသူတွေအားလုံး တစ်စုတစ်စည်းတည်းတွေ့ရတော့ ပိုပြီးပျော်စရာကောင်းပါတယ်။ ကျွန်မတို့ အနာဂတ်အတွက် ကြီးပွားတိုးတက်စေပြီး အသိပညာဗဟုသုတတွေများစွာရရှိနိုင်တဲ့ ဒီပွဲတော်ကို နှစ်စဉ်နှစ်တိုင်း ကျင်းပပေးစေချင်ပါတယ်။ လူငယ်နှင့်စာပေပွဲတော်ကြီးကို အခုလို ပါဝင်ဆင်နွှဲခွင့်ရအောင် စီစဉ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။

**ဒေါက်တာသန်းထိုက်စိုး (ပညာရေးဝန်ကြီးဌာန ပြခန်းတာဝန်ခံ)**

ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ရွှေ့နိုင်ပြောင်းနိုင်ဆိုတဲ့ ပြတိုက်နဲ့

*စာမျက်နှာ ၅ သို့*

ပေါင်းစုစွမ်းအား မြန်ပြည်တစ်လွှား အစဉ်ရှေးရှု ပြည်ထောင်စု။

# စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေပွဲတော် ဒုတိယနေ့ဆက်လက်ကျင်းပ ကျောင်းသား ကျောင်းသူများနှင့် လူငယ်များစိတ်ပါဝင်စားစွာဖြင့် လာရောက်လေ့လာ

**နေပြည်တော် ဇန်နဝါရီ ၃၀**

စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် လူငယ်နှင့်စာပေပွဲတော် ဒုတိယနေ့အဖြစ် ယနေ့နံနက် ၉ နာရီခွဲမှစ၍ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၌ ဆက်လက် ကျင်းပလျက်ရှိရာ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ ကျောင်းသားကျောင်းသူများ၊ လူငယ်များနှင့် ပြည်သူများ စိတ်ပါဝင်စားစွာဖြင့် လာရောက်လေ့လာ ကြည့်ရှုကြသည်။

ယနေ့တွင် သိပ္ပံနှင့်နည်းပညာပြခန်း၊ လေကြောင်းပညာရပ်ဆိုင်ရာ အသိပညာပေးပြခန်း၊ ရေကြောင်းပညာရပ်ဆိုင်ရာ အသိပညာပေးပြခန်းတို့တွင် နည်းပညာရပ်ဆိုင်ရာများ လေ့လာနိုင်မည့်အပြင် ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်များကိုယ်တိုင် အဆင့်မြင့်တိုက်လေယာဉ်၊ ရဟတ်ယာဉ်များ၊ သင်္ဘောများကို စမ်းသပ်မောင်းနှင်နိုင်မည့် simulator များ ထားရှိပေးထားသည့်အတွက် ယင်းပြခန်းများ၌ အထူးစည်ကားလျက်ရှိသည်။

ထို့ပြင် "မူးယစ်ဆေးဝါးကင်းစင်ဖို့ အသိပညာဖြန့်ဝေစို့" ဆောင်ပုဒ်ဖြင့် နေပြည်တော်ရဲတပ်ဖွဲ့မှ မှုခင်းပညာပေးပြခန်းယာဉ်ကို အသိပညာပေးပြသပေးထားပြီး ပြခန်းယာဉ်အတွင်း လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၏ ဆောင်ရွက်မှုမှတ်တမ်းများ၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၏ ဆောင်ရွက်မှုမှတ်တမ်းများ၊ နေပြည်တော်ရဲတပ်ဖွဲ့၏ ဆောင်ရွက်မှုမှတ်တမ်းများနှင့် ယာဉ်အန္တရာယ်ကင်းရှင်းဖို့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို လိုက်နာကြပါစို့ ခေါင်းစဉ်ဖြင့် အသိပညာပေး မှတ်တမ်းများကို ပြသထားရာ ကျောင်းသားကျောင်းသူများနှင့် လူငယ်များ စိတ်ပါဝင်စားစွာဖြင့် လေ့လာကြသည်။

လေကြောင်း ပညာရပ်ကို စိတ်ဝင်စားသည့် ကျောင်းသားကျောင်းသူများ၊ လူငယ်များအတွက် လေယာဉ်ငယ်ပျံသန်းခြင်း သရုပ်ပြကွင်းကို ထားရှိပေးထားပြီး တာဝန်ရှိသူများက လေယာဉ်ငယ်များ ပျံသန်းပုံအဆင့်ဆင့်ကို သရုပ်ပြ ပျံသန်းပြကြရာ အလေးထား လာရောက်လေ့လာ ကြည့်ရှုကြသည်ကို တွေ့မြင်ရသည်။

မြန်မာနိုင်ငံ လေကြောင်းဝါသနာရှင်များအသင်းမှ တာဝန်ရှိသူ ဦးအောင်ကျော်ငြိမ်းက "ပွဲတော်မှာ လေကြောင်းပညာရပ်နဲ့ ပတ်သက်ပြီး ပြသရတဲ့ ရည်ရွယ်ချက်က လေကြောင်းပညာဟာ ကမ္ဘာ့အနှံ့လူငယ်တွေလည်း တော်တော်စိတ်ဝင်စားကြပါတယ်။ မြန်မာနိုင်ငံမှာလည်း လူငယ်တွေကို လေကြောင်းပညာ စိတ်ဝင်စားလာစေဖို့နဲ့ ခေတ်ပေါ်နည်းပညာတွေ လေ့လာလိုက်စားပြီး အနာဂတ်နိုင်ငံတော်အတွက် လူ့စွမ်းအားအရင်းအမြစ်တွေပေါ်ထွန်းလာစေဖို့အတွက် ဖြစ်ပါတယ်။ နောက်ထပ်စိတ်ဝင်စားဖို့ကောင်းတာက လက်တွေ့ကဏ္ဍဖြစ်ပါတယ်။ ကိုယ်တိုင်ပျံသန်းမောင်းကာစမ်းဆိုပြီး ပြကွက်အနေနဲ့ ပြသထားပါတယ်။ ကျောင်းသား ကျောင်းသူ လူငယ်တွေ လေယာဉ်အတုအနေနဲ့ စမ်းသပ်မောင်းနှင်နိုင်ပါတယ်။ လေယာဉ်တုကို မောင်းနှင်ခြင်းဖြင့် လေကြောင်းနဲ့ ပတ်သက်ပြီး ဗဟုသုတတွေရမယ့်အပြင် ကျွမ်းကျင်မှုအတွက် အထောက်



အကူအများကြီး ဖြစ်စေနိုင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ တိုင်းပြည်မှာ လေကြောင်းပညာရပ်နဲ့ ပတ်သက်ပြီး တဖြည်းဖြည်း လူသိများလာပြီး ခေတ်စားလာတယ်။ ဒါကြောင့် ဒီပြခန်းလေးမှာ လာပြီး လေ့လာကြပါလို့ ဖိတ်ခေါ်ချင်ပါတယ်" ဟု ပြောသည်။

ထို့ပြင် အသိပညာဗဟုသုတနှင့် အားကစားဆိုင်ရာ ပြခန်းများဖြစ်သော စာအုပ်စာစောင်များနှင့် စာပေပညာရှင်ကြီးများ၏ အတ္ထုပ္ပတ္တိပြခန်း၊ သမိုင်းဝင်စာချုပ်၊ စာတမ်းများနှင့် မှတ်တမ်းမှတ်ရာများ ပြခန်း၊ ပန်းချီ၊ အနုပညာပြခန်း၊ ကိုဗစ် - ၁၉ ကပ်ရောဂါဆိုင်ရာ အသိပညာပေးပြခန်းနှင့် အားကစားလှုပ်ရှားဆောင်ရွက်မှုပြခန်းတို့တွင်လည်း ကျောင်းသား ကျောင်းသူများ၊ လူငယ်များဖြင့် စည်ကားလျက်ရှိသည်။

မွန်းလွဲပိုင်းတွင် ဝဏ္ဏသိဒ္ဓိ အားကစားရုံ (B) ရုံ၌ (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် မြန်မာ့လက်ရွေးစင် အားကစားသမားများ၏ သရုပ်ပြလေ့ကျင့်ပြသမှုကို ထည့်သွင်းပြသခဲ့ရာ ကျောင်းသား ကျောင်းသူများ စိတ်အားထက်သန်စွာဖြင့် လာရောက်ကြည့်ရှုခဲ့ကြသည်။

ပွဲတော်အတွင်း ဆေးရောင်ခြယ်ပြိုင်ပွဲ၊ အိမ်ဆောက်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲနှင့် စကားပုံဆက်ပြိုင်ပွဲများကိုလည်း စီစဉ်ပေးထားရာ ကျောင်းသား ကျောင်းသူများ၊ လူငယ်များအပြင် ဆရာ ဆရာမများ၊ စိတ်ပါဝင်စားသည့် ပြည်သူများလည်း တစ်ခဲနက် ပါဝင်ဆင်နွှဲနေကြသည်ကို ပျော်ရွှင်ဖွယ်ရာ တွေ့မြင်ရသည့်အပြင် ဖျော်ဖြေရေးအစီအစဉ်များအဖြစ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၊ ကျောင်းသားကျောင်းသူများ၏ ဖျော်ဖြေမှုများကြောင့်လည်း ပွဲတော်ကြီးကိုပို၍ အသက်ဝင်စေခဲ့သည်။

ယခုအချိန်အခါသည် ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားနေသည့် ကာလဖြစ်ခြင်းကြောင့် ပွဲတော်သို့ လာရောက်ကြသူများကိုလည်း ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားထားသည့် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများနှင့်အညီ စစ်ဆေးဆောင်ရွက်ပေးပြီးမှသာ ပွဲတော်အတွင်းသို့ ဝင်ရောက်ခွင့်ပြုသည့်အပြင် တစ်စုံတစ်ရာ ကျန်းမာရေးချို့ယွင်းမှု ဖြစ်ပေါ်ပါကလည်း အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်များကို ထည့်သွင်းထားကာ ပွဲတော်ဧရိယာအတွင်း၌ ကိုဗစ် - ၁၉ ကပ်ရောဂါ အသိပညာပေး ဆိုင်းဘုတ်များ၊ ဗီနိုင်းများကိုလည်း နေရာအနှံ့ ချိတ်ဆွဲဖော်ပြပေးထားသည်။

ထို့ကြောင့် ကျောင်းသား ကျောင်းသူများ၊ လူငယ်များ၏ ဉာဏ်ရည်ဉာဏ်သွေးနှင့် အတွေးအခေါ်အယူအဆများ ထက်မြက်လာစေရန်၊ ပွဲတော်၌ ပျော်ရွှင်စွာဆင်နွှဲရင်း စုပေါင်းအလုပ်များတွင် ဝိုင်းဝန်းပါဝင်တတ်သည့် အလေ့အထကောင်းများ ရရှိလာစေရန်၊ လူငယ်များ၏ တီထွင်ဖန်တီးလိုစိတ် ရင့်သန်လာစေရန်နှင့် စာပေဖတ်ရှုလေ့လာလိုစိတ် မြင့်မားလာစေရန်၊ အသိပညာ၊ အတတ်ပညာနှင့် ကျင့်ဝတ်တန်ဖိုး အပါအဝင် ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂဗလငါးတန် မြှင့်တင်ပေးနိုင်ရန်နှင့် အနာဂတ် လူ့ဘောင်အဖွဲ့အစည်းအား ၎င်းတို့၏ အတွေးအမြင်ကောင်းများဖြင့် တည်ဆောက်အကောင်အထည်ဖော်နိုင်ရန် ရည်ရွယ်ချက်ကောင်းများဖြင့် ကျင်းပပေးနေသည့် လူငယ်နှင့် စာပေပွဲတော်ကြီးကို နံနက် ၉ နာရီခွဲမှ ညနေ ၅ နာရီအထိ ကျင်းပပေးလျက်ရှိရာ အားလုံးပါဝင်ဆင်နွှဲနိုင်ပါကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။

**သတင်း- မျိုးဆက်သစ်**
**ဓာတ်ပုံ- ကိုကိုအေး**

---

*စာမျက်နှာ ၄ မှ*

လိပ်ပြာပြခန်းကို အဓိကထား ပြသသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ အပူပိုင်းမုတ်သုံရာသီဥတုရှိပါတယ်။ နေရောင်ခြည်ကြွယ်ဝပါတယ်။ လိပ်ပြာတွေဟာ နေရောင်ခြည်ကို ကြိုက်နှစ်သက်တဲ့ အင်းဆက်တွေဖြစ်ပါတယ်။ လိပ်ပြာတွေ များများရှိတဲ့ ပတ်ဝန်းကျင်ဟာ သန့်ရှင်းပါတယ်။ လိပ်ပြာဆိုတာ ပတ်ဝန်းကျင်ရဲ့ ဂုဏ်သိက္ခာ၊ ပတ်ဝန်းကျင် စံပေတံ၊ ပတ်ဝန်းကျင် သန့်ရှင်းစင်ကြယ်မှုတွေလို့ ပြောလို့ရပါတယ်။ ပွင့်ခြားဝတ်မှုန်တွေ ကူးတဲ့အခါမှာ လိပ်ပြာတွေဟာ မရှိမဖြစ် အရေးကြီးပါတယ်။

ပြင်ဦးလွင် ကန်တော်ကြီးဥယျာဉ်မှာ လိပ်ပြာပြတိုက်ရှိပါတယ်။ အခြားနိုင်ငံတွေမှာ လိပ်ပြာဥယျာဉ်တွေ ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံမှာတော့ ခုထိတော့ မရှိသေးဘူး။ ဒါကိုလုပ်နိုင်ရင်တော့ Eco Tourism ခရီးသွားလုပ်ငန်းတွေမှာ ဆွဲဆောင်မှုရှိလာမယ်၊ အမှတ်တရပစ္စည်းတွေ ရောင်းချလို့ ရလာမယ့်အတွက် လိပ်ပြာဥယျာဉ် ကျွန်တော်နိုင်ငံမှာ ပေါ်ထွန်းလာဖို့အတွက် ဒီလိုလာရောက်ပြသပေးခြင်းဖြစ်ပါတယ်။ လိပ်ပြာတွေကို လေ့လာခြင်းအားဖြင့် ကလေးတွေဟာ သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးလာမယ်ဆိုတဲ့ ရည်ရွယ်ချက်လည်း ပါဝင်ပါတယ်။ နေပြည်တော်နဲ့ အနီးတစ်ဝိုက်မှာရှိတဲ့ ကျောင်းသား ကျောင်းသူတွေ၊ တက္ကသိုလ် ကျောင်းသား ကျောင်းသူတွေနဲ့ မြန်မာပြည်အရပ်ရပ်က လူငယ်တွေ အနေနဲ့ လူငယ်နှင့်စာပေပွဲတော်ကို လာရောက်မယ်ဆိုရင် အသိပညာအတတ်ပညာတွေ အများကြီးရမှာ ဖြစ်ပါတယ်။

**မောင်ထက်လျှံရဲရင့် (ပွဲတော်သို့ လာရောက်လေ့လာသည့် ကျောင်းသား)**

ဒီပွဲတော်ကို ဖေဖေနဲ့ မေမေက လိုက်ပို့တာပါ။ ပွဲတော်မှာ လေယာဉ်တွေနဲ့ သင်္ဘောတွေကို ဂိမ်းကစားရသလို ကိုယ်တိုင်မောင်းရတဲ့အတွက် သားပျော်ပါတယ်။ နောက်ပြီး သူငယ်ချင်းတွေနဲ့ ဆေးရောင်ခြယ်၊ အရုပ်ဆက်၊ အိမ်ဆောက်ကစားနည်းတွေကို ကစားခွင့်ရတဲ့အပြင် ပြခန်းက မမတွေကလည်း လက်ဆောင်တွေ ပေးပါတယ်။ မေမေက သားကြိုက်တဲ့ ပုံပြင်စာအုပ်တွေ အများကြီးဝယ်ပေးတဲ့အပြင် ဖေဖေက ပြခန်းတွေနဲ့ ပတ်သက်ပြီး သားသိချင်တာတွေကို လိုက်ရှင်းပြပေးပါတယ်။ လေယာဉ်ပျံသရုပ်ပြကွင်းမှာလည်း လေယာဉ်တွေကို မောင်းနှင်ပြသပေးတာကို ကြည့်ရတော့ သားကြီးလာရင် လေယာဉ်မောင်းတဲ့သူ ဖြစ်ချင်ပါတယ်။ လေယာဉ်မောင်းနည်းပြပေးတဲ့ ဦးဦးက တကယ့်လေယာဉ်အစစ်လည်း ဒီအတိုင်းပဲ မောင်းရတာလို့ ပြောပါတယ်။ အိမ်မှာ ကျောင်းပိတ်ရက်ဆို အဖေဝယ်ပေးထားတဲ့ လေယာဉ်တွေနဲ့ ကစားပါတယ်။ ဒီပွဲကို လာရလို့ သားအလွန်ပျော်ပါတယ်။

တွေ့ဆုံမေးမြန်း- မျိုးဆက်သစ်
ဓာတ်ပုံ - ကိုကိုအေး

---

**ညီညွတ်ခြင်းသည်အင်အား တိုင်းရင်းသားများ လက်တွဲထား ပြည်ထောင်စု၏ ပြည့်ခွန်အား။**

# မြန်မာနိုင်ငံ ပြည်တွင်းအာဏာရရှိရေးကြိုးပမ်းမှုနှင့် ပထဝီနိုင်ငံရေးအခြေအနေ

**လေ့လာသူတစ်ဦး**

**မြန်မာနိုင်ငံ၏ ပြည်တွင်းနိုင်ငံရေး ရှုပ်ထွေးမှု၊ ပထဝီနိုင်ငံရေးအခြေအနေတို့နှင့် ပတ်သက်၍ Felix Haas ရေးသားသည့် "Myanmar–Internal Power Struggles and Geopolitics" အမည်ရှိ သုတေသန စာတမ်းအား အလွတ်သဘော ဘာသာပြန်ဆိုချက်ကို ဖော်ပြအပ်ပါသည်။ စာတည်း**

*ယမန်နေ့မှအဆက်*

၂၀၀၈ ခုနှစ်တွင် စွန့်စားရနိုင်ခြေများစွာရှိသည့်အကြားမှပင် မြန်မာနိုင်ငံ၌ ကြီးမားကျယ်ပြန့်သည့် အခြေခံဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုနှင့်အတူ ဒီမိုကရေစီစနစ်စတင်ရန် ထိုစဉ်က မြန်မာအစိုးရက ဆုံးဖြတ်ခဲ့သည်။ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုက မည်သို့သော အကျိုးရလဒ်ကို သယ်ဆောင်ပေးခဲ့သနည်း။ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကြောင့် ၂၀၁၆ ခုနှစ် ဧပြီလတွင် NLD ပါတီ အာဏာရရှိခဲ့သည်။ ရွေးကောက်ပွဲရလဒ်များက NLD ပါတီကို အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးအာဏာများအား ထိန်းချုပ်ခွင့် ရရှိစေခဲ့သည်။ NLD ပါတီအနေဖြင့် ၎င်းဆောင်ရွက်လိုသည့် ကိစ္စရပ်များကို လွတ်လပ်စွာ ဆောင်ရွက်နိုင်မည့် အခွင့်အရေးရရှိခဲ့ခြင်းပင်ဖြစ်သည်။ လူထု၏ ယုံကြည်မှုကိုလည်း အပြည့်အဝ ရရှိထားသည်ဖြစ်လေရာ မြန်မာ့ဒီမိုကရေစီနှင့် စပ်လျဉ်းပြီး ပါတီ၏ မျှော်မှန်းချက်ကို စိတ်ကူးပုံဖော်နိုင်ခွင့် ရခဲ့သည်။

**အပြောင်းအလဲတစ်ရပ်ဖြစ်ပေါ်လာရန် စောင့်စားခဲ့**

ဦးစွာပထမ အံ့သြဖွယ်ဖြစ်စေသည်မှာ NLD ပါတီအနေဖြင့် ၎င်း၏ အစိုးရသက်တမ်း ပထမနှစ်နှစ်အတွင်း သင့်လျော်သော ဖွံ့ဖြိုးမှုမူဝါဒ တစ်စုံတစ်ရာ ဖန်တီးအကောင်အထည်ဖော်ရန် တွန့်ဆုတ်ခဲ့ဟန်ရှိခြင်းပင်ဖြစ်သည်။ NLD အစိုးရလက်ထက်တွင် ယင်း၏မူဝါဒများနှင့် စပ်လျဉ်းပြီး အများပြည်သူသို့ ထုတ်ပြန်ခဲ့သည်မှာ အချက် ၁၂ ချက်ပါသော စီးပွားရေးမူဝါဒ တစ်ခုတည်းသာ ရှိသည်။ NLD ပါတီနှင့် ဒေါ်အောင်ဆန်းစုကြည်က မည်သည့်ကိစ္စရပ်များအား အောင်မြင်မှုရအောင် ဆောင်ရွက်လိုသနည်းဟူသည်ကို တိတိပပသိနိုင်ရန် ခဲယဉ်းခဲ့သည်။ NLD ပါတီ၏ ဦးစားပေးကိစ္စရပ်များတွင် မလွဲမသွေ ပါဝင်နိုင်ခဲ့သည်မှာ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနှင့် ပညာရေးတို့ဖြစ်သည်။ NLD ပါတီအနေဖြင့် ၎င်း၏ ဦးစားပေးကဏ္ဍများကို မည်သို့သောမူဝါဒများအား အသုံးပြုကာ အကောင်အထည်ဖော်သွားမည်နည်းဟူသည်မှာလည်း မရေမရာရှိခဲ့လေသည်။ မြန်မာပြည်သူများသည် အပြုသဘောဆောင်သော အပြောင်းအလဲတစ်ရပ် ဖြစ်ပေါ်လာရန် စိတ်ရှည်သည်းခံစွာ စောင့်စားခဲ့ကြသည်။

နိုင်ငံရေးပြုပြင်ပြောင်းလဲမှု အရှိန်အဟုန်သည် ၂၀၁၈ ခုနှစ်နောက်ပိုင်းမှစ၍ ပိုမိုအားကောင်းလာခဲ့သည်။ NLD ပါတီ၏ ပြုပြင်ပြောင်းလဲရေး အစီအစဉ်များသည် တစ်ကြိမ်တစ်ခါမျှ ခြေချဖူးခြင်းမရှိသည့် နယ်မြေစိမ်းသို့ ချင်းနင်းဝင်ရောက်ခဲ့သည်။ NLD ပါတီသည် မြန်မာနိုင်ငံ၌ စီးပွားရေးအရ အခွင့်ထူးခံများ အလွန်အမင်း ကြီးထွားလာသည်ဟူ၍ ရှုမြင်ပြီး ယင်းပြဿနာအား ဖြေရှင်းနိုင်ရန်နှင့် စီးပွားရေးအား ဖြေလျှော့မှုပြုရန် တပ်မတော်၏ဩဇာကို ထိန်းချုပ်နိုင်မည့် နည်းလမ်းကို ရှာဖွေလျက်ရှိသည်ဟူသည်မှာ ထင်ရှားလာခဲ့သည်။

မြန်မာနိုင်ငံ၏ ပုဂ္ဂလိကကဏ္ဍသည် ၁၉၉၀ ခုနှစ်အစောပိုင်းကာလများကတည်းက နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများနှင့်သော်လည်းကောင်း၊ တပ်မတော်ပိုင် စီးပွားရေးလုပ်ငန်းစုကြီးနှစ်ခုနှင့်သော်လည်းကောင်း ပူးပေါင်းဆောင်ရွက်မှုအပေါ် ကြီးမားစွာ အခြေပြုပြီး ထွန်းကားခဲ့ခြင်းဖြစ်သည်။ အစောပိုင်းကာလများ၌မူ ပုဂ္ဂလိကကဏ္ဍဆိုင်ရာ အခွင့်အလမ်းများသည် အစိုးရ၏ အကူအညီများ (ဥပမာ–ခွင့်ပြုမိန့်များ၊ ငှားရမ်းခွင့်များ) အပေါ် လုံးလုံးလျားလျား အမှီပြုခဲ့သည်။ NLD အစိုးရ၏ မျှော်မှန်းချက်မှာ ပွင့်လင်းမြင်သာမှု ရှိစေခြင်း၊ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အရေးယူဆောင်ရွက်မှုများပြုခြင်းနှင့် ပြည်ပယှဉ်ပြိုင်မှုနှင့် မိတ်ဆက်ပေးခြင်းတို့မှတစ်ဆင့် ပုဂ္ဂလိကကဏ္ဍအား သန့်စင်ရှင်းလင်းသွားစေရန်ဖြစ်သည်။ ထိုမျှော်မှန်းချက်ကို ပြည်တွင်းစီးပွားရေး အသိုက်အဝန်းများက လိုလားမှုရှိခဲ့ဟန် မတူပေ။ ယခင်ကတည်းက တပ်မတော်နှင့်ပတ်သက်ဆက်နွှယ်မှု ရှိခဲ့ကြသော ပြည်တွင်းစီးပွားရေးလုပ်ငန်းစုကြီးများ ဥပမာ–အမေရိကန်၏ အထူးပိတ်ဆို့အရေးယူမှုခံရသော လူပုဂ္ဂိုလ်အသိုက်အဝန်းကမူ အဆိုပါပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ချက်များကို ၎င်းတို့၏ စီးပွားရေးအကျိုးစီးပွားများအတွက် ခြိမ်းခြောက်မှုအဖြစ် မှတ်ယူခဲ့ကြပေလိမ့်မည်။

ဆန့်ကျင်ကန့်ကွက်မှုများစွာ ရှိခဲ့သော်လည်း NLD ကမူ ၎င်း၏ စီးပွားရေးဖြေလျှော့မှု မူဝါဒအစီအစဉ်ကို များမကြာမီမှာပင် အကောင်အထည်ဖော်ခဲ့သည်။ ထိုအစီအစဉ်သည် အထူးသဖြင့် ဘဏ်လုပ်ငန်းမှသည် အာမခံလုပ်ငန်းအထိ ဝန်ဆောင်မှုကဏ္ဍများ၌ နိုင်ငံခြားလုပ်ငန်းများ၏ အကျိုးစီးပွားအား ရှေ့တန်းတင် ဦးစားပေးခဲ့သည်ကို တွေ့ရှိခဲ့ရသည်။ ထို့အပြင် ယင်းလုပ်ငန်းကဏ္ဍများ၌ နိုင်ငံတကာမှပါဝင်လာစေရန် တင်ဒါများခေါ်ယူခြင်း၊ ဥပဒေနှင့် နည်းဥပဒေများ ပြုပြင်ပြောင်းလဲခြင်းတို့ကိုပါ ဆောင်ရွက်ခဲ့သည်။ NLD ၏ မူဝါဒများကို နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF)၊ ကမ္ဘာ့ဘဏ်အုပ်စုနှင့် USAID အဖွဲ့တို့က ကြိုးဆွဲပုံဖော်ခဲ့သည်။ ယင်းအဖွဲ့များသည် အမေရိကန်၏ သဘောထားအတိုင်း လှုပ်ရှားရသော နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည်။ မြန်မာနိုင်ငံ၏ ဥပဒေ၊ နည်းဥပဒေနှင့် မူဝါဒများကို မြန်မာအစိုးရက ရေးဆွဲရမည့်အစား ယင်းအဖွဲ့များက ဦးဆောင်ရေးဆွဲခဲ့ကြသည်။ ပြုပြင်ပြောင်းလဲရေးများကို အနောက်နိုင်ငံသားအကြံပေးများက ဦးဆောင်ခဲ့ကြသည်ဖြစ်ရာ ယင်းတို့သည် ပြည်တွင်းအကျိုးစီးပွားကို ထိခိုက်စေပြီး အနောက်နိုင်ငံများအတွက်သာ အကျိုးရှိစေခဲ့သည်။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တာဝန်ရှိသူများနေရာတွင် လူစားထိုး ပြောင်းလဲမှုများဆောင်ရွက်ခဲ့ရာ ၎င်းတို့နှင့် ဆက်နွှယ်သော အခြားအစိုးရ တာဝန်ရှိသူများသည်လည်း ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများမှ နုတ်ထွက်ခဲ့ကြသည်။ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးဦးသောင်းထွန်း၊ ဗဟိုဘဏ်ဒုဥက္ကဋ္ဌ ဦးဘိုဘိုငယ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်တို့သည် အနောက်ဗဟိုပြု ပြုပြင်ပြောင်းလဲရေးအား လိုလားသူများအဖြစ် သတ်မှတ်ခံခဲ့ရသည်။ မြန်မာနိုင်ငံ၏ "အနောက်မျှော်" မူဝါဒကြောင့် ပေးဆပ်လိုက်ရသည့်တန်ဖိုးမှာ ဘဏ္ဍာရေးအရ ခြိုးခြံချွေတာလွန်းခြင်း၊ နိုင်ငံ့စီးပွားရေးအား တမင်ရည်ရွယ်၍ ကျုံ့သွားစေခြင်းနှင့် အနာဂတ်တွင် ဘဏ္ဍာရေးအကျပ်အတည်းဖြစ်လာနိုင်ခြင်းတို့ပင်ဖြစ်သည်။

> **"နိုင်ငံရေးပြုပြင်ပြောင်းလဲမှု အရှိန်အဟုန်သည် ၂၀၁၈ ခုနှစ်နောက်ပိုင်းမှစ၍ ပိုမိုအားကောင်းလာခဲ့သည်။ NLD ပါတီ၏ ပြုပြင်ပြောင်းလဲရေး အစီအစဉ်များသည် တစ်ကြိမ်တစ်ခါမျှ ခြေချဖူးခြင်းမရှိသည့် နယ်မြေစိမ်းသို့ ချင်းနင်းဝင်ရောက်ခဲ့သည်။ NLD ပါတီသည် မြန်မာနိုင်ငံ၌ စီးပွားရေးအရ အခွင့်ထူးခံများ အလွန်အမင်း ကြီးထွားလာသည်ဟူ၍ ရှုမြင်ပြီး ယင်းပြဿနာအား ဖြေရှင်းနိုင်ရန်နှင့် စီးပွားရေးအား ဖြေလျှော့မှုပြုရန် တပ်မတော်၏ဩဇာကို ထိန်းချုပ်နိုင်မည့်နည်းလမ်းကို ရှာဖွေလျက်ရှိသည်ဟူသည်မှာ ထင်ရှားလာခဲ့"**

**ဘဏ္ဍာရေးကဏ္ဍအတွက် ဝန်ထုပ်ဝန်ပိုး**

NLD လက်ထက် စီးပွားရေးပြုပြင်ပြောင်းလဲမှုများ၏ ရလဒ်မှာ ဦးသိန်းစိန်အစိုးရလက်ထက် ၂၀၁၃ ခုနှစ်က အမြင့်ဆုံး ၈ ဒသမ ၄ ရာခိုင်နှုန်းအထိ ရှိခဲ့သော မြန်မာနိုင်ငံ၏ ဂျီဒီပီဖွံ့ဖြိုးမှုနှုန်းသည် NLD အစိုးရလက်ထက်၌မူ ၆ ဒသမ ၅ ရာခိုင်နှုန်းမျှသာ ကျန်ရှိတော့ခြင်းဖြစ်သည်။ ယင်းပမာဏသည် ကိုဗစ် – ၁၉ ကပ်ရောဂါ မဖြစ်ပွားခင်ကာလက ပမာဏဖြစ်သည်။ ၂၀၁၉ ခုနှစ်က မြန်မာကျပ်ငွေ တန်ဖိုး သိသိသာသာ ကျဆင်းခဲ့သဖြင့် သွင်းကုန်အဓိကထားရသော မြန်မာနိုင်ငံ၏ စားသောက်ကုန်နှင့် လူသုံးကုန်စည် ဈေးနှုန်းမှာလည်း တစ်ဟုန်ထိုး မြင့်တက်သွားခဲ့လေသည်။ ကုန်ဈေးနှုန်းများ မြင့်တက်မှုကြောင့် ပြည်တွင်းမှ အသေးစား စီးပွားရေးလုပ်ငန်းများသည် ပြည်ပမှ ဝင်ရောက်လာသော လုပ်ငန်းများနှင့် ယှဉ်ပြိုင်နိုင်ခြင်းမရှိခဲ့ပေ။ ပြည်တွင်းမှ အသေးစား စီးပွားရေးလုပ်ငန်းများစွာသည် လုပ်ငန်းလည်ပတ်မှုအတွက် ချေးငွေကိုသာ အဓိကထားမှီခိုခဲ့ရသည်။ သို့သော်လည်း ပြန်လည်ပေးဆပ်နိုင်ခြင်းမရှိသဖြင့် ပြည်တွင်းကုန်သွယ်ရေးဘဏ်များက ချေးငွေပေးဆပ်မှုသက်တမ်းကို အကြိမ်ကြိမ် သက်တမ်းတိုးပေးခဲ့ရသည်။ ဤသို့ အချိန်မီ ပြန်လည်ပေးဆပ်နိုင်ခြင်းမရှိသော ချေးငွေများ စုပုံများပြားလာခြင်းက NLD လက်ထက် မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးကဏ္ဍအတွက် ဝန်ထုပ်ဝန်ပိုးတစ်ခု ဖြစ်လာခဲ့သည်။

၂၀၁၆–၂၀၁၇ ဘဏ္ဍာနှစ်က မြန်မာနိုင်ငံ၏ ရသုံးမှန်းခြေငွေစာရင်း လိုငွေပြမှုသည် ၃ ဒသမ ၉ ထရီလီယံသာရှိခဲ့သော်လည်း ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်တွင်မူ မြန်မာကျပ်ငွေ ၇ ထရီလီယံအထိရှိခဲ့ပြီး ယင်းမှာ ပြီးခဲ့သည့် ဆယ်နှစ်အတွင်း အမြင့်ဆုံးပမာဏဖြစ်ခဲ့သည်။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန (DICA) ၏ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလအထိ အချက်အလက်များအရ မြန်မာနိုင်ငံ၌ မှတ်ပုံတင်ထားသော ကုမ္ပဏီအရေအတွက် ၈၃၀၂၄ ခု ရှိသည့်အနက် နှစ်စဉ်အစီရင်ခံစာ (annual return) တင်ပြရန် နောက်ကျမှုကြောင့် ရပ်ဆိုင်းခံရသော ကုမ္ပဏီ ၁၆၃၁၉ ခု ရှိခဲ့ပြီး ကုမ္ပဏီမှတ်ပုံတင်ခြင်းအား ဖျက်သိမ်းရန် လျှောက်ထားသော ကုမ္ပဏီ ၃၆၁ ခု ရှိခဲ့သည်။ NLD အစိုးရသက်တမ်းနောက်ဆုံးကာလ၌ ကိုဗစ် – ၁၉ နှင့် ဆက်စပ်သော သက်ရောက်မှုကြောင့် နိုင်ငံ့စီးပွားရေးနှင့် စီးပွားရေးလုပ်ငန်းများ၏ အလားအလာတို့တွင် စိန်ခေါ်မှုများနှင့် ဆိုးရွားစွာ ရင်ဆိုင်ခဲ့ရသည်။

အနောက်နိုင်ငံရေးသမားများသည် မြန်မာနိုင်ငံအပေါ် အာဏာရှင်နိုင်ငံအဖြစ် သမုတ်ကာ စီးပွားရေးအရ ပိတ်ဆို့အရေးယူမှုများ နှစ်ပေါင်းများစွာ ချမှတ်ခဲ့ကြသည်။ မြန်မာနိုင်ငံ၌ ပြုပြင်ပြောင်းလဲရေးနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းများ စတင်ထွက်ပေါ်လာသည့်အခါ ၎င်းတို့၏ စီးပွားရေးအရ တင်းမာသော သဘောထားနှင့် ရပ်တည်မှုက မြန်မာနိုင်ငံ၏ တပ်မတော်ခေါင်းဆောင်များကို ဒူးထောက်စေခဲ့ပြီး ဒီမိုကရေစီအောင်ပွဲကို ဖန်တီးပေးခဲ့ခြင်းဖြစ်သည်ဟု အနောက်နိုင်ငံရေးသမားများက ယုံကြည်ခဲ့ကြဟန်တူသည်။ သို့ရာတွင် မြန်မာနိုင်ငံ၏ တံခါးဖွင့်မှုအား မည်သည့်အရှိန်အဟုန်ဖြင့် ဖွင့်မည်၊ မည်သည့် အတိုင်းအတာအထိ ဖွင့်မည်ဟူသည်နှင့် စပ်လျဉ်းပြီး တပ်မတော်က အမြဲထိန်းချုပ် ထားခဲ့သည်ဟူသည်ကိုမူ ပြည်ပနိုင်ငံများနှင့် အဖွဲ့အစည်းများက နားလည်ခဲ့ခြင်းမရှိပေ။

မြန်မာနိုင်ငံသည် ဘက်မလိုက်လှုပ်ရှားမှု၏ အစောဆုံးအဖွဲ့ဝင်နိုင်ငံဖြစ်လေရာ တပ်မတော်အနေဖြင့် ပြည်တွင်းရေးအခြေအနေ ဖြစ်ပေါ်ပြောင်းလဲမှုများကြောင့် ပေါ်ပေါက်လာမည့် နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ အကျိုးဆက်များအပေါ် သတိကြီးစွာ အာရုံစိုက်လိမ့်မည်မှာ အသေအချာပင်ဖြစ်သည်။ အမေရိကန်သမ္မတဟောင်း ထရမ့်နှင့် တရုတ်အကြား ထိပ်တိုက်တွေ့ရာမှ ဖြစ်ပေါ်လာသည့် ကုန်သွယ်ရေးစစ်ပွဲနှင့် လွတ်လပ်ပွင့်လင်းသော အင်ဒို–ပစိဖိတ် (Free and Open Indo–Pacific) မျှော်မှန်းချက်အား အကောင်အထည်ဖော်ရေးအတွက် အရှိန်အဟုန်မြှင့်လာသော အမေရိကန်၏ ထိတွေ့ချဉ်းကပ်မှုတို့က အရှေ့တောင်အာရှနိုင်ငံများကို အမေရိကန်နှင့်တရုတ် နှစ်နိုင်ငံအနက် တစ်နိုင်ငံဘက်မှ ရပ်တည်ရန် ဖိအားပေးခဲ့သည်။

*စာမျက်နှာ ၇ သို့*

> **❍ အိမ်စောင့်အစိုးရလက်ထက်တွင် မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံရေးထက် ဒေသတွင်း နိုင်ငံရေးများနှင့် လက်တွေ့ကျသော စီးပွားရေးနှင့်နိုင်ငံရေး ဆက်ဆံမှုများကို ပိုမိုအာရုံစိုက်လာဖွယ်ရှိသည်။ မြန်မာနိုင်ငံတွင်း အခြေအနေနှင့် မသက်ဆိုင်ဘဲ ရုရှား၊ တရုတ်၊ အိန္ဒိယနှင့် အိမ်နီးချင်း အာဆီယံနိုင်ငံများနှင့် လာမည့်နှစ်များတွင် စီးပွားရေးဆက်သွယ် ဆောင်ရွက်မှုများ ဆက်လက်တိုးတက်လာလိမ့်မည်ဖြစ်သည်**

*စာမျက်နှာ ၆ မှ*

### ပထဝီနိုင်ငံရေးအားပြိုင်ပွဲများ

အဆိုပါ ပထဝီနိုင်ငံရေးအားပြိုင်ပွဲများသည် အာရှ၏ လမ်းဆုံလမ်းခွတွင် တည်ရှိနေသော မြန်မာနိုင်ငံအတွက် စိန်ခေါ်မှုဖြစ်လာခဲ့သည်။ ထိုသို့သော ခေတ်ကာလအခြေအနေတွင် ဆောင်ရွက်ခဲ့သည့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုနှင့် စီးပွားရေးဖြေလျှော့မှုသည် မည်သို့သော အကျိုးသက်ရောက်မှုမျိုးကို ဖြစ်စေနိုင်သနည်း။ သုံးနှစ်ကြာ ရှေ့မတိုးနောက်မဆုတ်ဖြစ်နေခဲ့သော မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ရခိုင်ပြည်နယ်ရှိ တိုက်ပွဲများမှ မည်သို့သော အန္တရာယ်များ ထွက်ပေါ်လာနိုင်သနည်း။ တပ်မတော်အား အင်စတီကျူးရှင်းအရ အားနည်းစေခြင်းနှင့် ကိုဗစ်-၁၉ ရိုက်ခတ်မှုဒဏ်ခံ မြန်မာ့စီးပွားရေးအား တစ်ကျော့ပြန်မွမ်းမံခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များက မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုကို အနှောင့်အယှက်ဖြစ်စေမည်လော။ အဆိုးဆုံးဖြစ်နိုင်ခြေအရ နိုင်ငံအစိတ်စိတ်အမြွှာမြွှာ ပြိုကွဲမှု (balkanization) အထိ ဦးတည်သွားနိုင်ပါသလော။

ဒေသတွင်းပထဝီနိုင်ငံရေးအားပြိုင်မှု ဖြစ်ပွားနေသည့် လက်ရှိအချိန်တွင် နိုင်ငံအတွင်းမှ အက်ကြောင်းများ ဖြစ်ပေါ်လာခြင်းသည် မြန်မာနိုင်ငံအား အားနည်းစေလိုသည့် ပြင်ပနိုင်ငံများနှင့် အဖွဲ့အစည်းများအတွက် အမြတ်ထုတ်အသုံးချစရာဖြစ်လာပေလိမ့်မည်။ ထိုသို့ဆိုးရွားပြင်းထန်သည့် နောက်ဆက်တွဲရလဒ်များနှင့် မကြုံတွေ့ရစေရန် အမျိုးသားစည်းလုံးညီညွတ်မှုနှင့် တိုင်းရင်းသားသွေးစည်းညီညွတ်မှုတို့ကို ခိုင်မာအားကောင်းစေရေးနှင့် ပြည်သူလူထုအား ဝန်ဆောင်မှုများ အဆက်မပြတ်ပေးအပ်နိုင်ရန်လည်း ထိန်းသိမ်းဆောင်ရွက်ခြင်းသည် မြန်မာနိုင်ငံအတွက် အရေးအကြီးဆုံး ဦးစားပေးလုပ်ငန်းများ ဖြစ်ပေသည်။

နိုင်ငံတွင်း ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကို ထိန်းကျောင်းခြင်းသည် နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ်ဟောင်း ဒေါ်အောင်ဆန်းစုကြည်အတွက် မဖြစ်နိုင်သည့် ကိစ္စဖြစ်သည်ဟု စောဒကတက်နိုင်ပေသည်။ အဘယ်ကြောင့်ဆိုသော် သူမအနေဖြင့် သူမအား ထောက်ခံသူ ဒေါက်တိုင်ဖြစ်သည့် ဗမာအများစု၏ အသံကိုနားထောင်ရန်၊ တိုင်းရင်းသားလူနည်းစုများ (အခြေခံ လူတန်းစား တိုင်းရင်းသားများနှင့် မတူကွဲပြားသော အကျိုးစီးပွားများရှိသည့် အဓိကတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၂) ဒါဇင်ခန့်)၏အသံကို နားထောင်ရန်၊ တပ်မတော်၏ အသံကိုနားထောင်ရန်နှင့် နိုင်ငံ၏အရပ်ဘက်နှင့် တပ်မတော်အကြား ကျိုးပဲ့လွယ်သော နိုင်ငံရေးချိန်ခွင်လျှာကို ထိန်းသိမ်းရန် လိုအပ်မှုတို့ကြောင့် ဖြစ်သည်။ "ရိုဟင်ဂျာ" ဆိုသူများ၏ ကိစ္စနှင့်စပ်လျဉ်း၍ ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် သူမအား ထောက်ခံသူ မဲဆန္ဒရှင်အများစုကို ဆန့်ကျင်သည့် အမြင်ရှိမှုများကို ဆန့်ကျင်သည့် နိုင်ငံရေးရပ်တည် ချက်ကို ၂၀၂၀ ရွေးကောက်ပွဲမတိုင်မီတွင် ချမှတ်ရန် မျှော်မှန်းထားသည်ဟု ဆိုကောင်းဆိုနိုင်သည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် NLD ပါတီတို့သည် ဂမ်ဘီယာနိုင်ငံ၏ စွပ်စွဲချက်မှ မြန်မာနိုင်ငံကို ကာကွယ်ရန် "အောင်ဆန်းစုကြည်နှင့်အတူရပ်တည်ကြ" ဟု နိုင်ငံအား တိုက်တွန်းရန် ဆုံးဖြတ်ခဲ့သည်။

၂၀၁၇ ခုနှစ်တွင် ရိုဟင်ဂျာများ အစုလိုက်အပြုံလိုက် ထွက်သွားပြီးနောက် ဒေါ်အောင်ဆန်းစုကြည်သည် ဗမာနှင့် တိုင်းရင်းသား မဲဆန္ဒရှင်အားလုံးနီးပါး၏ အကျိုးစီးပွားကို ဆန့်ကျင်လျက် နေရပ်စွန့်ခွာ "ရိုဟင်ဂျာ" ဆိုသူများအတွက် ပြဿနာများကို ဖြေရှင်းပေးနိုင်လိမ့်မည်ဟူသည့် လက်တွေ့မကျသော မျှော်လင့်ချက်ကြောင့် အမေရိကန်နှင့် NLD တို့အကြား ဆက်ဆံရေးသည် ယိုယွင်းလာခဲ့သည်။ လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံရှိ မည်သည့်ပါတီကို အနောက်အုပ်စုက လိုလားနှစ်သက်ပါမည်နည်း။ မြန်မာ့ဒီမိုကရေစီ သင်္ကေတဖြစ်သည့် ဒေါ်အောင်ဆန်းစုကြည်ကို အနောက်နိုင်ငံများ၏ လိုလား နှစ်သက်မှုစာရင်းမှ ဖယ်ရှားပြီးနောက် ထိုစာရင်းတွင် မည်သူကျန်ခဲ့သည်ကို မေးခွန်းထုတ်ရမည်ဖြစ်သည်။

### လက်တွေ့မကျသည့် မျှော်လင့်ချက်များ

မြန်မာနိုင်ငံ၏ ဒီမိုကရေစီပုံစံအပေါ် အနောက်တိုင်းအစိုးရများ၏ စံပုံစံအမြင်များနှင့် လက်တွေ့မကျသည့် မျှော်လင့်ချက်များသည် NLD ၏ သမိုင်းအစဉ်အလာအရ ဖြစ်တည်လာမှုကို မရည်ရွယ်ဘဲ အဆုံးသတ်စေခဲ့သည်။ ၂၀၀၀ ပြည့်နှစ်များအတွင်း များပြားသော ဒဏ်ခတ်ပိတ်ဆို့မှုများနှင့် နိုင်ငံရေးအရ အထီးကျန်ဆန်စေခြင်းများကြောင့် မြန်မာနိုင်ငံအနေဖြင့် ဆယ်စုနှစ်တစ်ခုကြာ ဖွံ့ဖြိုးတိုးတက်မှု ပျောက်ဆုံးသည့်နည်းတူ ပိတ်ဆို့အရေးယူမှုများနှင့် နိုင်ငံတကာ၏ စံနှုန်းအခြေပြုဝေဖန်မှုများသည် NLD အတွက်လည်း အထောက်အကူ မဖြစ်ခဲ့ချေ။

ဒေါ်အောင်ဆန်းစုကြည်အပေါ် အနောက်နိုင်ငံများ၏ ထောက်ခံမှု ဆုံးရှုံးခြင်းသည် ရှုပ်ထွေးသည့် အရပ်ဘက်-စစ်ဘက်ဆက်ဆံရေးတွင် သူမ၏ ထိန်းကျောင်းညှိနှိုင်းနိုင်စွမ်းကို ပျောက်ဆုံးသွားစေခဲ့သည်။ မည်သို့ပင်ဆိုစေ " ရိုဟင်ဂျာ" ဆိုသူများ ထွက်ပြေးပြီးနောက် အနောက်နိုင်ငံများ၏ ပိတ်ဆို့အရေးယူမှုများနှင့် စုံစမ်းစစ်ဆေးမှုများသည် တပ်မတော်အပေါ်တွင်လည်း အရိပ်မည်းထိုးလာခဲ့သည်။ အနောက်နိုင်ငံများအနေဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးတွင် ပါဝင်ပတ်သက်သူများ (stakeholders)၊ ယင်းတို့၏ အခက်အခဲများ၊ အကန့်အသတ်အတားအဆီးများ၊ နိုင်ငံရေး အုပ်စု/သဘောထားကွဲလွဲမှုများ ပိုမိုဆိုးရွားစေနိုင်သည့် အန္တရာယ်များ အပါအဝင် မြန်မာ့ဒီမိုကရေစီပုံစံအား နားမလည်နိုင်ခြင်းသည် နားလည်ရန် ခက်ခဲလျက်ပင်ရှိသည်။

လက်ရှိအခြေအနေတွင် သက်ဆိုင်သူအားလုံးမှ အဖြေတစ်ခုရှာရန်အတွက် အရေးကြီးသည်မှာ မြန်မာနိုင်ငံ၏ ပြည်တွင်းဖြစ်ပေါ် တိုးတက်မှုများအပေါ် အကျိုးသင့်အကြောင်းသင့် ဆင်ခြင်တုံတရားနှင့် အချက်အလက်အခြေပြုအမြင် ထားရှိရေးဖြစ်သည်။ ဤသို့ အဖြေရှာရာတွင် ဖြစ်နိုင်ခြေအများဆုံးဖြစ်သည့် အာဆီယံနည်းလမ်း (သို့) အခြားနိုင်ငံစုံနည်းလမ်းဖြင့် ချဉ်းကပ်ဆောင်ရွက်မှုများမှ တစ်ဆင့် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ နိုင်ငံတကာမီဒီယာများတွင် မြန်မာနိုင်ငံအား ကျရှုံးနိုင်ငံအဖြစ်လည်းကောင်း၊ ငြိမ်းချမ်းသော ဆန္ဒပြသူများအပေါ် စစ်တပ်မှ တစ်ဖက်သတ်အကြမ်းဖက်မှုအဖြစ်လည်းကောင်း မှားယွင်းသည့်ဇာတ်ကြောင်းပြောပုံဖော်မှုများ ကြီးစိုးနေခြင်းသည် စာနယ်ဇင်းကျင့်ဝတ်နှင့် ကိုက်ညီမှုမရှိချေ။

ဥပမာအားဖြင့် အမေရိကန်မှ ငွေကြေးထောက်ပံ့ထားသည့် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPPB) သည် အရပ်သားအသေအပျောက် စွပ်စွဲချက် ကိန်းဂဏန်းများအပေါ် လက်ဝါးကြီးအုပ်ထားသည်။ AAPPB ၏ စာရင်းတွင် သေဆုံးကြောင်း အတည်မပြုနိုင်သည့် သူများ၏ အမည်စာရင်းများ ပါဝင်နေပါ၏လော။ ယင်းစာရင်းတွင် နယ်စပ်ဒေသများသို့ ထွက်ပြေးသူများ၏ အမည်စာရင်းများကို ထည့်သွင်းထားပါ၏လော။ အမှန်တကယ်မရှိသည့် အမည်များနှင့် ပိုမိုထည့်သွင်းထားသည့် အမည်များထည့်သွင်းထားခြင်း ရှိ/မရှိ မည်သူက သိနိုင်ပါမည်နည်း။

အထက်ပါမေးခွန်းများနှင့် မသက်ဆိုင်ဘဲ လုံခြုံရေးတပ်ဖွဲ့များ၊ အစိုးရဝန်ထမ်းများနှင့် အရပ်သားများအပေါ် အစိုးရဆန့်ကျင်သည့် အကြမ်းဖက်များမှ သေကျေပျက်စီးအောင် တိုက်ခိုက်သည့် ပမာဏသည် AAPPB မှ စွပ်စွဲသည့် ကိန်းဂဏန်းများထက် ကျော်လွန်နေပြီဖြစ်သည်။ "The 74 media" ၏ သတင်းဖော်ပြချက်တစ်ခုအရ NUG "ကာကွယ်ရေးဝန်ကြီး" က ဇွန်လနှင့် ဇူလိုင်လများအတွင်း တပ်မတော်သား (သို့) ထောက်ခံသူ ၁၁၀၀ ကျော်ကို သတ်ဖြတ်နိုင်ခဲ့သည်ဟု အခိုင်အမာဆိုကြောင်း ဖော်ပြထားသည်ကို သိရသည်။ နိုင်ငံရေးအငြင်းပွားမှုသည် မည်သည့်ဘက်တွင်မှ အသက်အိုးအိမ်စည်းစိမ်ကို ထိခိုက်စေခြင်း မရှိသင့်သော်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အရပ်သားများအား သတ်ဖြတ်မှုအပေါ် ကြွားလုံးထုတ်နေသည့် NUG အပေါ် နိုင်ငံတကာအသိုင်းအဝိုင်းက မည်သို့ထောက်ခံပေးရမည်နည်းဆိုခြင်းမှာ မေးခွန်းထုတ်စရာဖြစ်နေသည်။

France 24 ကဲ့သို့သောမီဒီယာများသည် ဆန္ဒပြသူများက လုံခြုံရေးတပ်ဖွဲ့ဝင်များအား မြားများနှင့် ခတ်ဆီပုလင်းဗုံးများဖြင့် တိုက်ခိုက်မှုဗီဒီယိုအား တင်ဆက်ထားချိန်တွင် အကြမ်းမဖက်သော ဆန္ဒပြမှုများအဖြစ် သတင်းဖော်ပြခဲ့သည်။ France 24 သည် CIA မှ David Eubank ၏ မျက်နှာစာအဖွဲ့အစည်းဖြစ်သော Free Burma Rangers ၏ ဗီဒီယိုဖိုင်ကို အသုံးပြု၍ ဗြိတိန်နှင့် အမေရိကန်တို့မှ ထောက်ပံ့ထားသော အစိုးရဆန့်ကျင်သူ ပြည်ပရောက် တက်ကြွလှုပ်ရှားသူများအား တွေ့ဆုံမေးမြန်းခဲ့သည်။

ဟောင်ကောင်မှ စတင်သည့် တရုတ်ဆန့်ကျင်ရေးလှုပ်ရှားမှုဖြစ်သည့် "Milk Tea Alliance" ကဲ့သို့သော နိုင်ငံရေးလမ်းကြောင်းများမှတစ်ဆင့် သို့မဟုတ် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အချိတ်အဆက်ရှိသည့် Global Movement for Myanmar Democracy ကဲ့သို့သော အဖွဲ့အစည်းများမှတစ်ဆင့် မြန်မာ့ပြည်တွင်းရေးတွင် နိုင်ငံတကာမှ ဝင်ရောက်စွက်ဖက်မှုများသည် အပြုသဘောဆောင်သောရလဒ်များနှင့် ပြန်လည်သင့်မြတ်ရေးကို ဦးတည်လိမ့်မည် မဟုတ်ချေ။

နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် မြန်မာနိုင်ငံ၏ ပိုနေမြဲကျားနေမြဲ အခြေအနေကို ယခုမည်သို့ကိုင်တွယ်ဆောင်ရွက်သွားနိုင်ပါမည်နည်း။ မြန်မာ့တပ်မတော်အနေဖြင့် အနောက်တိုင်းပုံစံစီးပွားရေးပိတ်ဆို့မှုများကို အတိုင်းအတာတစ်ခုအထိ ကိုယ်ခံအား ရရှိလာလိမ့်မည်မှာ သေချာသည်။ ပိုမိုပြင်းထန်လာသော ပြည်တွင်းပဋိပက္ခများနှင့် အတိုက်အခံပြုမှုများ၊ နိုင်ငံတကာအသိုင်းအဝိုင်း၏ ပြင်းထန်သော ဝေဖန်မှုများနှင့် အမေရိကန်၊ ကနေဒါ၊ ဗြိတိန်နှင့် ဥရောပသမဂ္ဂတို့၏ ဒဏ်ခတ်ပိတ်ဆို့မှုများသည် တပ်မတော်မှ ကြိုတင်မျှော်မှန်းထားခဲ့ရသည့် တုံ့ပြန်မှုများဖြစ်သည်။

အကောင်းဘက်ကကြည့်ရှုပါက ကျယ်ကျယ်ပြန့်ပြန့်အရေးယူမှုများ ဖြစ်ပေါ်နိုင်ခြေ နည်းပါးသည်။ ကျယ်ပြန့်သည့် အရေးယူပိတ်ဆို့မှုများ ချမှတ်မှုသည် မြန်မာနိုင်ငံအား လစ်ဘရယ်ဒီမိုကရေစီလားရာသို့ မည်သို့မျှ ပိုမိုရွေ့လျားစေနိုင်မည်မဟုတ်သော်လည်း သာမန်ပြည်သူများကို ထိခိုက်စေလိမ့်မည်ဖြစ်သည်။ အနောက်နိုင်ငံများသည် ဒဏ်ခတ်မှုများဖြင့် မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေးလမ်းကြောင်းကို ပြောင်းပြန်လှန်နိုင်လိမ့်မည်မဟုတ်သော်လည်း မြန်မာအစိုးရနှင့် လုံးလုံးလျားလျား မပတ်သက်သည့် အနေအထားသို့ ရောက်အောင် ၎င်းတို့ဘာသာ၎င်းတို့ တွန်းပို့နေသည်။ ရက်သတ္တပတ်ချီ၍ ကြာမြင့်လာပြီဖြစ်သည့် နယူးယောက်ရှိ ယခင်က မကြုံစဖူးဖြစ်သည့် ခန့်အပ်လွှာအငြင်းပွားမှုကြောင့် ကုလသမဂ္ဂအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း တင်းမာမှုများကို အမှန်တကယ် လျှော့ချရန်နှင့် မြန်မာပြည်သူများနှင့်အတူ ရပ်တည်ရန် လိုအပ်သည့် ညှိနှိုင်းထိန်းကျောင်းနိုင်မှုကို ဆုံးရှုံးခဲ့ရသည်။

### တပ်မတော်ကို ဖြုတ်ချနိုင်မည်မဟုတ်ချေ

NUG အနေဖြင့် စည်းလုံးညီညွတ်ရေးနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ရင်ကြားစေ့ရေး မဆောင်ရွက်နိုင်သကဲ့သို့ တပ်မတော်ကိုလည်း ဖြုတ်ချနိုင်မည်မဟုတ်ချေ။ ထိုသို့ဖြစ်လင့်ကစား အမေရိကန်၊ ဥရောပသမဂ္ဂနှင့် ဗြိတိန်တို့ကို စည်းရုံးရန် ခက်ခဲမည်ပင်ဖြစ်သည်။ ကြိုကြားကြိုကြားဖြစ်သည့် လမ်းပေါ်ရှိ အကြမ်းဖက်မှုများနှင့် ပစ်မှတ်ထားလုပ်ကြံသတ်ဖြတ်မှုများသည် နိုင်ငံ၏ ဒုက္ခများကို ပိုမိုဆိုးရွားစေလိမ့်မည်သာဖြစ်သည်။ NUG ကိုမည်သည့် နိုင်ငံကမျှ အသိအမှတ် မပြုချေ။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် အိမ်စောင့်အစိုးရနှင့် အပြုသဘော ထိတွေ့ဆောင်ရွက်မှုသည် အမှန်တကယ်လိုအပ် လက်တွေ့ကျပြီး မြန်မာပြည်သူများအတွက် ကောင်းမွန်ကြောင်း၊ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံရေးသမားများက ကောင်းစွာသိရှိကြသည်။

အိမ်စောင့်အစိုးရလက်ထက်တွင် မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံရေးထက် ဒေသတွင်း နိုင်ငံရေးများနှင့် လက်တွေ့ကျသော စီးပွားရေးနှင့်နိုင်ငံရေး ဆက်ဆံမှုများကို ပိုမိုအာရုံစိုက်လာဖွယ်ရှိသည်။ မြန်မာနိုင်ငံတွင်း အခြေအနေနှင့် မသက်ဆိုင်ဘဲ ရုရှား၊ တရုတ်၊ အိန္ဒိယနှင့် အိမ်နီးချင်း အာဆီယံနိုင်ငံများနှင့် လာမည့်နှစ်များတွင် စီးပွားရေးဆက်သွယ် ဆောင်ရွက်မှုများ ဆက်လက်တိုးတက်လာလိမ့်မည်ဖြစ်သည်။ စင်စစ်တွင် အာဆီယံ၊ တရုတ် (ဟောင်ကောင်မှတစ်ဆင့်)၊ ဂျပန်၊ ကိုရီးယားနှင့် အရှေ့တိုင်းအင်အားများသည် မြန်မာနိုင်ငံ၏ အဓိကရင်းနှီးမြှုပ်နှံမှု အရင်းအမြစ်များဖြစ်ကာ ယင်းနိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုသည် ၂၀၁၈ ခုနှစ်က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအားလုံး၏ ၈၇ ရာခိုင်နှုန်းရှိသည်။ အရှေ့တိုင်းစီးပွားရေးအင်အားကြီးနိုင်ငံများ၏ လက်တွေ့ကျသည့် ရင်းနှီးမြှုပ်နှံမှုများနှင့် နှိုင်းစာပါက အမေရိကန်နှင့် ဥရောပနိုင်ငံများ၏ စီးပွားရေးခြေရာမှာ မြန်မာနိုင်ငံတွင် အနည်းငယ်သာရှိသည်။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံစီးပွားရေးအသိုက်အဝန်း၊ မဟာမဲခေါင်ဒေသခွဲအောက်ရှိ ပူးပေါင်းဆောင်ရွက်မှု မူဘောင်များ၊ တရုတ်နိုင်ငံ၏ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းနှင့် အိန္ဒိယနိုင်ငံ၏ Act East Policy တို့တွင် ပါဝင်သည့် ပေါင်းကူးဆက်သွယ်ရေးအစီအစဉ်များ၊ တစ်ခုနှင့်တစ်ခု ထပ်နေသည့် စီးပွားရေးစကြံများတွင် ပါဝင်၍ သဘာဝစီးပွားရေး အချက်အချာဆုံချက်အဖြစ် ဆောင်ရွက်ခြင်းဖြင့် အကျိုးကျေးဇူးများရရှိအောင် ဆောင်ရွက်သွားနိုင်လိမ့်မည်ဖြစ်သည်။ ။

https://medium.com/@myanmar_analyst/myanmar-internal-power-struggles-and-geopolitics-babf2cfd4002

# လူငယ်နှင့် စာပေပွဲတော်တွင် ပါဝင်ဆင်နွှဲကြသည့် ဒုတိယနေ့ မြင်ကွင်းပုံရိပ်များ



**နေပြည်တော် ဇန်နဝါရီ ၃၀**

စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေပွဲတော်ကို ဒုတိယနေ့အဖြစ် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ယနေ့နံနက်တွင် ဆက်လက်ကျင်းပလျက်ရှိရာ လေကြောင်းပညာရပ်ကို စိတ်ဝင်စားကြသည့် ကျောင်းသား ကျောင်းသူ လူငယ်များသည် လေကြောင်းပညာရပ်ဆိုင်ရာ အသိပညာပေးပြခန်းနှင့် လေယာဉ်ငယ်ပျံသန်းခြင်း သရုပ်ပြကွင်း၌ လေယာဉ်ငယ်ပျံသန်းပုံအဆင့်ဆင့်ကို စိတ်ဝင်တစား ကြည့်ရှုကြသည်များကို စုစည်းဖော်ပြလိုက်ရပါသည်။











# လူငယ်နှင့်စာပေပွဲတော်တွင် ပါဝင်ဆင်နွှဲကြသည့် ဒုတိယနေ့ မြင်ကွင်းပုံရိပ်များ



ကျန်းမာရေးပြခန်း၌ လူ့ခန္ဓာကိုယ်ဖွဲ့စည်းပုံအကြောင်းကို ကျောင်းသား ကျောင်းသူများ စိတ်ဝင်တစား လေ့လာနေစဉ်။



ဘာသာသုံးမျိုးဖြင့် ရေးထိုးထားသည့် ရှေးဟောင်းကျောက်စာများကို လူငယ်များ စိတ်ဝင်တစား ကြည့်ရှုလေ့လာကြစဉ်။



သိပ္ပံနှင့် နည်းပညာပြခန်း၌ ကျောင်းသား ကျောင်းသူများ ကိုယ်တိုင်လက်တွေ့ စမ်းသပ်လေ့လာနေစဉ်။



ပညာရေးပြခန်း၌ ပျော်ရွှင်ဖွယ်ဂိမ်းများဖြင့် လူငယ်များ စိတ်ဝင်တစား ပါဝင်ကစားကြစဉ်။



ပြန်ကြားရေးပြခန်း၌ ကလေးငယ်များ စာအုပ်စာပေများကို စိတ်ဝင်တစား ဖတ်ရှုစဉ်။



(၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပိုက်ကျော်ခြင်း အားကစားသမားများ သရုပ်ပြလေ့ကျင့်နေစဉ်။

# ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတစ်ခုကို တည်ဆောက်ဖို့ဆိုရင် လူငယ်တွေရဲ့စိတ်ထဲမှာ ငယ်ငယ်ကတည်းက ဆန်းသစ်တီထွင်လိုတဲ့အတွေးတွေရှိဖို့ လိုအပ်ပါတယ်

**ကိုရှိုင်းဇာနည်ထွန်း**



မအိမ့်မှူးကျော်သူ



မခင်စုခိုင်




ကိုမျိုးအောင်ကျော်



မမိုးပြည့်ပြည့်နိုင်



မပန်းမြတ်သီတာအောင်

**နေပြည်တော် ဇန်နဝါရီ ၃၀**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်ပြီး စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် နေပြည်တော်တွင် ကျင်းပသည့် လူငယ်နှင့်စာပေပွဲတော် ဒုတိယနေ့ကို ဆက်လက်ကျင်းပလျက်ရှိရာ ပြသထားသည့် ပြခန်းပေါင်း ၄၀ ကျော်ကို နေပြည်တော်ရှိ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ကျောင်းသား ကျောင်းသူ လူငယ်များ လာရောက်လေ့လာလျက်ရှိသည်။

အဆိုပါ လူငယ်နှင့်စာပေပွဲတော်တွင် ခင်းကျင်းပြသထားသည့် ပြခန်းများသို့ စိတ်ဝင်တစား လာရောက်ကြည့်ရှုလေ့လာသူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိရာ လာရောက်လေ့လာသူအချို့၏ အမြင်များအား တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြအပ်ပါသည်။

**မအိမ့်မှူးကျော်သူ**
**Grade-9 ၊ အထက(ဇေယျာသီရိ)၊ နေပြည်တော်**

လူငယ်နဲ့စာပေပွဲတော်ကို လာရတာ ပျော်ဖို့လည်းကောင်းသလို ဗဟုသုတအစုံလည်းရတယ်။ သိပ္ပံပညာရပ်နဲ့ဆိုင်တဲ့ အကြောင်းအရာတွေ၊ လေကြောင်းနဲ့ဆိုင်တဲ့အကြောင်းအရာတွေနဲ့ သမီးစိတ်ဝင်စားတဲ့ ပန်းချီတွေကိုလည်း လေ့လာခွင့်ရခဲ့ပါတယ်။ ဒီပြခန်းတွေထဲက စိတ်ဝင်စားဖို့အကောင်းဆုံးကတော့ ပန်းချီပြခန်းပါ။ ငယ်ငယ်ကတည်းက ဖြစ်ချင်တာကတော့ လေယာဉ်မယ်ပါ။ ဒါ့ကြောင့်မို့လို့ လေကြောင်းပညာနဲ့ ပတ်သက်တာကိုလည်း လေ့လာဖြစ်တယ်။ ခုတလောမှာ ပန်းချီနဲ့ပတ်သက်ပြီးတော့ ပိုပြီးစိတ်ဝင်စားလာတယ်၊ ပန်းချီပညာရှင်ဖြစ်ချင်လာတယ်။ ဒီမှာမြင်တွေ့ခဲ့ရတဲ့ ပန်းချီဆရာကြီးတွေရဲ့ လက်ရာတွေကို ကြည့်ရှုလေ့လာခွင့်ရတဲ့အခါမှာ ပန်းချီဆရာကြီးတွေအနေနဲ့ ဒီပန်းချီကားတွေကို ဘယ်လိုစိတ်ကူးစိတ်သန်းတွေနဲ့ ဆွဲခဲ့လဲဆိုတာကိုပါ သိချင်စိတ်တွေ ဖြစ်ပေါ်လာပါတယ်။ ဒီလိုမျိုးအခမ်းအနားတွေ ကျင်းပပေးတဲ့အတွက် နိုင်ငံတော်အနေနဲ့ အများကြီး ငွေကြေးကုန်ကျမှာပါ။ အဲ့ဒီလိုကုန်ကျမှုတွေကို ကုန်ရကျိုးနပ်အောင် ဒီကိုလာပြီး မလေ့လာရသေးတဲ့ သူငယ်ချင်းတွေ၊ လူငယ်တွေအနေနဲ့လည်း ဒီကိုလာပြီး လေ့လာကြဖို့ ဖိတ်ခေါ်ချင်ပါတယ်။

**မခင်စုခိုင်**
**အလက(၁)၊ Grade-6၊ နေပြည်တော်**

သမီးက လူငယ်နဲ့စာပေပွဲတော်မှာ စာအုပ်အရောင်းဆိုင်တွေနဲ့ ပြခန်းတွေထဲက စာအုပ်စာစောင်တွေကို အဓိက လေ့လာခဲ့ပါတယ်။ ကျောင်းမှာ သမီးတို့ဆရာမက စာအုပ်စာပေတွေကို သေချာဂရုစိုက်ပြီး လေ့လာရင် တိုင်းပြည်အတွက် လူချွန်လူကောင်းတစ်ယောက်အနေနဲ့ တာဝန်ထမ်းဆောင်နိုင်မယ်လို့ ပြောပါတယ်။ ဒီကပြခန်းတွေမှာလည်း ကိုယ်သိချင်တာတွေ၊ စိတ်ဝင်စားတဲ့အရာတွေကို မေးလို့လည်းရတယ်။ အဲ့ဒီအတွက် ဗဟုသုတတွေလည်းရတယ်။ သူငယ်ချင်းတွေနဲ့အတူလာရလို့ ပျော်ဖို့လည်းကောင်းပါတယ်။ သမီးက ကျောင်းမှာလည်း သိပ္ပံနဲ့ အင်္ဂလိပ်စာကို အဓိကစိတ်ဝင်စားတယ်။ ဒါကြောင့် သိပ္ပံပြခန်းမှာ သေချာလေး လေ့လာဖြစ်ပါတယ်။ သမီးကြီးလာတဲ့အခါကျရင်လည်း ဆရာဝန်ကြီးလုပ်ပြီး လူတွေကို ကယ်တင်ချင်ပါတယ်။

**ကိုမျိုးအောင်ကျော်**
**နည်းပညာတက္ကသိုလ်၊ ပထမနှစ်**

လူငယ်နှင့်စာပေပွဲတော်မှာ နည်းပညာဂဟေဆက်နဲ့ ပတ်သက်တာတွေ၊ ဝရိန်နဲ့ပတ်သက်တာတွေကို လာရောက်ပြသပေးတာဖြစ်ပါတယ်။ ဝရိန်ဆော်လုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်းပြုမယ့်သူတွေနဲ့ နည်းပညာတက္ကသိုလ်ကို တက်ပြီး အင်ဂျင်နီယာလုပ်မယ့် လူငယ်တွေအတွက် အကျိုးပြုစေမယ့် 3D နဲ့ ဝရိန်ဆက်နည်းတွေ ပြသပေးပါတယ်။ ဝရိန်ဆက်နည်းကို စတင်သင်ကြားသူတွေအတွက် မျက်လုံးထိခိုက်မှုတွေသက်သာစေဖို့ တီဗွီမှာ 3D နဲ့လေ့ကျင့်ပေးပါတယ်။ လူငယ်တွေကို လေ့ကျင့်ပေးတဲ့အခါ အမှတ် ၉၀ ကျော်ရင် ဆုပေးပါတယ်။ ကျွမ်းကျင်အဆင့်ရောက်မှ အမှတ် ၉၀ ကျော်ပါတယ်။ အဲ့ဒီလိုအဆင့်ရောက်တဲ့သူတွေဟာ လုပ်ငန်းခွင်မှာ ဝရိန်ဆော်လုပ်သားအနေနဲ့ အလုပ်လုပ်နိုင်ပါပြီ။ လူငယ်နှင့် ကလေးစာပေပွဲတော်ကို လာရောက်လေ့လာကြတဲ့ လူငယ်တော်တော်များများက တီဗွီ 3D မျက်မှန်နဲ့ ဝရိန်ဆော်နည်းကို စိတ်ဝင်တစား လက်တွေ့လေ့ကျင့်တဲ့သူတွေ ရှိသလို လေ့လာမေးမြန်းသူတွေလည်း အများအများရှိပါတယ်။ အဲ့ဒီအတွက် လူငယ်နှင့်စာပေပွဲတော်ကို လာရောက်ပြသပေးရတာ ကျွန်တော်တို့အတွက်လည်း များစွာဝမ်းသာပီတိဖြစ်မိပါတယ်။ လူငယ်တွေအနေနဲ့လည်း ဒီပွဲကနေ အတွေးသစ်အမြင်သစ်နဲ့ ဘဝတက်လမ်းတွေမှာ အထောက်အကူဖြစ်စေမယ်လို့ ယုံကြည်ပါတယ်။

**ဦးနောင်**
**ဇေယျာသီရိမြို့နယ်**

ကျွန်တော့်ရဲ့သားက လူငယ်နှင့်စာပေပွဲတော်ကို လာချင်တယ်ပြောလို့ လိုက်ပို့ပေးတာပါ။ ဖွင့်ပွဲနေ့ကလည်း လာရောက်လေ့လာပါတယ်။ ပြခန်းတွေလည်း စုံလင်ပါတယ်။ နောက်ထပ်ဒီလိုပွဲတွေကျင်းပပေးမယ်ဆိုရင် အနုပညာပြခန်းတွေလည်း ထည့်သွင်းပြသ ပေးစေချင်ပါတယ်။ လူငယ် လူရွယ်တွေအတွက် ဒီလိုပွဲတွေမှာ တက်ရောက်ခွင့်ရတဲ့အခါ ငယ်ငယ်ကတည်းက အခြေခံသိသင့်သိထိုက်တာတွေကို သိရှိနားလည်သွားမှာပါ။ အခုလို လူငယ်နှင့် စာပေပွဲတော်မှာ ပြခန်းတွေစုံစုံလင်လင် ခင်းကျင်းပြသထားတဲ့အတွက် ကလေးတွေအနေနဲ့ ဝါသနာပါရာကို စူးစမ်းလေ့လာခွင့်ရတာကြောင့် မိဘတစ်ဦးအနေနဲ့ လူငယ်နှင့်စာပေပွဲတော်ကျင်းပပေးတဲ့ ဌာနဆိုင်ရာတာဝန်ရှိသူတွေကို ကျေးဇူးအထူးတင်ရှိပါတယ်။ နောက်လည်း အခုလိုပွဲတွေ များများကျင်းပပေးနိုင်ဖို့ မျှော်လင့်မိပါတယ်။

**ကိုရှိုင်းဇာနည်ထွန်း**
**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန လက်ထောက်ညွှန်ကြားရေးမှူး**

ရုံးပိတ်ရက်ဖြစ်တာကြောင့် မိသားစုနဲ့အတူ လာရောက်လေ့လာတာပါ။ ပြခန်းတွေမှာ ပြသထားတာတွေက လူငယ်တွေအတွက်သာမကဘဲ လူကြီးတွေအတွက်ပါ ဗဟုသုတရစေပါတယ်။ အခုလို လူငယ်နှင့်စာပေပွဲတော်မှာ ပြသထားတဲ့ပြခန်းတွေက အနာဂတ်မျိုးဆက်သစ်လူငယ်တွေအတွက် များစွာတန်ဖိုးရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက ပြခန်းတွေဆိုရင် လူငယ်တွေ တီထွင်ဆန်းသစ်မှုတွေကို ဖော်ဆောင်ပေးတဲ့အရာလို့ မြင်ပါတယ်။ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတစ်ခုကို တည်ဆောက်ဖို့ဆိုရင် လူငယ်တွေရဲ့စိတ်ထဲမှာ ငယ်ငယ်ကတည်းက ဆန်းသစ်တီထွင်လိုတဲ့အတွေးတွေရှိဖို့ လိုအပ်ပါတယ်။ အဲ့ဒီလိုအတွေးအခေါ်တွေကို အခုလိုပွဲတော်တွေဆီက များစွာရရှိပါတယ်။ အဲ့ဒါကြောင့် ၇၅ နှစ်မြောက် ပြည်ထောင်စုနေ့အကြို လူငယ်နှင့်စာပေပွဲတော်ကို အရွယ်သုံးပါးမရွေး လာရောက်လေ့လာကြဖို့ ဖိတ်ခေါ်ပါတယ်။

**မမိုးပြည့်ပြည့်နိုင်**
**Grade-9၊ အထက(၅) ပျဉ်းမနား**

သမီးကတော့ အခုကျင်းပနေတဲ့ လူငယ်နှင့် စာပေပွဲတော်မှာ ဖျော်ဖြေရေးကဏ္ဍကနေ ပါဝင်ခွင့်ရရှိခဲ့ပါတယ်။ အခုလိုစာပေပွဲတော်တွေ ဖြစ်မြောက်အောင် ကျင်းပပေးတဲ့အတွက် တာဝန်ရှိသူတွေအားလုံးကို ကျေးဇူးတင်ပါတယ်။ အခုလို ပွဲတော်ပြုလုပ်ပေးတဲ့အတွက် လူငယ်တွေ စာပေဖတ်ရှုတာဝါသနာပါပြီး အသိပညာဗဟုသုတတွေ ကြွယ်ဝလာလိမ့်မယ်လို့ ထင်ပါတယ်။ သမီးတို့အနေနဲ့ ကြိုးစားပြီးကပြခွင့်ရရှိတဲ့အတွက်နဲ့ အခုပွဲတော်မှာ ပါဝင်ခွင့်ရရှိတဲ့အတွက် ပျော်လည်းပျော်ပါတယ်။ ဂုဏ်လည်းဂုဏ်ယူပါတယ်။

**မပန်းမြတ်သီတာအောင်**
**Grade-10၊ အထက(၅) ပျဉ်းမနား**

သမီးက လူငယ်နဲ့ စာပေပွဲတော် ဖွင့်ပွဲနေ့ကတည်းက လာရောက်ဖျော်ဖြေပေးရတာပါ။ ဖွင့်ပွဲနေ့က မနက် ၆ နာရီလာပြီး ညနေ ၃ နာရီလောက်အထိ ဖျော်ဖြေပေးရပါတယ်။ သမီးကတော့ ရခိုင်တိုင်းရင်းသားရိုးရာဝတ်စုံဝတ်ပြီး ဖျော်ဖြေရေးမှာ ပါဝင်ခွင့်ရရှိခဲ့တာပါ။ ရခိုင်နဲ့ ပတ်သက်ပြီး ရခိုင်ရဲ့ဝတ်စားဆင်ယင်မှုကို ချစ်မြတ်နိုးပြီး ရခိုင်ရဲ့ ဆံထုံးနဲ့ ရခိုင်တွေပန်တဲ့ ပန်းလေးတွေကို သဘောကျလို့ ရခိုင်တိုင်းရင်းသားရိုးရာဝတ်စုံကို ရွေးချယ်ခဲ့တာဖြစ်ပါတယ်။ ဒီလိုလူငယ်နဲ့ စာပေပွဲတော်ကျင်းပပေးတဲ့အတွက် လူငယ်တွေအတွက်လည်း အများကြီးအကျိုးရှိပါတယ်။ အခုခေတ်က ဖုန်းတွေပဲ အသုံးများတော့ အင်တာနက်ကနေ ဂိမ်းတွေပဲဆော့တယ်။ စာဘက်မှာ အားနည်းပြီး စာဖတ်တာနည်းလာတယ်။ ဒါကြောင့် ဒီလိုမျိုး စာပေပွဲတော်လုပ်ပေးတဲ့အတွက် တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်။ လက်တွေ့စမ်းသပ်ခန်းတွေမှာ စမ်းသပ်ခွင့်ရတဲ့အတွက် အများကြီး ဝမ်းသာမိပါတယ်။ လူငယ်နဲ့ စာပေပွဲတော်တွေကို နောက်နောင်တွေမှာလည်း ဆက်ပြီးလုပ်ပေးစေချင်ပါတယ်။ အခုဒီပွဲတော်မှာ ဖျော်ဖြေရတာကတော့ ဆုန်သင်းပါရ်သီဆိုထားတဲ့ ပြည်ထောင်စု ထာဝရရဲ့အလင်းတန်းသီချင်းနဲ့ ဖျော်ဖြေရတာဖြစ်ပါတယ်။

**ဟိန်းဇင်နိုင်ဖြိုး**

## လူငယ်နှင့်စာပေပွဲတော်သို့

❖ လာလေလာခနော်လက်တွဲခေါ်
သွားကြတူပျော်ပျော်၊
လူငယ်နှင့်စာပေပွဲတော် စည်စည်ကား
ကြည့်ရှုသိမှတ်ပွား။

❖ ခင်းကျင်းပြထားစုံစုံလင်
ပွဲခင်းအပြည့်ပင်၊
အစီအစဉ်ကောင်းလေစွ
ခမ်းနားအလွန်လှ။

❖ ဗဟုသုတရစရာ
ကဏ္ဍစုံလင်စွာ၊
ကိုဗစ်ရောဂါကာကွယ်ရေး
ခင်းပြပညာပေး။

❖ အရောင်အသွေးစုံအလင်
လိပ်ပြာခန်းကိုဝင်၊
ရှားပါးမျိုးသွင်တွေ့မြင်ရ
ကြည့်လို့ဘယ်မဝ။

❖ ကိုယ်တိုင်ကိုယ်ကျ မောင်းဖို့ပြင်
လေယာဉ်ခန်းကိုဝင်၊
မိုးယံကောင်းကင် ပျံမလား
လေယာဉ်စီးလို့သွား။

❖ စီမံကိန်းများ မှုမျိုးစုံ
ခင်းကျင်းပြသပုံ၊
စာအုပ်မျိုးစုံ ပြခန်းကောင်း
ဘဝစာသင်ကျောင်း။

❖ လေကြောင်းရေကြောင်းထည်ထည်ဝါ
ဆက်သွယ်ပို့ဆောင်ပါ၊
ပညာရပ်ဆိုင်ရာ မနောမွေ့
ကြည့်ရှုမှတ်သားလေ့။

❖ ပြခန်းမမေ့ ကြည့်စရာ
သိပ္ပံနည်းပညာ၊
လောက လူ့ရွာကောင်းစေဖို့
တီထွင်ကြံဆစို့။

❖ ပညာရည်နို့စို့စရာ
အားကစားလည်းပါ၊
မှတ်သားလေ့လာယိုင်မလဲ
ရင်ထဲခိုင်ခိုင်မြဲ ။

**ဖိုလေးလုံးသောင်းကိုကို**

❑ *ရှေ့ဖုံးမှ*

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန (နေပြည်တော်) တံတားတည်ဆောက်ရေးအဖွဲ့(ရုံးချုပ်)က ၂၀၁၉-၂၀၂၀၊ ၂၀၂၀- ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုဘတ်ဂျက်ရန်ပုံငွေ ၆၃၁ ဒသမ ၀၀ သန်းဖြင့် တာဝန်ယူတည်ဆောက်သော မြန်အောင်မြို့နယ် ထူးကြီး-ရွှေကျင်လမ်းပေါ်ရှိ အုန်းနဲ့ကုန်းတံတားကို တံတားအရှည် ပေ ၂၄၀ (ပေ ၆၀ - ၄ ခန်း)၊ တံတားအကျယ် ပေ ၂၀၊ Boed Pile အုတ်မြစ်အောက်ခြေထည်နှင့် အပေါ်ထည်သံကူကွန်ကရစ် တံတားအမျိုးအစားဖြစ်ပြီး တံတားရေလမ်းကင်းလွတ် အကျယ် ၁၈ ဒသမ ၂၈ မီတာ၊ အမြင့် ၀ ဒသမ ၉ မီတာနှင့် ယာဉ်တစ်စီးချင်း ၃၆ တန် တံတားခံနိုင်ဝန်ရှိကြောင်း သိရသည်။

သပြေကုန်း-သဲဖြူ-ထူးကြီးလမ်းပေါ်ရှိ ကျွဲရိုးအင်းတံတားကို ၂၀၁၉-၂၀၂၀၊ ၂၀၂၀-၂၀၂၁ ခုဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘတ်ဂျက်ရန်ပုံငွေ ၄၀၅ ဒသမ ၀၀ သန်းဖြင့် တံတားအရှည် ပေ ၁၂၀ ( ပေ ၆၀-၂ ခန်း)၊ တံတား အကျယ် ပေ ၂၀၊ Boed Pile အုတ်မြစ်အောက်ခြေထည်နှင့် အပေါ်ထည်သံကူကွန်ကရစ် တံတားအမျိုးအစားဖြစ်ပြီး တံတားရေလမ်းကင်းလွတ် အကျယ် ၁၈ ဒသမ ၂၈ မီတာ၊ အမြင့် ၀ ဒသမ ၉ မီတာနှင့် ယာဉ်တစ်စီးချင်း ၃၆ တန် တံတားခံနိုင်ဝန်ရှိကြောင်း ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(နေပြည်တော်) တံတားတည်ဆောက်ရေးအဖွဲ့ (ရုံးချုပ်) ထံမှ သိရသည်။

အဆိုပါ မြန်အောင်မြို့နယ် ထူးကြီး-ရွှေကျင်လမ်းပေါ်ရှိ အုန်းနဲ့ကုန်းတံတားနှင့် သပြေကုန်း-သဲဖြူ-ထူးကြီးလမ်းပေါ်ရှိ ကျွဲရိုးအင်းတံတား တည်ဆောက်ပြီးစီး၍ မြန်အောင်မြို့နယ်တောင်ဘက် ဧရာဝတီမြစ်အနောက်ဘက်ရှိ ရွှေကျင်တိုက်နယ်နှင့် သပြေကုန်းတိုက်နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၆ အုပ်စုရှိ ကျေးလက်နေပြည်သူများ ဟင်္သာတ-မြန်အောင်ကားလမ်းနှင့် ပုသိမ်-မုံရွာ ကားလမ်းမသို့ ဆက်သွယ်သွားလာနိုင်ပြီး ဒေသထွက်ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရေး၊ လူမှုရေး၊ ကျန်းမာရေး စသည့် ကျေးလက်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူဖြစ်စေမည့် တံတားများဖြစ်ကြောင်း သိရသည်။

ဝင်းဗိုလ် (မြန်အောင်)

# တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း အမှတ်(၁)အထည်စက်ရုံ (ရွှေတောင်)သို့ ကြည့်ရှုစစ်ဆေး

**ပြည် ဇန်နဝါရီ ၃၀**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီး ဥပဒေချုပ်၊ တာဝန် ရှိသူများနှင့်အတူ ဇန်နဝါရီ ၂၉ ရက် မွန်းလွဲပိုင်းက ပြည်ခရိုင် ရွှေတောင်မြို့နယ်ရှိ အမှတ်(၃) အကြီးစားစက်မှုဝန်ကြီးဌာန အမှတ်(၁) အထည်စက်ရုံ(ရွှေတောင်) ရှင်းလင်းဆောင်သို့ရောက်ရှိရာ စက်ရုံမှူးက စက်ရုံအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က နည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက်များ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များနှင့် ပြည်တွင်းထွက်ကုန်ကြမ်း ပစ္စည်း လွယ်ကူလျင်မြန်စွာရရှိနိုင်ရေး ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားပြီး စက်ရုံဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် စက်ရုံလုပ်ငန်းလည်ပတ်ဆောင်ရွက်မှုအဆင့်ဆင့်မှ ထွက်ရှိလာသည့် ထုတ်ကုန်များကို ကြည့်ရှုစစ်ဆေးပြီး ဈေးကွက်ဝင်တန်ဖိုးမြှင့် ထုတ်ကုန်ထုတ်လုပ်နိုင်ရေး မှာကြားကာ စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ (ယာပုံ)

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် (Mini Bud get) တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ရွှေတောင်မြို့ မီးသတ်ရေကန် မြေထိန်းနံရံ ပြိုကျမှုကာကွယ်ရန် BoredPile ရိုက်ခြင်းနှင့် SelectedSoil ဖြင့် အစားထိုးလဲလှယ်ပြုပြင်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ရွှေတောင်မြို့ ရှေးဟောင်းသမိုင်းဝင် ရွှေမျက်မှန်ဘုရားသို့ ဖူးမြော်ကန်တော့ပြီး ဘက်စုံပြုပြင်မွမ်းမံနိုင်ရေး အလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# မန္တလေးတိုင်းဒေသကြီးအတွင်း လက်နက်/ခဲယမ်းများနှင့် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့သည့် ဖြစ်စဉ်များတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသူများအား ဂုဏ်ပြု



**နေပြည်တော် ဇန်နဝါရီ ၃၀**

မန္တလေးတိုင်းဒေသကြီးအတွင်း လက်နက်/ခဲယမ်းများနှင့် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့သည့် ဖြစ်စဉ်များတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဂုဏ်ပြုအမှာစကားများ ပြောကြားကြသည်။

ထို့နောက် ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက မန္တလေးတိုင်းဒေသကြီးအတွင်း လက်နက်/ခဲယမ်းများနှင့် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့သည့် ဖြစ်စဉ်များ၊ ရွှေဆိုင်များ လက်နက်ဖြင့် ခြိမ်းခြောက်ခားပြတိုက်မှုဖြစ်စဉ်များ၌ တရားခံများနှင့် ရွှေထည်ပစ္စည်းများကို ဖော်ထုတ်ဖမ်းဆီးရာ၌ စွမ်းစွမ်းတမံပါဝင်ဆောင်ရွက်ခဲ့ကြသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။ (ဝဲပုံ)

ယင်းနောက် ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စကားပြောကြားပြီး ဖော်ထုတ်ဖမ်းဆီးရမိသည့် လက်နက်/ခဲယမ်းနှင့် မှတ်တမ်းဓာတ်ပုံများအား ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ဒီတစ်ပတ်မှာလည်း နာမဝိသေသန (Adjectives) ကဏ္ဍအကြောင်းဆက်ပြီး ဖော်ပြပေးလိုက်ပါတယ်။ အထူးသဖြင့် ဒီတစ်ပတ် နာမဝိသေသန (Adjectives) ကဏ္ဍမှာတော့ Interrogative Adjectives (အမေးနာမဝိသေသန)၊ Possessive Adjectives (ပိုင်ဆိုင်မှုပြနာမဝိသေသန) နဲ့ Proper Adjectives (အမည်နာမဝိသေသန)တို့ရဲ့ အဓိပ္ပာယ်ရှင်းလင်းချက်တွေကို လွယ်ကူရိုးရှင်းစွာ ဖော်ပြပေးလိုက်ရုံသာမက ပိုပြီးနားလည်သဘောပေါက်စေရန် နမူနာဝါကျများနဲ့လည်း ရှင်းလင်းဖော်ပြပေးလိုက်ပါတယ်။ ဒါ့အပြင်စကားပြောခန်းမှာလည်း "Shortest way to talk about health and lifestyle – 4 " ကို နမူနာဝါကျများ၊ စကားပြောခန်းများ၊ ရှင်းလင်းချက်များနဲ့ ဝေဝေဆာဆာ ဖော်ပြပေးထားပါတယ်။ Vocabulary အခန်းမှာလည်း နေ့စဉ်ဘဝမှာအသုံးများတဲ့ ဆန့်ကျင်ဘက်စကားလုံးအသုံးအနှုန်းတွေကို မြန်မာလို အဓိပ္ပာယ်ရှင်းလင်းချက်များနဲ့ ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ် လေ့လာဖတ်ရှုကြဖို့ တိုက်တွန်းရင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး ဘေးဘယာတွေ ဝေးကွာကြပါစေ။

## GRAMMAR

### Basic to Intermediate

Adjectives များကို ဝါကျတွင် သုံးနှုန်းပုံပေါ် မူတည်ပြီး Quantity (ပမာဏ) သို့မဟုတ် Number (အရေအတွက်) ဟူပြီးခွဲခြားနိုင်သည်။ ဥပမာ–

Adjectives of Quantity

- I ate *some* rice.
- He has lost *all* his wealth.
- You have *no* sense.
- He did not eat *any* rice.
- I have *enough* sugar.


Adjectives of Number

- *Some* boys are clever.
- *All* men must die.
- There are *no* pictures in this book.
- Are there *any* mango-trees in this garden?
- There are not *enough* spoons.

**Interrogative Adjectives (အမေးနာမဝိသေသန)**

What၊ Which နှင့် Whose ဆိုသည့် အမေးစကားလုံးများ၏နောက်တွင် Noun (နာမ်) လိုက်ပြီး မေးခွန်းမေးသည့်အခါ သုံးသော စကားလုံးများကို Interrogative Adjectives (အမေးနာမဝိသေသန) ဟုခေါ်သည်။ ဥပမာ–

- *What* manner of man is he?
- *Which* way shall we go?
- *Whose* book is this?
- *What* colour do you like?
- *What* kind of tree is this?




- *What* type of person is he?
- *Which* girl wants a flower?
- *Whose* umbrella is that?

ဒီနေရာတွင် What ကို ယေဘုယျအားဖြင့် ကိုယ်မသိသည့်အရာကို မေးသည့်အခါတွင် သုံးသည်။ Which ကိုတော့ သိပြီးသားအရာတွေထဲက ဘယ်တစ်ခုလဲလို့ ရွေးချယ်မှုကို မေးလိုသည့်အခါတွင် သုံးသည်။

**Possessive Adjectives (ပိုင်ဆိုင်မှုပြနာမဝိသေသန)**

ပိုင်ဆိုင်မှုကို ဖော်ပြသော စကားလုံးများဖြစ်သည့်

- my (ကျွန်ုပ်၏)
- your (သင်၏)
- his (သူ၏)
- her (သူမ၏)
- its (၎င်း၏)
- our (ကျွန်ုပ်တို့၏)
- your (သင်တို့၏)
- their (သူတို့၏)
- their (သူမတို့၏)
- their (၎င်းတို့၏) တို့ကို Possessive Adjectives (ပိုင်ဆိုင်မှုပြနာမဝိသေသန) ဟုခေါ်သည်။ ယင်းစကားလုံးများနောက်တွင် Noun (နာမ်) လိုက်ပြီး သုံးနိုင်သည်။ ဥပမာ–

- I forgot to bring *my* laptop and *my* camera.
- I shall come to *your* house tomorrow.
- We should respect *our* parents.
- The girls leave *their* umbrellas outside.

**Proper Adjectives (အမည်နာမဝိသေသန)**

အမည်များကို Adjective (နာမဝိသေသန) အဖြစ်သုံးသောအခါ ၎င်းတို့သည် Proper Adjectives (အမည်နာမဝိသေသန) ဖြစ်လာသည်။ ဥပမာ–

- Foreigners who visit Myanmar admire the *Myanmar* dress.
- She bought a *Shan* bag and a *Kachin* longyi last month.
- Our grandparents visited the *Shwedagon* pagoda and the *Sule* pagoda.

## VOCABULARY (ANTONYMS)

| | | |
|---|---|---|
| compulsory (မလုပ်မနေရလုပ်ရမည်ဖြစ်သော) | ≠ | voluntary (စေတနာအလျောက်ဖြစ်သော) |
| conceal (ဖုံးကွယ်သည်) | ≠ | reveal (ထုတ်ဖော်သည်) |
| conceited (စိတ်ကြီးဝင်သော) | ≠ | modest (မလွှားသော) |
| contract (ကျုံ့လာသည်၊ သေးငယ်လာသည်) | ≠ | expand (ကြီးလာသည်၊ ကျယ်လာသည်) |
| cool (အေးမြသော) | ≠ | warm (နွေးသော) |
| coward (သူရဲဘောကြောင်သူ၊ သတ္တိနည်းသူ) | ≠ | hero (လူစွမ်းကောင်း) |
| create (ဖန်တီးသည်) | ≠ | destroy (ဖျက်ဆီးသည်) |

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



### Shortest way to talk about health and lifestyle – 4

**ဒီတစ်ပတ်မှာလည်း ကျန်းမာရေးလေ့ကျင့်ခန်းနဲ့ ဘဝနေထိုင်မှုပုံစံနဲ့ပတ်သက်တဲ့ အသုံးအနှုန်းတွေကို ဖော်ပြတဲ့နေရာမှာ work-life balance နဲ့ပတ်သက်တဲ့ အသုံးအနှုန်းတွေကို ဘယ်လိုပြောဆိုသုံးနှုန်းရမလဲဆိုတာတွေကို Shortest way to talk about health and lifestyle–4 ဆိုပြီး ဖော်ပြလိုက်ပါတယ်။**




Work-life balance အကြောင်း မပြောခင် ဒီမှာရှိတဲ့ မေးခွန်းလေးတွေ အနည်းငယ်ဖြေကြည့်ပါဦး။

Do you have a good work-life balance?

(အလုပ်နဲ့ဘဝပုံစံဟန်ချက်ညီရဲ့လား)

What happens if you work too hard?

(အလုပ်တွေအများကြီးလုပ်ရင်ဘာဖြစ်မလဲ)

What can you do to make your work-life balance healthier?

(အလုပ်နဲ့ဘဝပုံစံ ဟန်ချက်ညီညီရှိဖို့ ဘာတွေလုပ်နိုင်မလဲ)

You seem a bit down.

I'm (really) under a lot of pressure …

I think work-life balance is really important…

I have no time for myself.

၁။ တစ်စုံတစ်ယောက်ကိုကြည့်ရတာ နည်းနည်းစိတ်ဓာတ်ကျနေသလိုပဲလို့ ပြောချင်တဲ့အခါမှာ သို့မဟုတ် စိတ်ဓာတ်ကျနေတဲ့ ပုံပေါ်တယ်လို့ ပြောချင်တဲ့အခါမှာ down (adj) နဲ့သုံးပါတယ်။ ဒီနေရာမှာနည်းနည်းဆိုတာလေးကိုပါစေချင်တဲ့အတွက် a bit လေးနဲ့တွဲပြီး a bit down နဲ့ပြောပါတယ်။ ဥပမာ–

- You seem a bit down. Everything OK?

၂။ ကိုယ်ဟာ တကယ့်ကိုပဲ ဖိအားတွေနဲ့လုပ်နေရတယ်၊ ဖိအားတွေအောက်မှာ ဝိနေတယ်လို့ ပြောချင်ရင် I'm under (a lot of) pressure နဲ့ပြောနိုင်ပါတယ်။ ပိုပြီးတော့လေးနက်အောင် really ကို ထည့်ပြီးပြောနိုင်ပါတယ်။ ဥပမာ–

- I'm really under a lot of pressure right now.

၃။ ကိုယ့်ရဲ့အမြင်ကို ပြောချင်တဲ့အခါ သုံးနိုင်တဲ့ ပုံစံတစ်မျိုးကတော့ I think … (ကျွန်တော်ထင်တယ်) ပဲဖြစ်ပါတယ်။ ဒီမှာကတော့ အလုပ်နဲ့ဘဝဟာ ဟန်ချက်ညီဖို့ အရေးကြီးတယ်လို့ ကျွန်တော်ထင်တယ်ဆိုပြီး ဖော်ပြထားပါတယ်။ ဥပမာ–

- I think work- life balance is really important .

၄။ တစ်ခါတစ်ရံမှာ အလုပ်တွေအများကြီးလုပ်ရလို့ ကိုယ့်အတွက်တောင်အချိန်မရှိဘူးလို့ ပြောတတ်ကြပါတယ်။ အဲ့ဒါကိုဘယ်လိုပြောမလဲဆိုတော့ –

- I have no time for myself.

**ဘာသာစကားရှုထောင့်**

Everything OK? ဆိုတဲ့ပုံစံကိုကြည့်ရင် မေးခွန်းမဟုတ်ဘဲ ? (မေးခွန်းသင်္ကေတ) ထည့်ထားတာကို တွေ့နိုင်ပါတယ်။ သာမန်ဝါကျတွေကို နောက်သံမြင့်ပြီးပြောရင် သူတို့က မေးခွန်းပုံစံဖြစ်သွားပါတယ်။

Conversation

Work-life balance is important

Lewis: You seem a bit down. Everything OK?

Tina: Urgh… I have too much work!

Lewis: You always say that.

Tina: Yes, but I'm really under a lot of pressure right now. I feel stressed all the time and I have no time for myself.

Lewis: That doesn't sound healthy. You can't just work all day every day. You'll burn out eventually.

Tina: I know, but what can I do? Every week there are deadlines, calls, meetings, problems … it never stops.

Lewis: I don't know, but I think work-life balance is really important. Since I moved companies two years ago, I make a lot less money, but I'm much happier. I don't regret it. You only get one life; you can't spend it all in the office.

Tina: You think I need to change jobs?

Lewis: I don't know, but I think you need to have time and energy for your personal life. Otherwise, it's difficult to feel good about life.

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း–၀၉-၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

# ဖိလစ်ပိုင်နိုင်ငံသို့ ကာကွယ်ဆေးထိုးထားသည့် နိုင်ငံခြားခရီးသွားများ လာရောက်ခွင့်ပြုမည်

**မနီလာ ဇန်နဝါရီ ၃၀**

ဖိလစ်ပိုင်နိုင်ငံက ဖေဖော်ဝါရီ ၁၀ ရက်မှစတင်ကာ နိုင်ငံအများစုမှ ကာကွယ်ဆေးအပြည့်ထိုးထားသည့် နိုင်ငံခြားခရီးသွားများကို ပြန်လည်လက်ခံတော့မည်ဟု အာဏာပိုင်များက ဇန်နဝါရီ ၂၈ ရက်တွင် ပြောသည်။

ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန်အတွက် နှစ်နှစ်နီးပါးကြာ နိုင်ငံ၏နယ်စပ်များကို ပိတ်ထားခဲ့ရပြီးနောက် ပထမဆုံးအကြိမ်အဖြစ် ပြန်လည်ဖွင့်လှစ်ပေးတော့မည်ဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံသည် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလအတွင်း တိုင်ဖွန်းမုန်တိုင်းကြောင့် နိုင်ငံခြားခရီးသွားများကြားတွင် နာမည်ကြီးသည့် အပန်းဖြေစခန်းများ၊ စားသောက်ဆိုင်များနှင့်ဘားများ ပျက်စီးခဲ့ရသည်။

ယခုအခါ ခရီးသွားလုပ်ငန်းမှာ ပြန်လည်နာလန်ထူလာပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ကာ တိုင်းပြည်စီးပွားရေး တိုးတက်ရေးအတွက် အထောက်အကူဖြစ်မည်ဟု သမ္မတပြောရေးဆိုခွင့်ရှိသူ ကာလိုနိုဂရာလက်စ်က ပြောသည်။




မနီလာမြို့၌ ဈေးဝယ်များနှင့် စည်ကားနေသည်ကို တွေ့ရစဉ်။

ယခင်ကလည်း ဒီဇင်ဘာ ၁ ရက်တွင် နိုင်ငံခြားခရီးသွားများကို ပြန်လည်လက်ခံသွားရန် စီစဉ်ခဲ့သော်လည်း အိုမီခရွန်ကူးစက်မှုများ ပေါ်ပေါက်လာသဖြင့် အဆိုပါအစီအစဉ်ကို ဆိုင်းငံ့ခဲ့ရသည်။ သတ်မှတ်ထားသည့်နိုင်ငံများမှ ကိုဗစ်-၁၉ ကာကွယ်ဆေးအပြည့်ထိုးပြီးသူ နိုင်ငံခြားခရီးသွားများမှာ ဖိလစ်ပိုင်နိုင်ငံသို့မလာမီ ကိုဗစ်-၁၉ ကင်းစင်ကြောင်း ဆေးလက်မှတ်ပြသရမည်ဖြစ်သည်။

ထို့နောက် ဖိလစ်ပိုင်နိုင်ငံသို့ရောက်လျှင် ရောက်ခြင်း အသွားအလာစောင့်ကြည့်ကန့်သတ်မှုခံယူရန် မလိုအပ်ပေ။

ခရီးသွားလုပ်ငန်းမှာ အရှေ့တောင်အာရှနိုင်ငံတစ်နိုင်ငံဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံ၏ စီးပွားရေးအတွက် အဓိကလုပ်ငန်းဖြစ်ပြီး ၂၀၁၉ ခုနှစ်တွင် နိုင်ငံ့ဂျီဒီပီ ၁၃ ရာခိုင်နှုန်းမှာ ခရီးသွားလုပ်ငန်းမှ ရရှိသည်။

လူပေါင်း ရှစ်သန်းကျော် လာရောက်လည်ပတ်ခဲ့သည်ဟု တရားဝင်အချက်အလက်များအရ သိရသည်။ ဖိလစ်ပိုင်နိုင်ငံတွင် လူဦးရေသန်း ၁၁၀ မှာ ကာကွယ်ဆေးအပြည့်ထိုးပြီးဖြစ်သည်။

ကပ်ရောဂါစတင်ဖြစ်ပွားသည့် အချိန်မှစတင်ကာ ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်ခံရသူ ၃ ဒသမ ၄ သန်းရှိပြီး သေဆုံးသူ ၅၃၀၀၀ ကျော်ရှိသည်ဟု သိရသည်။ **အေအက်ဖ်ပီ**

# အီတလီသမ္မတ ဆာဂျီယိုမတ်တာရယ်လာ သမ္မတအဖြစ် ပြန်လည်ရွေးကောက်ခံရ

**ရောမ ဇန်နဝါရီ ၃၀**

အီတလီနိုင်ငံမှ ပါတီများသည် သမ္မတဟောင်း ဆာဂျီယိုမတ်တာရယ်လာကို နောက်ထပ် သမ္မတသက်တမ်းအတွက် ပြန်လည်မဲပေး ရွေးချယ်ခဲ့သည်ဟု သိရသည်။



အီတလီသမ္မတ ဆာဂျီယိုမတ်တာရယ်လာ။

၎င်း၏နေရာတွင် ဆက်ခံမည့်သူ ရွေးချယ်ရင်း နိုင်ငံရေးမတည်မငြိမ်ဖြစ်မှုများကို ရှောင်ရှားနိုင်ခဲ့သည်။ အီတလီနိုင်ငံသည် ယူရိုဇုန်တွင် တတိယအကြီးဆုံး စီးပွားရေးနိုင်ငံလည်းဖြစ်သည်။

ဆာဂျီယိုမတ်တာရယ်လာသည် မဲအရေအတွက် ၅၀၅ မဲထက် ကျော်လွန်ရရှိရန် လိုအပ်သည်။ ၎င်းသည် မဲအရေအတွက် ၇၅၉ ရရှိခဲ့ပြီး နောက်ထပ်သမ္မတသက်တမ်းအတွက် အနိုင်ရရှိခဲ့သည်။

၎င်းမှာ ဖေဖော်ဝါရီ ၂ ရက်နေ့ သို့မဟုတ် ဖေဖော်ဝါရီ ၃ ရက်တို့တွင် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုမည်ဟု မျှော်မှန်းထားသည်။

ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်သည်လည်း တွစ်တာပေါ်တွင် အီတလီသမ္မတအတွက် ဂုဏ်ယူကြောင်း ရေးသားခဲ့သည်။

**အေအက်ဖ်ပီ**

# အစ္စရေးသမ္မတ ယူအေအီးနိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက်လည်ပတ်

**ဂျေရုဆလင် ဇန်နဝါရီ ၃၀**

အစ္စရေးသမ္မတ အိုင်ဇက်ဟားဇော့သည် ဇန်နဝါရီ ၃၀ ရက်တွင် ယူအေအီးနိုင်ငံသို့ ပထမဆုံးအကြိမ် သမိုင်းဝင်ခရီး လာရောက်ခဲ့ပြီး နှစ်နိုင်ငံ ချစ်ကြည်ရေးခိုင်မြဲမှုအတွက် လာရောက် လည်ပတ်ခဲ့ခြင်းဖြစ်သည်။

နှစ်ရက်ကြာ ချစ်ကြည်ရေးခရီးစဉ်မှာ ပင်လယ်ကွေ့နိုင်ငံတစ်ခုသို့ အစ္စရေးသမ္မတအနေဖြင့် တရားဝင်လာရောက်လည်ပတ်ခြင်းဖြစ်သည်။

အဆိုပါ ခရီးစဉ်အတွင်း အဘူဒါဘီ အိမ်ရှေ့မင်းသား ရှိတ်ခ်မိုဟာမက်ဘင်ဇေယက်အယ်လ်နာ့ရန်နှင့် တွေ့ဆုံသွားမည်ဖြစ်သည်။

အစ္စရေးနှင့် ယူအေအီးနိုင်ငံတို့သည် ၂၀၂၀ ပြည့်နှစ် ဩဂုတ်လအတွင်း အမေရိကန်၏ စေ့စပ်ပေးမှုဖြင့် ငြိမ်းချမ်းရေးသဘောတူညီမှုတွင် လက်မှတ်ရေးထိုးခဲ့ကြသည်။

ထို့နောက် အစ္စရေးဝန်ကြီးချုပ် နာ့ဖ်တာလီဘဲန်နက်သည် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလအတွင်း ယူအေအီးနိုင်ငံသို့ သွားရောက်ခဲ့သည်။ **ဆင်ဟွာ**



အစ္စရေးသမ္မတ အိုင်ဇက်ဟားဇော့။

# ဂျပန်အိုလံပစ်အားကစားအဖွဲ့ တရုတ်နိုင်ငံသို့ ထွက်ခွာ

**တိုကျို ဇန်နဝါရီ ၃၀**

ပေကျင်းဆောင်းရာသီ အားကစားပွဲတော်ဖွင့်ပွဲအခမ်းအနား မစတင်မီ ငါးရက်အလိုတွင် ဂျပန်အိုလံပစ်အသင်းသည် တရုတ်နိုင်ငံသို့ ထွက်ခွာသွားပြီဖြစ်သည်။။

အိုလံပစ်ကစားသမားနှင့် အုပ်ချုပ်သူအရာရှိ ၈၃ ဦးတို့သည် ဇန်နဝါရီ ၃၀ ရက်တွင် တိုကျိုမြို့ ဟာနီဒါလေဆိပ်မှ ထွက်ခွာသွားကြသည်။

စကိတ်စီးသမား တာကာဂီမီဟိုမှာ အသင်း၏ခေါင်းဆောင်လည်းဖြစ်သည်။ နောက်ထပ် စကိတ်စီးသမားတစ်ဦးဖြစ်သည့် ကိုဒါအီရာနာအိုမှာလည်း ရွှေတံဆိပ်ဆုရရှိရန် မျှော်မှန်းထားသည်။

ဂျပန်အားကစားသမားပေါင်း ၁၂၄ ဦးမှာ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ပေကျင်းဆောင်းရာသီ အိုလံပစ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလ ၄ ရက်တွင် ကျင်းပသွားမည်ဖြစ်သည်။

အချို့သော ပြိုင်ပွဲများမှာ ဖွင့်ပွဲအခမ်းအနားမစတင်မီ ဖေဖော်ဝါရီ ၂ ရက်နေ့တွင် စတင်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

# လစ်ဗျားနိုင်ငံ၌ မော်ရိုကိုကောင်စစ်ဝန်ရုံး ပြန်လည်ဖွင့်လှစ်သွားမည်

**ထရီပိုလီ ဇန်နဝါရီ ၃၀**

လစ်ဗျားနိုင်ငံ၌ မော်ရိုကိုကောင်စစ်ဝန်ရုံး ပြန်လည်ဖွင့်လှစ်နိုင်ရေး ပြင်ဆင်မှုများ ပြုလုပ်ရန်အတွက် မော်ရိုကို ကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၃၀ ရက်က လစ်ဗျားနိုင်ငံသို့ ရောက်ရှိလာသည်။

လစ်ဗျားနိုင်ငံရှိ မော်ရိုကိုကောင်စစ်ဝန်ရုံးပိတ်ထားသည်မှာ ရှစ်နှစ်ကြာမြင့်ခဲ့ပြီဖြစ်သည်ဟု လစ်ဗျားနိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာခဲ့သည်။ အမျိုးသားညီညွတ်ရေးအစိုးရ၏ ကြိုးပမ်းပေးမှုဖြင့် မော်ရိုကိုနှင့် လစ်ဗျားနိုင်ငံတို့ကြား ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်ကို ထောက်ပံ့ပေးနိုင်ခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေးအတွက် အားကောင်းစေခဲ့သည်ဟု လစ်ဗျားနိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာခဲ့သည်။

နှစ်နိုင်ငံစလုံးမှ နိုင်ငံသားများအတွက် ဗီဇာကိစ္စများဆောင်ရွက်ပေးခြင်း၊ နှစ်နိုင်ငံကြား တိုက်ရိုက်လေကြောင်းပျံသန်းမှု ပြုလုပ်ခြင်းအပါအဝင် အခြားသောကိစ္စရပ်များကို ဆောင်ရွက်သွားမည်ဟု သိရသည်။

လစ်ဗျားနိုင်ငံသည် ၂၀၁၁ ခုနှစ်က မူအမ်မာကဒါဖီကို ဖြုတ်ချခဲ့ပြီးနောက် အကြမ်းဖက်မှုများ၊ နိုင်ငံရေးပဋိပက္ခဖြစ်မှုများနှင့် ရင်ဆိုင်ခဲ့ရသည်။ နိုင်ငံအတွင်း လက်နက်ကိုင်ပဋိပက္ခများကြောင့် နိုင်ငံခြားသံရုံးအများအပြား ပိတ်လိုက်ရခြင်းတို့ ဖြစ်ပေါ်ခဲ့ရသည်။ **ဆင်ဟွာ**

# အာဖဂန်နစ္စတန်၌ အမျိုးသမီးများအခွင့်အရေးအတွက် အာမခံချက်ပေးရန် ကုလအကြီးအကဲတောင်းဆို

ကေကေစိုး




ဖမ်းဆီးခံထားရသည့် အာဖဂန်အမျိုးသမီးတက်ကြွလှုပ်ရှားသူများ၏ ဓာတ်ပုံကိုပြသနေသည်ကို တွေ့ရစဉ်။

တာလီဘန်များသည် အမျိုးသမီးများနှင့် ကလေးများအတွက် အခြေခံလူ့အခွင့်အရေးကို လေးစားလိုက်နာရမည်ဟု ကုလသမဂ္ဂအကြီးအကဲက ဇန်နဝါရီ ၂၆ ရက်တွင် ပြောသည်။

**ဖြေလျှော့ပေးရန်တောင်းဆို**

ယခုအခါ အာဖဂန်မိသားစုများတွင် စားနပ်ရိက္ခာအခက်အခဲကြောင့် မိမိတို့၏ ကလေးငယ်များကို ရောင်းချနေကြရမှုများအား အကာအကွယ်ပေးနိုင်ရေးအတွက် နိုင်ငံခြားတွင် ပိတ်ဆို့ခံထားရသည့် အာဖဂန်နစ္စတန်နိုင်ငံ၏ ပိုင်ဆိုင်မှုများကို ဖြေလျှော့ပေးရန်အတွက်လည်း အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းကို ကုလအကြီးအကဲက တောင်းဆိုခဲ့သည်။

**ဆက်လက်တိုက်တွန်း**

အာဖဂန်နစ္စတန်နိုင်ငံမှာ ရပ်တည်နိုင်ရေး မနည်းကြိုးပမ်းရပ်တည်နေရသည်ဟုလည်း ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး အန်တိုနီယိုဂူတာရက်စ် က သတိပေးပြောကြားခဲ့သည်။

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအခြေအနေများ ယိုယွင်းလာပြီး သန်းနှင့်ချီသော ဆင်းရဲနွမ်းပါးသည့် နိုင်ငံသားများသည် ဆက်လက်အသက်ရှင်ရပ်တည်နိုင်ရေး ရုန်းကန်နေရသည်။

တာလီဘန်တို့အနေဖြင့် အပြည်ပြည်ဆိုင်ရာအသိုင်းအဝိုင်းထံမှ ယုံကြည်မှုများရရှိအောင် ကြိုးစားသင့်သည်ဟုလည်း ၎င်းက ဆက်လက်တိုက်တွန်းခဲ့သည်။

**ယုံကြည်မှုရအောင် ကြိုးပမ်းသင့်**

အမျိုးသမီးများနှင့် ကလေးများအတွက် အခြေခံလူ့အခွင့်အရေးကို အာမခံချက်ပေးခြင်းဖြင့် အပြည်ပြည်ဆိုင်ရာမှ ယုံကြည်မှုရရှိအောင် ကြိုးပမ်းသင့်သည်ဟု လုံခြုံရေးကောင်စီအစည်းအဝေးတွင် ပြောကြားခဲ့သည်။

အမျိုးသမီးတက်ကြွလှုပ်ရှားသူများကို ပြန်ပေးဆွဲခြင်းနှင့် မတရားဖမ်းဆီးခြင်းများ ပြုလုပ်နေသည်ဟူသော သတင်းများ ကြားသိနေရကြောင်း၊ အဆိုပါအမျိုးသမီးများကို ပြန်လွှတ်ပေးရန် တောင်းဆိုကြောင်း ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်က ပြောသည်။

**ငတ်မွတ်ခေါင်းပါးမှုနှင့် ကြုံတွေ့နေရ**

တစ်ချိန်တည်းမှာပင် အပြည်ပြည်ဆိုင်ရာအသိုင်းအဝိုင်းကလည်း အာဖဂန်ပြည်သူများကို ကူညီထောက်ပံ့ပေးမှုများ ပြုလုပ်ကြရန် မေတ္တာရပ်ခံကြောင်း ပြောကြားခဲ့သည်။

ကမ္ဘာ့ဘဏ်နှင့် အမေရိကန်အစိုးရတို့က ပိတ်ဆို့ထားသည့် အကူအညီပေးရေးရန်ပုံငွေများကိုလည်း ပိတ်ဆို့ထားမှုမှ ဖယ်ရှားပေးရန် ဆက်လက်တောင်းဆိုခဲ့သည်။

အာဖဂန်နိုင်ငံသား ထက်ဝက်ကျော်မှာ အလွန်အမင်းငတ်မွတ်ခေါင်းပါးမှုနှင့် ကြုံတွေ့နေရကြောင်း လုံခြုံရေးကောင်စီ ညီလာခံတွင် ဂူတာရက်စ်က ပြောကြားခဲ့သည်။

**ကလေးများကိုရောင်းချနေရ**

မိသားစုအချို့မှ အစားအစာဝယ်ယူရန်အတွက် မိမိတို့၏ကလေးများကို ရောင်းချနေရသည်အထိ အခြေအနေဆိုးရွားနေကြောင်း ဆက်လက်ပြောသည်။ ကုလသမဂ္ဂဆိုင်ရာ တရုတ်သံအမတ်ကြီး Zhang Jun ကလည်း အာဖဂန်အမျိုးသမီးတစ်ဦး ကြုံတွေ့ရသည့် ဖြစ်ရပ်ကို ပြောပြခဲ့သည်။

အဆိုပါအမျိုးသမီးသည် ၎င်း၏မိသားစုအတွက် အစားအစာရရှိရန် ကျောက်ကပ်တစ်ခုနှင့် သမီးနှစ်ဦးကို ရောင်းချခဲ့ရသည်ဟု ပြောသည်။ ဤဖြစ်ရပ်မှာ ကြေကွဲဖွယ်ဖြစ်ရပ်ဖြစ်ကြောင်း အမေရိကန်အနေဖြင့် တစ်ဖက်သတ်ချမှတ်ထားသည့် ပိတ်ဆို့မှုများကို ဖယ်ရှားပေးရန် ၎င်းကတိုက်တွန်းခဲ့သည်။

**စီးပွားရေးကျဆင်းမှုများဖြစ်ပေါ်**

ထို့ပြင် အာဖဂန်နိုင်ငံ၏ ပိုင်ဆိုင်မှုများကို ပိတ်ဆို့ထားရာမှ ဖြေလျှော့ပေးရန်လည်း ပြောကြားခဲ့သည်။ ကုလသမဂ္ဂအနေဖြင့် အဆိုပါပိတ်ဆို့ထားမှုများကို ဖြေလျှော့ပေးနိုင်ရေးအတွက် ဆက်လက်တောင်းဆိုလျက်ရှိသည်။

ပိတ်ဆို့ထားမှုများကြောင့် လိုအပ်သည့် ကူညီထောက်ပံ့ပေးမှုများ လုပ်ဆောင်၍မရဘဲ စီးပွားရေးကျဆင်းမှုများ ဖြစ်ပေါ်လာရသည်ဟု အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ ကုလသံအမတ် ဒက်ဗိုရာလိုင်ယွန်က ပြောသည်။

အာဖဂန်နစ္စတန်နိုင်ငံ၏ စီးပွားရေးတွင် ငွေကြေးစီးဆင်းမှု အခြေအနေတိုးတက်လာစေရေးအတွက် အပြည်ပြည်ဆိုင်ရာမှ အကူအညီပေးရေးအေဂျင်စီများနှင့် အလှူရှင်များ လျင်လျင်မြန်မြန်လုပ်ဆောင်သင့်ပြီဖြစ်ကြောင်း ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်က ပြောသည်။

**ထိန်းသိမ်းထားခဲ့**

အာဖဂန်နစ္စတန်နိုင်ငံ ပြန်လည်တည်ဆောက်ရေးအတွက် ရရှိထားသည့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံကိုလည်း ပြီးခဲ့သည့်နှစ် ဩဂုတ်လအတွင်း တာလီဘန်တို့တိုင်းပြည်ကို ထိန်းချုပ်ပြီးနောက် ကမ္ဘာ့ဘဏ်က ထိန်းသိမ်းထားခဲ့သည်။ မည်သည့်ဆောင်ရွက်မှုမျိုးမှ မပြုလုပ်လျှင် လူ့အသက်များ ဆုံးရှုံးရမည်ဖြစ်ပြီး အခြေအနေများ ပိုမိုဆိုးရွားလာမည်ဟုလည်း ၎င်းကဆက်ပြောသည်။

**စာသင်ကြားခွင့်အတွက် တောင်းဆို**

တာလီဘန်များအနေဖြင့် အခြေခံလူ့အခွင့်အရေးများကို လေးစားလိုက်နာရန် အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်ကို လေးစားရန်နှင့် အမျိုးသမီးများ အလုပ်လုပ်ကိုင်ခွင့်၊ စာသင်ကျောင်းနှင့် တက္ကသိုလ်တက်ရောက်ခွင့်တို့အတွက် ခွင့်ပြုပေးရန် အာဖဂန်လုပ်ငန်းအဖွဲ့အကြီးအကဲဖြစ်သူ နက်ဆီရာအက်မက် ဖီခ်ကပြောသည်။

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းများအတွက် အော်စလိုမြို့တွင် အနောက်နိုင်ငံများနှင့် တာလီဘန်အရာရှိတို့ ဆွေးနွေးခဲ့ကြသည်။

**ပညာရေးအပေါ်တွင် တည်မှီ**

အာဖဂန်နစ္စတန်အတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးရေးအဖွဲ့နှင့် ဆက်နွှယ်သည့် အနောက်သံတမန်များနှင့်လည်း ဆွေးနွေးမှုပြုလုပ်ခဲ့ပြီး လူ့အခွင့်အရေးအခြေအနေများတိုးတက်ရန် ဆွေးနွေးခဲ့ကြသည်။

အမျိုးသမီးများပညာရေးအတွက် ပိုမိုကောင်းမွန်သည့် ပတ်ဝန်းကျင်ကောင်းတစ်ခု ဖန်တီးပေးမည်ဟုလည်း တာလီဘန်တို့က ပြောကြားခဲ့ကြသည်။ တွစ်တာပေါ်တွင် ဖော်ပြထားသည့် ဗီဒီယိုတွင် အာဖဂန်နစ္စတန်နိုင်ငံ၏ အနာဂတ်မှာ ပညာရေးပေါ်တွင် တည်မှီနေကြောင်း တာလီဘန်ပြောရေးဆိုခွင့်ရှိသူ ဇာဘိုင်ဟူလာမူဂျာဟစ်ဒ်က ပြောသည်။

**မျှော်မှန်းထား**

အနောက်နိုင်ငံများမှ အရာရှိများနှင့် တာလီဘန်ကိုယ်စားလှယ်တို့သည် ယခုလအစောပိုင်းက နော်ဝေနိုင်ငံတွင် တွေ့ဆုံဆွေးနွေးပွဲကျင်းပခဲ့ကြသည်။ အလယ်တန်းကျောင်းသူများအတွက် ဆက်လက်ပညာသင်ကြားခွင့်ပေးရန် အနောက်နိုင်ငံများမှ တာလီဘန်များထံ တောင်းဆိုခဲ့ကြသည်။

အလယ်တန်းကျောင်းသူများမှာ မတ်လမှစတင်၍ စာသင်နှစ်စတင်သည့်အခါ ပညာသင်ကြားခွင့်ပေးရန် မျှော်မှန်းထားသည်ဟု ပညာရေးဝန်ကြီးဌာနဆိုင်ရာ တာလီဘန်ပြောရေးဆိုခွင့်ရှိသူက အင်န်အိတ်ချ်ကေသို့ ပြောသည်။ သို့သော်လည်း အသေးစိတ်အချက်အလက်များကိုမူ ပြောပြခဲ့ခြင်း မရှိချေ။

ကိုးကား - အေအက်ဖ်ပီ၊ အင်န်အိတ်ချ်ကေ

**✻ အမျိုးသမီးများနှင့် ကလေးများအတွက် အခြေခံလူ့အခွင့်အရေးကို အာမခံချက်ပေးခြင်းဖြင့် အပြည်ပြည်ဆိုင်ရာမှ ယုံကြည်မှုရရှိအောင် ကြိုးပမ်းသင့်သည်ဟု လုံခြုံရေးကောင်စီအစည်းအဝေးတွင် ပြောကြားခဲ့သည်**

**✻ အမျိုးသမီးတက်ကြွလှုပ်ရှားသူများကို ပြန်ပေးဆွဲခြင်းနှင့် မတရားဖမ်းဆီးခြင်းများ ပြုလုပ်နေသည်ဟူသောသတင်းများ ကြားသိနေရကြောင်း၊ အဆိုပါအမျိုးသမီးများကို ပြန်လွှတ်ပေးရန် တောင်းဆိုကြောင်း ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ကပြော**

# ဇန်နဝါရီ ၂၀ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၇၄ ဦး တွေ့ရှိ

## ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူမရှိ

(၃၀-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာစည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၉-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃၀-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၂၈၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၇၄) ဦး တွေ့ရှိ**ရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၈၇) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၃၄၅,၃၄၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၃၅,၂၅၄) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၉၂) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၁၃,၁၉၃) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ယနေ့တွင်လည်း **ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ မရှိသဖြင့်** ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးမှုမရှိသည်မှာ (၇) ရက်ဆက်တိုက်ရှိပြီဖြစ်ပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၉-၁-၂၀၂၂) ရက်နေ့အထိ လူဦးရေ စုစုပေါင်း (၂၂,၁၀၆,၃၉၁) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ် အပြည့်ထိုးနှံပြီးစီးသူ (၁၈,၈၄၇,၀၆၁) ဦး နှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ (၃,၂၅၉,၃၃၀) ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၂၉-၁-၂၀၂၂) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ရေ စုစုပေါင်း (၄၀,၉၅၃,၄၅၂) ကြိမ် ထိုးနှံပြီး ဖြစ်ပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၃၀-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၄၅) ခု | (၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၁၁) ခု | (၁) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၇၅) ခု | (၁) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၈) ခု | (၆) ဦး |
| ကလေးမြို့၊ တပ်မတော် Mobile PCR Team | (၅) ခု | (၃) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၈၃၄) ခု | (၁၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃၅၇) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇,၇၁၀) ခု | (၁၄၅) ဦး |
| **စုစုပေါင်း** | **(၉,၂၈၅) ခု** | **(၁၇၄) ဦး** |

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ**
**(၂၉-၁-၂၀၂၂) ရက်နေ့**

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၃,၂၅၉,၃၃၀) ဦး |
| ကာကွယ်ဆေး (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေ | (၁၈,၈၄၇,၀၆၁) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေစုစုပေါင်း | (၂၂,၁၀၆,၃၉၁) ဦး |
| စုစုပေါင်း ထိုးနှံပြီးသော ကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses) | (၄၀,၉၅၃,၄၅၂)ကြိမ် |

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) နှင့် ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာကန့်သတ်၍ သီးသန့်ခွဲခြားထားရှိရာနေရာ (Quarantine Center) များ၊ ကုသရေးစင်တာ (Treatment Center) များနှင့် အောက်ဆီဂျင် အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ နီးနွယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းစသည့် လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။
- သို့ဖြစ်ပါ၍ ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ကာကွယ်ရေးအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်း စသည်တို့ကို မမေ့မလျော့ သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့်လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်း နှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၃၀-၁ -၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၇၅၄၈၁၁၂၂ | ၄၅၈၈၂၅၂၀ | ၉၀၆၈၆၁ |
| ၂။ | အိန္ဒိယ | ၄၁၀၉၂၅၂၂ | ၃၈၇၁၃၄၉၄ | ၄၉၄၁၁၀ |
| ၃။ | ဘရာဇီး | ၂၅၂၄၇၄၇၇ | ၂၂၁၆၂၉၁၄ | ၆၂၆၆၄၃ |
| ၄။ | ပြင်သစ် | ၁၈၈၀၈၆၂၅ | ၁၁၉၈၀၇၆၂ | ၁၃၀၄၅၆ |
| ၅။ | ဗြိတိန် | ၁၆၄၀၆၁၂၃ | ၁၃၂၆၆၈၄၉ | ၁၅၅၆၁၃ |
| ၆။ | ရုရှား | ၁၁၇၃၇၀၀၇ | ၁၀၂၁၈၁၅၁ | ၃၃၀၇၂၈ |
| ၇။ | တူရကီ | ၁၁၄၃၈၄၇၆ | ၁၀၇၃၆၁၉၁ | ၈၇၀၄၅ |
| ၈။ | အီတလီ | ၁၀၈၂၁၃၇၅ | ၈၀၁၀၈၁၃ | ၁၄၅၉၁၄ |
| ၉။ | စပိန် | ၉၇၇၉၁၃၀ | ၅၈၃၉၈၅၉ | ၉၂၉၆၆ |
| ၁၀။ | ဂျာမနီ | ၉၆၆၇၆၁၉ | ၇၅၆၄၂၀၀ | ၁၁၈၃၃၅ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၃၀- ၁ - ၂၀၂၂

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၃၄၃၁၈၅ | ၄၁၃၇၁၆၄ | ၁၄၄၃၀၃ |
| ဖိလစ်ပိုင် | ၃၅၄၅၆၈၀ | ၃၂၈၈၉၂၅ | ၅၃၈၉၁ |
| မလေးရှား | ၂၈၆၁၀၆၉ | ၂၇၇၇၇၁၅ | ၃၁၉၅၇ |
| ထိုင်း | ၂၄၃၂၅၃၄ | ၂၃၂၅၈၃၅ | ၂၂၁၆၀ |
| ဗီယက်နမ် | ၂၂၃၃၂၈၇ | ၁၉၆၂၅၉၇ | ၃၇၅၄၇ |
| မြန်မာ | ၅၃၅၂၅၄ | ၅၁၃၁၉၃ | ၁၉၃၁၀ |
| စင်ကာပူ | ၃၄၃၈၃၂ | ၃၂၁၈၄၁ | ၈၅၄ |
| လာအို | ၁၃၃၅၂၄ | ၁၂၆၆၈၇ | ၅၄၄ |
| ကမ္ဘောဒီးယား | ၁၂၁၂၉၉ | ၁၁၇၄၂၈ | ၃၀၁၅ |
| ဘရူနိုင်း | ၁၆၃၄၅ | ၁၅၈၇၇ | ၉၈ |

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်လှူဒါန်း





**နေပြည်တော် ဇန်နဝါရီ ၃၀** ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်ကာလအတွင်း ဆွမ်းကိစ္စရပ်များ အဆင်ပြေစေရန်ရည်ရွယ်၍ ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ သနပ်ပင်ဆိပ်(အရှေ့) ရွာဦးကျောင်းတိုက်သို့ လည်းကောင်း၊ ကချင်ပြည်နယ် မိုးညှင်းမြို့နယ်ရှိ ပညာရောင်ခြည်ပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ မဟာလယ်တီပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ တောင်ငူကျောင်းတိုက်သို့ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ မင်္ဂလာရာမကျောင်းတိုက်သို့ လည်းကောင်း**(အပေါ်ဝဲပုံ)**၊ ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ ကွင်းကျောင်းပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း **(အပေါ်ယာပုံ)** ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် နဝကမ္မ အလှူငွေများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၃၀** တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ပြည်အရှေ့ရပ်ကွက်ရှိ ဒဂုံပရိယတ္တိစာသင်တိုက်၊ မှော်ဘီမြို့နယ် ထိန်စွန်းကျေးရွာရှိ ထိန်စွန်းဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့ ဝိသုဒ္ဓါရုံကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ရန်ကြီးအောင်ကျောင်းတိုက်တို့ရှိ ဆရာတော်၊ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြု ပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီနှင့် ကုလားပဲများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၃၀** နယ်စပ်ရေးရာဝန်ကြီး ဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများမှ ရဟန်း၊ သာမဏေများ ဆွမ်း၊ ကွမ်း အဆင်ပြေစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ အမယ်လေးမျိုး ဆက်ကပ်လှူဒါန်းလျက်ရှိသည့်အပြင် ကိုဗစ်-၁၉ ရောဂါကာကွယ် ကုသရေးအတွက် ကျန်းမာရေး အထောက်အကူပြုပစ္စည်းများ၊ အင်အားဖြည့်အစားအစာများကိုလည်း ထောက်ပံ့လှူဒါန်းလျက်ရှိသည်။

ထိုသို့ ထောက်ပံ့လှူဒါန်းလျက်ရှိရာ ယနေ့တွင် တာချီလိတ်ခရိုင်ဖွံ့ဖြိုးမှု ကြီးကြပ်ရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်သီတာခိုင်နှင့် တာချီလိတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဒုတိယမြို့နယ်မှူး ဦးအောင်ခိုင်မိုးနှင့် သာသနာရေးဦးစီးဌာန၊ ခရိုင်သာသနာမှူး ဦးထွန်းမောင်ကြည်တို့က တာချီလိတ်မြို့နယ် ရွှေတောင်တန်း ဘုန်းတော်ကြီးကျောင်းသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများကို သွားရောက်ဆက်ကပ်လှူဒါန်းသည်။ **(အောက်ပုံ)**

ဆက်လက်ပြီး နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မိုင်းဖြတ်မြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းသို့ လည်းကောင်း၊ မိုင်းယောင်းမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ မိုင်းဟန်ဘုန်းတော်ကြီးကျောင်းသို့လည်းကောင်း၊ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများကို မြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးနှင့် တာဝန်ရှိသူများက တက်ရောက်ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

**သတင်းစဉ်**



## ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၃၀** ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ဇန်နဝါရီ ၂၉ ရက်တွင် ရှမ်းပြည်နယ်မြောက်ပိုင်း ချင်းရွှေဟော်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသားသုံးဦးကို လက်ခံခဲ့ကြသည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါ စစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထားစာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဇန်နဝါရီ ၃၀**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ဦးတည်အုပ်စုများအလိုက် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက် ထိုးနှံ

**နေပြည်တော် ဇန်နဝါရီ ၃၀** တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံ ပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင် စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် (၁၂) နှစ်အထက် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်း အဆင့် ကျောင်းသား ကျောင်းသူများ စသည့်ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ ဝန်ထမ်းများက ကာကွယ်ဆေး ထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

**ကာကွယ်ဆေးထိုးနှံပေး**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၉ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်၌ ဒေသခံပြည်သူ ၂၂၉၃ ဦး၊ ရေဝတီ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၁၈၅၇၀၊ ရခိုင်ပြည်နယ် ပေါက်တောမြို့နှင့်မြောက်ဦးမြို့နယ်တို့၌ ဒေသခံပြည်သူ ၁၃၁၅ ဦး၊ မန္တလေး တိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုမှ ဒေသခံပြည်သူ ၇၇၄၂ ဦး တို့ကို တပ်မတော်မှ ဆေးအဖွဲ့များ က ပြည်သူ့ဆေးရုံများမှ ဆရာဝန် များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်း များနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေး သည်။ **(ဃာပုံ)**

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ဇန်နဝါရီ ၂၉ ရက်နှင့် ယနေ့တွင် ရှမ်း ပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ်၌ ကျောင်းသား ကျောင်းသူ ၂၉ ဦး၊ ရေဝတီတိုင်းဒေသကြီး



အတွင်းရှိ မြို့နယ် ၂၆မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၂၉၅ ဦး တို့ကို တပ်မတော်မှ ဆေးအဖွဲ့များ က ပြည်သူ့ဆေးရုံများမှ ဆရာဝန် များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်း များနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေး သည်။

**လိုအပ်သည်များ ဆောင်ရွက်ပေး**

ထိုသို့ ဆောင်ရွက်ပေးနေမှု များကို သက်ဆိုင်ရာ တိုင်းစစ်ဌာန ချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်း ရရှိသည်။ **သတင်းစဉ်**





# ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၃၀** စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေး စခန်းမှ ကုမ္ပဏီ တစ်ခု၊ ယာဉ်စီးရေ တစ်စီးဖြင့် နှာခေါင်းစည်း (Mask) ခြောက်တန်ကို တင်သွင်းခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)** ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေး တင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေး ကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။ **သတင်းစဉ်**

▼*ကျောဖုံးမှ*

အသုံးပြုသည့် "Nanhla Dawei" Facebook အကောင့်၊ ချမ်းမြသာစည်မြို့နယ်နေ ဇော်မျိုးဦး အသုံးပြုသည့် "Sip Cafe Club" Facebook Page၊ ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ်ရပ်ကွက်နေ စန်းစန်းဌေး(၃၂)နှစ် အသုံးပြုသည့် "San Lay" Facebook အကောင့်၊ ပုသိမ်ကြီးမြို့နယ် ကန်သာယာ ရပ်ကွက်နေ လှဝင်းရှိန် (၅၄)နှစ် အသုံးပြုသည့် Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အမှတ် (၁၀၄) ရပ်ကွက်နေ မျိုးမင်းသန့် အသုံးပြုသည့် Facebook အကောင့်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အမှတ် (၂၀)ရပ်ကွက်နေ အိသန္တာ (၃၃)နှစ် အသုံးပြုသည့် "Ei Thandar ET" Facebook အကောင့်၊ မင်္ဂလာဒုံ မြို့နယ်မှ "MAY MYO" Facebook အကောင့်၊ ရွှေပြည်သာမြို့နယ်နေ လပြည့်ဝင်း အသုံးပြုသည့် "Richard Michael William" Facebook Page ၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ်(၄) ရပ်ကွက်နေ ချမ်းသာ(ခ)ညီငယ် (၃၀)နှစ် အသုံးပြုသည့် "စံကြက်ဥ၊ ဘဲဥရောင်းဝယ်ရေး မိသားစု" Facebook Page ၊ လှိုင်မြို့နယ် အမှတ်(၁၀)ရပ်ကွက်နေ ချောစု (၄၆)နှစ် အသုံးပြုသည့် "Chaw Chaw Lay" Facebook အကောင့်၊ လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် အမှတ်(၉)ရပ်ကွက်နေ မင်းမင်းဦး အသုံးပြုသည့် Facebook အကောင့်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ဆန်ဆိုင်း(ခ)ရပ်ကွက်နေ ခင်စိုးယု(ခ)စိုးယု အသုံးပြုသည့် "တာချီလိတ်နယူးအေဂျင်စီ" Facebook အကောင့်တို့ဖြင့် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြုကာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

**သတင်းစဉ်**

❂ *ကျောဖုံးမှ*

ဘောလုံးပိုင်ဆိုင်မှု အသာမရခဲ့သော်လည်း ပြိုင်ဘက်အသင်းထက် သာလွန်သည့် ကစားဟန်ကို ပြသနိုင်ခဲ့ပြီး လိုအပ်သည့်နိုင်ပွဲကို ဖော်ဆောင်နိုင်ခဲ့သည်။ ဘာကီနာဖာဆိုအသင်းသည် ဆီမီးဖိုင်နယ်တွင် ဆီနီဂေါနှင့် ဂီနီအသင်းတို့ထဲမှ အနိုင်ရရှိမည့်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဘာကီနာဖာဆိုမှ ကွာတာရာ ပွဲချိန် ၈၃မိနစ်တွင် အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသည့်အတွက် ဘာကီနာဖာဆိုအသင်း နစ်နာခဲ့ရသည်။ ထို့ကြောင့် ဘာကီနာဖာဆိုအသင်းသည် ဆီမီးဖိုင်နယ်ပွဲတွင် ကွာတာရာ မပါဘဲ ယှဉ်ပြိုင်ကစားရတော့မည် ဖြစ်သည်။

အခြားသော ကွာတားဖိုင်နယ်ပွဲစဉ်တွင် ဂမ်ဘီယာနှင့် အိမ်ရှင်ကင်မရွန်းအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကာ အိမ်ရှင်ကင်မရွန်းအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဆီမီးဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့သည်။ အဆိုပါ ပွဲစဉ်တွင် ကင်မရွန်းအသင်းအတွက်ရရှိခဲ့သော သွင်းဂိုးနှစ်ဂိုးကို အီကမ်ဘီက ပွဲချိန် မိနစ် ၅၀နှင့် ၅၇ မိနစ်တို့တွင် တစ်ဦးတည်း သွင်းယူပေးနိုင်ခဲ့သည်။ ထို့ကြောင့် အိမ်ရှင်ကင်မရွန်းအသင်းသည် ဆီမီးဖိုင်နယ်တွင် အီဂျစ်နှင့် မော်ရိုကို အသင်းတို့ထဲမှ အနိုင်ရရှိမည့်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

**အောင်ဇော်**

❑ *ကျောဖုံးမှ*

၂၀၂၃ အာရှဖလားပြိုင်ပွဲ နောက်ဆုံးအဆင့်ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် တရုတ်အပါအဝင် ကာတာ၊ ဂျပန်၊ တောင်ကိုရီးယား၊ ဆော်ဒီအာရေဗျ၊ အီရန်၊ ယူအေအီး၊ လက်ဘနွန်၊ အီရတ်၊ ဆီးရီးယား၊ ဩစတြေးလျ၊ အိုမန်နှင့် ဗီယက်နမ်အသင်းတို့မှာ နောက်ဆုံးအဆင့်တွင် ယှဉ်ပြိုင်ခွင့်ရထားပြီး ဖြစ်သည်။

တတိယအဆင့်ခြေစစ်ပွဲတွင် လေးသင်းခြောက်အုပ်စုခွဲ၍ ပြုလုပ်သွားမည်ဖြစ်ပြီး ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် တတိယအဆင့် ခြေစစ်ပွဲကို တစ်ကျော့တည်းပြုလုပ်မည်ဖြစ်ကာ ဇွန် ၈ ရက်မှ ၁၄ ရက်အထိ အုပ်စုတစ်ခုကို အိမ်ရှင်တစ်နိုင်ငံ ရွေးချယ်၍ ပြုလုပ်သွားမည်ဖြစ်သည်။ ၂၀၂၃ အာရှဖလားပြိုင်ပွဲ နောက်ဆုံးအဆင့်တွင် အသင်း ၂၄ သင်းဖြင့် ပြုလုပ်မည်ဖြစ်ပြီး ၁၃ သင်း ထွက်ပေါ်ပြီဖြစ်သောကြောင့် တတိယအဆင့်ခြေစစ်ပွဲမှ ၁၁ သင်း ထပ်မံထွက်ပေါ်မည်ဖြစ်သည်။ ထို့ကြောင့် အုပ်စုခြောက်ခုမှ ထိပ်ဆုံးအသင်းများနှင့် ဒုတိယနေရာရအသင်းများအနက် အကောင်းဆုံးငါးသင်း ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ ၂၀၂၃ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲ အုပ်စုမဲခွဲပွဲကို ဖေဖော်ဝါရီ ၂၄ ရက်ပြုလုပ်သွားမည်ဖြစ်သည်။

**ရဲရင့်လွင်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃၁-၁-၂၀၂၂ တနင်္လာနေ့

**MRTV HD**

- **၀၆:၀၀** မေတ္တသုတ်၊ ရတနသုတ်၊ မောဇ္ဇုဂ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၇:၃၅** မင်္ဂလာရှေ့ခင်းတီးကွက်
- **၀၈:၃၅** ညွန့်ဖွဲ့စာမပီ အနုလက်ရာတို့ဆီ 'သမိုင်းဝင်ပိုလ်ဝင်တောင် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ'
- **၀၉:၁၀** နဝင်္ဂဥပေါ်သထသီလ
- **၁၀:၀၀** သတင်းထဲကသတင်း
- **၁၂:၃၀** 'ဆင့်ကဲဆင့်၍မြင့်ပါစေ' တရားတော်
- **၁၃:၃၅** MRTV National News
- **၁၅:၀၀** သက်ကြီးအခြေခံစာတတ်မြောက်ရေး နည်းပြသင်တန်း
- **၁၆:၃၅** အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ
- **၁၇:၃၀** ကျန်းမာရေးအတွက်တိုင်းရင်းဆေးပညာ
- **၁၇:၄၅** ပြည်သူများလူနေမှုအဆင့်အတန်းမြင့်မားစေရေးမြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ အိမ်ရာများဖော်ဆောင်ပေး
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၃၅** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- **၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'အတိတ်ဒါးဒါးအချစ်ချိုချို' (အပိုင်း-၃၅)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- **၂၁:၀၀** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- **၂၁:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'အဝေးဆုံးသောနေရာ' (အပိုင်း-၂၈)

**သောကြာနေ့ ညတိုင်းတွင် တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်**

MRTV online www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal SCAN ME

**mitv**

- **07:01** Union Blood (Pann Nu Yin, Pann Su Thwin)
- **07:07** Ecotourism: Bat Cave and Chatthin Wildlife Sanctuary
- **07:19** Bottle Gourd Painting
- **07:25** Great Shwedagon - Charitable Associations
- **08:01** Products of Myanmar - Stone Of The Heavens
- **08:27** Myanmar Traditional Snacks: Myanmar Doughnut
- **08:32** Buddha - Dhita (Buddhist Nuns)
- **09:01** News
- **09:26** Global Partnership for Brighter Future: Germany Pavilion at Expo 2020 Dubai
- **09:36** Traditional Chin Clothes
- **09:42** Crickets: Seasonal Delicacy & Job Opportunity
- **10:01** Historic Of Kyaukka Shwe Gu Ni Pagoda

**MRTV NRC**

- **မကောကရင် (၀၆:၀၀ မှ ၀၇:၀၀)** ဒေသစားစရာ ဒိုးငပိကြော်
- **အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)** တွဲလက်ညီညီခရီးဆက်မည် NRC (အပိုင်း-၂)
- **အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)** ထိန်းသိမ်းစို့လေ ဘိုးဘွားအမွေ
- **ချင်း (လိုင်ဇိုး) (၀၉:၀၀ မှ ၁၀:၀၀)** တာရှန်းရှိရာ တောင်တက်ကပွဲ
- **ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)** ရှင်သန်နေသောဘဝများ
- **မွန် (၁၁:၀၀ မှ ၁၃:၀၀)** မွန်စာပေသင်ကြားရေးအောင် (အပိုင်း-၁)
- **ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)** ခမ်းနားထည်ဝါ အင်းသားတို့ရဲ့ရှေးလက်ရာ
- **ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)** ပအိုဝ်းရိုးရာဝတ်စုံ
- **ဝ (၁၇:၀၀ မှ ၁၉:၀၀)** ကန့်လန့်ကာနောက်ကွယ်က အသံလိုင်းများ
- **ကချင် (၁၉:၀၀ မှ ၂၁:၀၀)** လချိဒ်ရိုးရာဝတ်စားဆင်ယင်ပုံ
- **ကယား (၂၁:၀၀ မှ ၂၃:၀၀)** သဘာဝအလှတရားများတည်ရှိရာ ထီးစဲခါးရေတံခွန်ဆီ

**MRTV PARLIAMENT**

- **၀၉:၀၀** အဖွင့်၊ အလံ
- **၀၉:၁၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ယုန်ကမတိုးဖိုက်ကတိုး'
- **၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
- **၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၆)
- **၁၁:၀၀** ရွေးချယ်တင်မြှောက်ပုံစနစ်အမျိုးမျိုး အကြောင်းသိကောင်းစရာ (အပိုင်း-၃)
- **၁၁:၃၀** အတွေးအမြင် (အပိုင်း-၆)

**MRTV SPORTS**

- **၀၆:၀၀** အဖွင့်
- **၀၆:၁၀** အခြေခံအားကစားနည်းစနစ်များ
- **၀၇:၀၀** Sports News
- **၀၇:၁၀** Soccer View/ Weekly Sports Info
- **၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
- **၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- **၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel MRTV FARMERS' ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည (၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

## ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၃၀-၁-၂၀၂၂) ညနေ ၆ နာရီအချိန်အထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Anti-inflammatory | | | | |
| 1 | Injection- Dexamethasone | Vial | 160 | Aorta |
| Antiviral | | | | |
| 2 | P.O Favipiravir 400 mg | 2x10 Tablet | 50000 | AA Medical |
| 3 | Injection - Remdesivir | Vial | 70000 | GHI |
| Anti thrombosis | | | | |
| 4 | Injection Enoxaprim 40 mg | 1 Pre-Filled Syringe | 7000 | Nyi Lay Naing |
| 5 | Injection Enoxaprim 60 mg | 1 Pre-Filled Syringe | 9000 | Nyi Lay Naing |
| Symptomatic | | | | |
| 6 | P.O Paracetamol 500 mg | 10x10's tablets/ Box | 1500 | AA Medical |
| 7 | P.O Dextromethophan | 10x10's | 1450 | AA Medical |
| 8 | P.O Bromhexine | 10x10's tablets/ Box | 1000 | Medi Myanmar |
| 9 | P.O Cetrizine | 10x10's / Box | 2200 | AA Medical |
| Supportive | | | | |
| 10 | P.O Multivitamin with/ without zinc | 3x10's / Box | 5600 | OLIVE |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccp-md.org)နှင့် Facebook Page https://www.facebook.com/ 323 30252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ သတင်းစဉ်

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေး

နေပြည်တော် ဇန်နဝါရီ ၃၀- အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများကို နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ဇန်နဝါရီ ၃၀ ရက်၌ နယ်စပ် (ချင်းရွှေဟော်)တွင် ကုမ္ပဏီနှစ်ခုမှ Mask ၆၂၀၀ Kg၊ Syringe အခု ၂၇၆၉၀၊ Infusion အခု ၅၆၈၀၊ Glucose Injection အခု ၂၁၂၈၀၊ Pai Hydro Injection အခု ၄၆၀၀၊ Pai B Plex Injection အခု ၄၉၀၀ တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ သတင်းစဉ်

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃၀ - ၁ - ၂၀၂၂

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၈၇၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၇၆၀၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၈၆၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၇၅၈၁၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၅၈၀/၁၅၉၀ ကျပ် | ၁၆၁၀/၁၆၃၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၅၉၀/၁၆၀၀ ကျပ် | ၁၆၂၅/၁၆၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၅၅၅/၁၅၇၅ ကျပ် | ၁၆၀၀/၁၆၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၆၀၅/၁၆၄၅ ကျပ် | ၁၇၂၀/၁၇၃၅ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၇၈ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၇၈ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၀၉ . ၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၃ . ၃၀၅ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၃၈ . ၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၃ . ၇၄ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၉ . ၃၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၆၈၃ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၁၀၀ | ၈၁၀၀ | ၁၈၀ | ၁၄၅၈၀၀၀ |
| MTSH | ၃၀၀၀ | ၃၀၅၀ | ၇၈၃၃ | ၂၃၄၉၄၇၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၉၅၀၀ | ၁၉၅၀၀ | ၉၂ | ၁၇၉၄၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်


**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်းသတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း ဂွမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**စစ်တွေ ဇန်နဝါရီ ၃၀**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်းသည် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဗိုလ်ချုပ်ထင်လတ်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ အစိုးရအဖွဲ့အတွင်းရေးမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၂၈ ရက်က သံတွဲခရိုင် ဂွမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဂွမြို့နယ် ခန်းမဆောင်တည်ဆောက်နေမှုနှင့် ဂွ-ကျောက်ချွန်လမ်းပေါ်ရှိ ဂွချောင်းတံတား တည်ဆောက်နေမှုကို သွားရောက်စစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များအား တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အမှာစကားပြောကြားကြသည်။ **(အပေါ်ပုံ)**

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇာနည်ကျော်က သံတွဲခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့မှ ဂွမြို့နယ်အတွင်းရှိတောင်သူများအား မိုးစပါးစိုက်ပျိုးရေးအဆင်ပြေစေရန်အတွက် သွင်းအားစုဓာတ်မြေဩဇာပေးအပ်မှုများ၊ ကျေးလက်အိမ်ရာတည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများ၊ ဒေသဆိုင်ရာအချက်အလက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး မြို့မိ မြို့ဖတစ်ဦးက ဒေသအတွက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့်အစိုးရအဖွဲ့အတွင်းရေးမှူးတို့က ပြန်လည်ဆွေးနွေးကြပြီး မိမိတို့ဝန်ကြီးဌာနအလိုက် ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရေးနှင့် ဒေသတည်ငြိမ်အေးချမ်းရေးတို့အတွက် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်က ဒေသအတွင်း လူမှုစီးပွားရေးဆိုင်ရာကိစ္စရပ်များ၊ သဘာဝကို အခြေခံ၍ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများ၊ ကျန်းမာရေးကဏ္ဍအတွက် အဘက်ဘက်မှ လိုအပ်သည်များအတွက် အားပေးဖြည့်ဆည်း ဆောင်ရွက်နေမှုအခြေအနေများ၊ ပြည်နယ်အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ ပေါင်းစပ်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုလျင်မြန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားပြီး တိုင်းမှူးက ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာများအား ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေထုတ်ယူခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကိုဗစ်-၁၉ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ်**
**ကုစားရေးလုပ်ငန်းကော်မတီ**
**သတင်းထုတ်ပြန်ချက် ( ၁ / ၂၀၂၂ )**
**၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်**

၁။ ကိုဗစ်-၁၉ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ၏ အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၂ ) ဆုံးဖြတ်ချက်အရ ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာများအား ဘဏ္ဍာရေးဆိုင်ရာ အကူအညီပေးအပ်နိုင်ရေးအတွက် ချေးငွေထုတ်ပေးရန် လျှောက်ထားလာသည့် ကုမ္ပဏီ / လုပ်ငန်းများအနက် ပူးတွဲစာရင်းပါ ကုမ္ပဏီ / လုပ်ငန်း (၁၁၆) ခု သို့ ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေထုတ်ယူခွင့်ပြုလိုက်သည်။

၂။ ချေးငွေလျှောက်လွှာများကို ဆက်လက် စိစစ်ခွင့်ပြုပေးသွားမည် ဖြစ်ပါကြောင်းနှင့် ချေးငွေထုတ်ယူခွင့်ရရှိသူများအနေဖြင့် ဘဏ်လုပ်ထုံး လုပ်နည်းများနှင့်အညီ စိစစ်၍ ချေးငွေထုတ်ပေးရာတွင် ဘဏ်တစ်ခုခု၌ တရားစွဲဆိုခံထားရသည့် လုပ်ငန်းဖြစ်ပါက ချေးငွေများ ထုတ်ပေးမည် မဟုတ်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး**
**သက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ**

*ယမန်နေ့မှအဆက်*

**ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာများအား ဘဏ္ဍာရေးဆိုင်ရာ**
**အကူအညီပေးအပ်နိုင်ရေးအတွက် ကိုဗစ်-၁၉ ရန်ပုံငွေမှ ပထမအသုတ် ချေးငွေ ခွင့်ပြုပေးရန်**
**စိစစ်အတည်ပြုသည့် ကုမ္ပဏီ / လုပ်ငန်းများ**

| စဉ် | ကုမ္ပဏီ / လုပ်ငန်းအမည် | လိပ်စာ |
|---|---|---|
| ၈၂ | "မဟာ"ပုံနှိပ်တိုက် | ၈၅ လမ်း၊ ၃၄ x ၃၅ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၈၃ | "အောင်သူကြီး"ပုံနှိပ်တိုက် | ၃၂ လမ်း၊ ၆၆ x ၆၂ ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၈၄ | "တိုင်းကမ္ဘောဇ" ပုံနှိပ် | ၂၉ x ၃၀ ၊ ၈၆ x ၈၇ ကြား၊ ချမ်း/နောက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၈၅ | "စိန်ပါရမီ" ပုံနှိပ်တိုက် | ၃၂ x ၃၃ ကြား၊ ၉၀ x ၉၁ ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၈၆ | ပွင့်ဖြူပုံနှိပ်တိုက်နှင့်စာရေးကိရိယာ (Pwint Phyu Printing House &Stationary Products) | ၃/ခ၊ ပန်းခြံကျောင်းလမ်း၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၈၇ | ဦးဥတ္တမ စာပေ | အမှတ်-(၃၃၆)၊ (၇)လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၈၈ | အေဇက် စာပေ ထုတ်ဝေရေးနှင့် ပုံနှိပ်လုပ်ငန်း | အမှတ်-(၁၁၈)၊ ၄လမ်း၊ ပုသိမ်မြေရပ်ကွက်၊ ဒေါပုံမြို့နယ်နှင့် အမှတ်-(၁၂၉-ခ)၊ ၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၈၉ | မြန်မာနယူးဝိ(ခ်) ဂျာနယ် (Myanmar News Week Journal) | အမှတ် ၁၉၈၊ လေးထပ်၊ ပန်းဆိုးတန်းလမ်းအလယ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၉၀ | အိုင်အမ်အေ ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက် | အမှတ်-(၃၇၅)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၉၁ | ချမ်းသာပုံနှိပ်တိုက်နှင့် စာအုပ်ချုပ်လုပ်ငန်း | အမှတ်-(၅၃)၊ အခန်း-(၅/၆)၊ ၅၅ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၉၂ | စိန်ပန်းပြာ မီဒီယာနှင့် ကြော်ငြာလုပ်ငန်း ကုမ္ပဏီလီမိတက် | အမှတ်-၂၈(ခ)၊ အခန်း(၆၀၁)၊ Sky View ကွန်ဒို၊ ကျောက်ကုန်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၉၃ | နည်းသစ်စာအုပ်တိုက် (New Way Library) | အမှတ်-၂၂၈၊ ကျိုက္ကဆံလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်တိုင်းဒေသကြီး |
| ၉၄ | ကလိုဆာ မဂ္ဂဇင်း (Closer) | အမှတ်-(၅၄)၊ ၅ လွှာ(အေ)၊ သမာဓိလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၉၅ | သူငယ်ချင်းသုံးဖော် ပုံနှိပ်လုပ်ငန်း (Three Friends Printing) | အမှတ်(၁၉)၊ ပုဂံဂန်ထောက် ဦးတင်လမ်း၊ ၁၄၄ ရပ်ကွက် ဒဂုံမြို့သစ်တောင်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး |
| ၉၆ | ၃၆၀ ပင်တလယ် ကုမ္ပဏီလီမိတက် (360 PIN TA Le' Co., Ltd.) | အမှတ်-၅၂၊ တိုက်(အေ)၊ အခန်း(၄၀၄)၊ ဖို့မြေရပ်ကွက်၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ရွှေမြယာအိမ်ရာ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၉၇ | ဖိုးသကြား ပုံနှိပ်တိုက်လုပ်ငန်း (Bo Thikar Printing House) | အမှတ်(၁၈၄)၊ (၅၁) လမ်း၊ (၁၀)ရပ်ကွက် ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၉၈ | သုခဝေ ပုံနှိပ်တိုက်လုပ်ငန်း (Thukha Wai Printing House) | အမှတ်(၂၈)၊ ငုဝါလမ်း၊ ၂၉ ရပ်ကွက်၊ သုဝဏ္ဏ၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၉၉ | လာဘ်မိုးစွေ စာပေထုတ်ဝေရေး | အမှတ်-(၂၇)၊ (၅၂) လမ်း(အောက်)၊ ၅ ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၀၀ | FAB GUIDE စာပေ | အမှတ်(၁၄၄)၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ကန်/နောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၀၁ | ကွန်ပျူတာဂျာနယ် | ၁၁ (အေ)၊ ၁၈၅-၁၉၅၊ ပန်းဆိုးတန်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၀၂ | လပ်ကီးစမိုင်း ရုပ်ရှင် ထုတ်လုပ်ရေး | အမှတ်-(၇၁)၊ လှိုင်မြင့်မိုရ် (၂) လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၀၃ | သတင်းနဂါး သတင်းစုံဂျာနယ် | ၁၅၇၉/က-ခ၊ ကျန်စစ်သားလမ်း၊ (၁၉)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၀၄ | မြန်မာသံတော်ဆင့်သတင်းဂျာနယ် (Myanmar Herald News Journal) | အမှတ်(၂၁)၊ ဗိုလ်တေဇလမ်း၊ ဗိုလ်ထွန်းဇံရပ်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၀၅ | မိုးကျော် ပုံနှိပ်လုပ်ငန်း | အမှတ် (၆၉)၊ ဇေယျာသုခလမ်း၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၀၆ | စမတ်စာပေ | (၃၈)လမ်း၊ ပလာဇာ၊ ၄လွှာ၊ ဆိပ်ကမ်းသာလမ်း(အပေါ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၀၇ | ရှုထောင့်မှုခင်းနှင့် သတင်း ဂျာနယ်/ မဂ္ဂဇင်း | အမှတ်-၉၆၊ မဟာသုခလမ်း၊ ကျီတော်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၀၈ | ရွှေကူမေနှင်း စာအုပ်အရောင်းဆိုင် | အမှတ်-(၄၂/၆)၊ ပြည်ရိပ်မွန်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၀၉ | ဈေးရောင်းဈေးဝယ် လမ်းညွှန် | အမှတ်(၂၈/၃၀)၊ ဗညားဒလလမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၁၀ | မိန်း ပုံနှိပ်လုပ်ငန်း | အမှတ်-၁၉၁၊ ၃၉ လမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၁၁ | ကားဂျာနယ် | အမှတ်-၈၁၊ ၂ ခန်းတွဲလမ်း၊ အ.မ.က (၂၉) နောက်၊ စဥ့်ငူ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၁၂ | ဩကာသ စာပေထုတ်ဝေ ဖြန့်ချိရေး | အမှတ်-၄၇၊ ၁၀၈လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၁၃ | စိုးနိုင် စာပေ | အမှတ်-(၁၉)၊ ပထမထပ်၊ အဆောင်(၃)၊ သိမ်ကြီးဈေး(စီရုံ)၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၁၄ | နိုင်ငံ့ဂုဏ်ရည် စာပေတိုက် | အမှတ်(၂၁၁)၊ ၃၉ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၁၅ | ပီးပဲမီဒီယာ (People Media) | သုခတော်ဝင်အိမ်ရာ၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော် |
| ၁၁၆ | နံ့နက်ခင်း သတင်းဂျာနယ် | အမှတ်-၈(ဃ)/၁၁၈)၊ နန္ဒာလမ်း၊ ရပ်ကွက်ကြီး (၆) ၊ ကန်တော်လေး၊ ပြင်ဦးလွင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |

# ရေကြောင်းသတိပေးချက်ထုတ်ပြန်ကြေညာ

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော POSCO INTERNATIONAL Corporation (Myanmar E&P)သည် ကမ်းလွန် လုပ်ကွက်အမှတ် (A-3)တွင် Shwe Phase 2 Exploration Project အတွက် တွင်းတူးဖော်ရေးလုပ်ငန်းများအား Semi-Submersible Rig "Deepwater NAUTILUS" (Call Sign: D5UE8) ဖြင့် ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်နေ့မှ ၂၀၂၂ ခုနှစ် ဧပြီလ ၁၅ ရက်နေ့အထိ ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ တွင်းတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်မည့်ဧရိယာအကျယ်အဝန်းများကို ဖော်ပြသည့် Coordinate များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| Point | Latitude | longitude |
|---|---|---|
| A | 19° 26' 21.69" N | 92° 24' 30.04 "E |
| B | 19° 29' 42.77" N | 92° 34' 19.99 "E |
| C | 19° 16' 55.70" N | 92° 28' 03.29" E |
| D | 19° 20' 18.73" N | 92° 38' 04.08 "E |

၃။ သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ် (A-3)တွင် Shwe Phase 2 Exploration Project အတွက် တွင်းတူးဖော်ရေးလုပ်ငန်းများအား Semi- Submersible Rig "Deepwater NAUTILUS" (Call Sign: D5UE8) ဖြင့် ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၃၀ ရက်နေ့မှ ၂၀၂၂ ခုနှစ် ဧပြီလ ၁၅ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ တွင်းတူးဖော်ရေးတည်နေရာများမှ ၄ ကီလိုမီတာပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗာန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရန် ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန် ကြေညာအပ်ပါသည်။

## တာမွေမြို့နယ်၌ ပြည်သူ ၉၇၀၀ ကျော်အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးပြီးဖြစ်

**ရန်ကုန် ဇန်နဝါရီ ၃၀**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်အတွင်း နေထိုင်ကြသည့် တိုင်းရင်းသားများနှင့် ဥပဒေအရ နိုင်ငံသားများအား ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုးကို ဥပဒေနှင့်အညီ ထုတ်ပေးနိုင်ရေးအတွက် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ပန်းခင်းစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ဇန်နဝါရီ ၂၇ ရက်အထိ မြို့နယ်အတွင်းရှိ ပြည်သူ ၉၇၀၀ ကျော်အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ခဲ့ပြီဖြစ်သည်။

တာမွေမြို့နယ်ရှိ ရပ်ကွက် ၂၀ တွင် ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးရာ ဇန်နဝါရီ ၂၇ ရက်အထိ မြို့နယ်အတွင်းရှိ ပြည်သူ အမျိုးသား ၄၈၉၀ နှင့် အမျိုးသမီး ၄၈၁၇ ဦး စုစုပေါင်း ၉၇၀၇ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးပြီးဖြစ်ကြောင်း မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ သိရသည်။ **နိုင်လင်းအောင်(ပြန်/ဆက်)**

## မင်္ဂလာရန်ကင်း ပြည်သူ့အငှားအိမ်ရာစီမံကိန်းတွင် ဖွန်လအတွင်း ငှားရမ်းနေထိုင်ခွင့်ပြုနိုင်ရန် စီစဉ်လျက်ရှိ

**မန္တလေး ဇန်နဝါရီ ၃၀**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင်အနီး ရှင်တော်ကုန်းကျေးရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် မင်္ဂလာရန်ကင်း ပြည်သူ့အငှားအိမ်ရာ စီမံကိန်းတည်ဆောက်နေမှုသည် လက်ရှိတွင် ၈၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်၍ လာမည့် ဖွန်လအတွင်း ငှားရမ်းနေထိုင်ခွင့်ပြုနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။



၈၀ ရာခိုင်နှုန်းဆောက်လုပ်ပြီးစီးနေသည့် မင်္ဂလာရန်ကင်း ပြည်သူ့အငှားအိမ်ရာစီမံကိန်းမှ အဆောက်အအုံများ။

တိုင်းဒေသကြီးအတွင်းမှ အိမ်ရာဝယ်ယူနိုင်စွမ်းမရှိသည့် ဝင်ငွေနည်းပြည်သူများ၊ အငြိမ်းစားဝန်ထမ်းများ၊ အငြိမ်းစားယူရန်နီးကပ်နေသည့် ဝန်ထမ်းများ၊ ဝင်ငွေနည်းကုမ္ပဏီဝန်ထမ်းများ နေထိုင်ရေးအဆင်ပြေစေရန် ရည်ရွယ်၍ ပြည်သူ့အငှားအိမ်ရာစီမံကိန်းကို ခန့်မှန်းကုန်ကျငွေကျပ် ၄၁ ဒသမ ၆ ဘီလီယံသုံးစွဲကာ ၂၀၂၀ ဩဂုတ် ၂၈ ရက်က စတင်တည်ဆောက်ခဲ့ပြီး ၂၀၂၂ ခုနှစ် ဖွန်လအတွင်း ပြီးစီးမည်ဖြစ်ကြောင်း၊ လက်ရှိတွင် ၈၀ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးနေပြီဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသက်နိုင်ထံမှ သိရသည်။

"ပြည်သူ့အငှားအိမ်ရာမှာ ငှားရမ်းနေထိုင်ခွင့်ကို လျှောက်ထားသူရဲ့ ဝင်ငွေပေါ်မူတည်ပြီး ဝင်ငွေနဲ့ ကိုက်ညီတဲ့ အိမ်ခန်းကို ခွင့်ပြုပေးသွားမှာပါ။ ငှားရမ်းနေထိုင်ခွင့်သက်တမ်းကို တစ်ကြိမ်လျှင် ငါးနှစ်နဲ့ အများဆုံး နှစ်ကြိမ်ခွင့်ပြုမယ်။ နှစ်စဉ် အိမ်ငှား ဦးစီးကိုယ်တိုင် သက်တမ်းတိုးခြင်းကို ဆောင်ရွက်ရပါမယ်။ မသန်စွမ်း/သက်ကြီးရွယ်အိုဖြစ်ပြီး မှီခိုဖို့မရှိသူများကို ဆက်လက်ငှားရမ်းခွင့်ပြုနိုင်ရေးအတွက် အိမ်ခန်းနေရာချထားရေးကော်မတီရဲ့ ထောက်ခံချက်နဲ့ ဆောင်ရွက်နိုင်ပါတယ်။ ဌာနအနေနဲ့ လောလောဆယ် နေရေးခက်ခဲနေကြတဲ့ ပြည်သူတွေအတွက် ဝန်ဆောင်မှုပေးနိုင်စေဖို့ ဒီစီမံကိန်းကို အမြန်ဆုံး ပြီးစီးအောင် ကြိုးစားဆောင်ရွက်နေပါတယ်"ဟု ၎င်းက ရှင်းပြသည်။

အဆိုပါ ပြည်သူ့အငှားအိမ်ရာစီမံကိန်းတွင် ၆၆၆ စတုရန်းပေ အကျယ်အဝန်းရှိ လေးခန်းတွဲ ငါးထပ် အဆောက်အအုံအလုံးရေ ၉၁ လုံး၊ အိမ်ခန်းယူနစ်ပေါင်း ၁၄၅၆ ခန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး အဆိုပါ အိမ်ရာများပြီးစီးပါက အိမ်ခန်းငှားရမ်းနေထိုင်ခွင့်အနေဖြင့် ပျမ်းမျှ တစ်လငှားရမ်းခ ငွေကျပ် ၄၀၀၀၀ မှ ၅၀၀၀၀ ကြား၊ အထပ်အနိမ့်အမြင့် အပေါ်မူတည်၍ သတ်မှတ်သွားမည်ဖြစ်ကြောင်းနှင့် အိမ်ခန်းချထားရေးမူဝါဒနှင့် အိမ်ခန်းငှားရမ်းခ ဈေးနှုန်းသတ်မှတ်ချက်ကို ဦးစီးကော်မတီနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ထံသို့ တင်ပြဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြည်သူ့အငှားအိမ်ရာစီမံကိန်းများကို ရန်ကုန်မြို့တွင် အဆောက်အအုံ ၁၉၄ လုံး အိမ်ခန်းယူနစ်ပေါင်း ၃၁၀၄ ခန်း၊ နေပြည်တော်တွင် အဆောက်အအုံ ၂၈ လုံး အိမ်ခန်းယူနစ်ပေါင်း ၄၄၈ ခန်းနှင့် မန္တလေးမြို့တွင် အဆောက်အအုံ ၉၁ လုံး အိမ်ခန်းယူနစ်ပေါင်း ၁၄၅၆ ခန်းပါသည့် စီမံကိန်းများအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ဝိုင်ဘီအက်စ်ယာဉ်များတွင် EPS ကတ်စနစ် အရှိန်မြှင့်ဆောင်ရွက်ရန် YRTC နှင့် လုပ်ငန်းရှင်အကြား သဘောတူလက်မှတ်ရေးထိုး

**ရန်ကုန် ဇန်နဝါရီ ၃၀**

လူဦးရေအထူထပ်ဆုံးသော ရန်ကုန်မြို့ကြီးတွင် နေ့စဉ်ခရီးသည်သွားလာမှုနှင့် စီးနင်းမှုအများဆုံးဖြစ်သည့် ဝိုင်ဘီအက်စ်ယာဉ်များတွင် ခေတ်စနစ်နှင့်အညီ ပြည်သူများအဆင်ပြေစေရန် ရည်ရွယ်၍ Electronic Payment System(EPS) ကတ်စနစ်ကို အရှိန်မြှင့်ဆောင်ရွက်ရန် လုပ်ငန်းရှင်ကုမ္ပဏီဖြစ်သော Asia Starmar Transport Intelligent နှင့် ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှု ကော်မတီတို့အကြား နှစ်ဖက်သဘောတူလက်မှတ်ရေးထိုးပွဲကို ရန်ကုန်မြို့ YRTC ရုံးချုပ်၌ ဇန်နဝါရီ ၂၇ ရက်က ကျင်းပသည်။

အဆိုပါ ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီနှင့် လုပ်ငန်းရှင် Asia Starmar Transport Intelligent တို့အကြား ဒုတိယပြင်ဆင်ချက် သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲတွင် YRTC မှ ဒုတိယဥက္ကဋ္ဌ ဦးချစ်ကိုကို၊ တွဲဖက်အတွင်းရေးမှူး ဦးလျှန်ကျော့မန်နှင့် ကော်မတီမှတာဝန်ရှိသူများ၊ Asia Starmar Transport Intelligent မှ ဥက္ကဋ္ဌ ဦးသူရလွင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရန်ကုန်မြို့၌ YPS ငွေပေးချေကတ်စနစ်ကို ပြီးခဲ့သော ၂၀၁၉ ခုနှစ်မှ စတင်ကာ အဆိုပါကုမ္ပဏီဖြင့် စာချုပ်ချုပ်ဆိုဆောင်ရွက်ခဲ့ရာ ကိုဗစ်ရောဂါအခြေအနေကြောင့် ရပ်တန့်သွားသလိုဖြစ်ခဲ့ပြီး လက်ရှိအချိန်တွင် ဝိုင်ဘီအက်စ်ယာဉ်လိုင်းပေါင်း ၃၆ လိုင်းမှ ယာဉ်အစီးရေပေါင်း ၁၉၀၄ စီးတွင် ပြန်လည်လည်ပတ် အသုံးပြုလျက်ရှိသည်။ ပြည်သူများအကြား ငွေပေးချေ ကတ်ဖြန့်ချိထားမှုအနေဖြင့် ကတ်ပေါင်း တစ်သိန်းဝန်းကျင် ဖြန့်ဖြူးထားပြီးဖြစ်ရာ ကတ်ပေါင်း ခုနစ်သောင်းနီးပါးတွင် ငွေဖြည့်သွင်းမှုပြုလုပ်ကာ အသက်ဝင်လျက်ရှိသည်။ ဝိုင်ဘီအက်စ်ယာဉ်များပေါ်တွင် နေ့စဉ်စီးနင်းလိုက်ပါ အသုံးပြုနေသော ပြည်သူများမှာ ကတ်သုံးသောင်းကျော်အထိ အသုံးပြုလျက်ရှိသည်။




ဝိုင်ဘီအက်စ်ယာဉ်များတွင် EPS ကတ်စနစ် အရှိန်မြှင့်ဆောင်ရွက်နိုင်ရေး YRTC နှင့် လုပ်ငန်းရှင်အကြား သဘောတူလက်မှတ်ရေးထိုးစဉ်။

ယခုလတ်တလောတွင် ကတ်အသစ်အသုံးပြုမည့် ပြည်သူများအား ယခင်ကဲ့သို့ ငွေဖြည့်ကတ်တစ်ကတ်ကို ငွေကျပ်နှစ်ထောင်ဖြင့် ရောင်းချမည်မဟုတ်ဘဲ ငွေပေးချေကတ်အတွင်း ကနဦး ငွေကျပ်သုံးထောင် ဖြည့်သွင်းရုံဖြင့် ငွေပေးချေကတ်ကို သက်ဆိုင်ရာက အခမဲ့ပေးသွားမည်ဖြစ်ကြောင်း၊ ကတ်အတွင်း ငွေဖြည့်သွင်းရာတွင်လည်း ငွေကျပ်တစ်ထောင်မှ ငါးသောင်းအထိ ဖြည့်သွင်းနိုင်ကြောင်း၊ ရန်ကုန်မြို့အတွင်းရှိ ဝိုင်ဘီအက်စ်မှတ်တိုင်များအနီး၌ YPS ကတ်အရောင်းဆိုင် ၁၄ ဆိုင်နှင့် ၂၄ နာရီအရောင်းဆိုင်များဖြစ်သော G & G အရောင်းဆိုင် ၆၇ ဆိုင်တို့တွင် ရောင်းချမည်ဖြစ်ပြီး မိုဘိုင်းစနစ်ဖြင့်လည်း ရန်ကုန်မြို့အတွင်း လှည့်လည်၍ လိုက်လံဖြန့်ဖြူးမည်ဖြစ်ကြောင်း သိရသည်။ **မြင့်မိုရ်၊ ဓာတ်ပုံ- မင်းထက်**

# ဆီအိုး၊ ဆန်အိုးကြီးများအကြောင်း

မြင့်မောင်စိုး



**"မြန်မာနိုင်ငံတွင် ဆီအိုးကြီး၊ ဆန်အိုးနှင့် ဆားအိုးကြီးသည်လည်း အသင့်ရှိနေပြီဖြစ်ပါသည်။ သို့သော် ထိုဆီအိုးကြီး၊ ဆန်အိုးကြီးနှင့် ဆားအိုးကြီးများ ပြည့်လျှံဖူလုံရေးသည် တစ်နှစ်တည်း ဖြည့်တင်းရမည့်ကိစ္စမဟုတ်ဘဲ နှစ်စဉ်နှစ်တိုင်း ဝါယမစိုက်ကာ ကြိုးစားအားထုတ်ရမည့်ကိစ္စကြီးပင် ဖြစ်ပါသည်"**

"အဝိဇ္ဇာဏကာ - အဝိဇ္ဇာဏက ဖြစ်ကုန်သောတော တောင် ရေ မြေ သစ်ပင်ဟူသမျှတို့သည် ဓာတုယာ-ဓာတ်လေးပါးကြောင့်၊ ဌိတာ - တည်ကုန်၏။ သတ္တ-သတ္တဝါဟူသမျှတို့သည်၊ အာဟာရေန-အာဟာရကြောင့်၊ ဌိတာ - တည်နေကြကုန်၏" ဆိုသော သဘာဝတရားအတိုင်း ကျွန်တော်တို့လူသားများ အသက်ရှင်နေထိုင်နိုင်ရေး စားရေရိက္ခာ ပြည့်စုံရေးသည် အရေးကြီးဆုံးသောကိစ္စတစ်ရပ်ပင် ဖြစ်ပေသည်။

### စားဆီလိုအပ်ချက်မြင့်မားနေ

ယခုတလော ကျွန်တော် ဖတ်မှတ်မိသောသတင်းများတွင် ဆီအိုးကြီးသုံးလုံးအကြောင်း။ ထိုဆီအိုးကြီး သုံးလုံးသည် စိန်အိုးကြီးသုံးလုံး မဟုတ်သလို ရွှေအိုးကြီးသုံးလုံးလည်း မဟုတ်ပေ။ သို့သော် ထိုစိန်အိုး၊ ရွှေအိုးတွေထက် ဆီအိုးကြီးများသည် အဖိုးအနဂ္ဃထိုက်တန်လှပေသည်။ အကြောင်းသည်ကား ကျွန်တော်တို့ မြန်မာနိုင်ငံတွင် ဆီလိုအပ်ချက်ကြီးမှာ ကြီးမားများပြားနေခြင်းကြောင့်ပင်ဖြစ်သည်။ ကြော်လှော်ချက်ပြုတ်ရေးတွင် စားဆီလိုအပ်ချက်သည် မြင့်မားနေဆဲပင်ဖြစ်သည်။

ပြည်တွင်းဆီစားသုံးမှုဖူလုံစေရန် ကြိုးစားအားထုတ်သင့်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး( ၁/၂၀၂၂)တွင် ဤသို့မှတ်ချက်ပြုပြောကြားခဲ့သည်ကို သတိပြုမိသည်။

စားသုံးဆီများ ပြည်ပမှတင်သွင်းမှုလျှော့ချနိုင်ရေးအတွက် မကွေးတိုင်းဒေသကြီးကို ပထမဆီအိုး၊ တနင်္သာရီတိုင်းဒေသကြီးသည် ဒုတိယဆီအိုးဖြစ်သကဲ့သို့ ရှမ်းပြည်နယ်သည်လည်း ပဲပုပ်၊ နေကြာ၊ နှမ်းနှင့် ပန်းနှမ်းများစိုက်ပျိုးနိုင်သဖြင့် ဆီထွက်အောင်စိုက်ပျိုးနိုင်မည်ဆိုပါက ရှမ်းပြည်နယ်ကိုလည်း တတိယဆီအိုးအဖြစ်ဆောင်ရွက်နိုင်သည်ကို တွေ့ရကြောင်း၊ ဧရာဝတီတိုင်းဒေသ ကြီးကိုလည်း မိမိတို့နိုင်ငံ၏ စပါးကျီအဖြစ် သတ်မှတ်ထားကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း ဆီအုန်းများစိုက်ပျိုးရာတွင် စိုက်ပျိုးမှုများ ဆောင်ရွက်ထားခြင်းမရှိသည်ကို တွေ့ရသဖြင့် စည်းကမ်းနှင့်အညီ ဆက်လက်၍ စိစစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

### ဒုတိယဆီအိုးကြီးဖြစ်လာရေး

ဤအချက်ကိုထောက်ရှုလျက် မကွေးတိုင်းဒေသကြီးသည် ရှေးအစဉ်အဆက်ကတည်းက နှစ်စဉ် နှမ်းနှင့်မြေပဲ အဓိကစိုက်ပျိုးထုတ်လုပ်ရာဒေသဖြစ်ခြင်းကြောင့် ပထမဆီအိုးကြီးဖြစ်ခြင်းမှာ မဆန်းပေ။ သို့သော် ဒုတိယဆီအိုးကြီးဖြစ်လာရေး ကြိုးစားအားထုတ်နေရသော တနင်္သာရီတိုင်းဒေသကြီးသည် ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှုတွင် နည်းပညာလိုအပ်ချက်နှင့် ကြိုးစားအားထုတ်မှုမှာ လိုအပ်နေဆဲဖြစ်သည်။ နည်းပညာနှင့် ကြိုးစားအားထုတ်မှုကိုသာ မြှင့်တင်လိုက်မည်ဆိုလျှင် မကြာမီနှစ်များအတွင်း အမှန်တကယ် ဒုတိယဆီအိုးကြီးဖြစ်လာနိုင်စရာအကြောင်း ရှိသည်။

ဆီအုန်းစိုက်ပျိုးမှုနှင့်ပတ်သက်၍ တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်နှင့် ကော့သောင်းခရိုင်တို့တွင် ဆီအုန်းစိုက်ဧက ၃၉၁၀၀၀ ကျော်ခွင့်ပြုပေးထားကြောင်း၊ ယင်းစိုက်ဧကများအား အပြည့်အဝစိုက်ပျိုးနိုင်မည်ဆိုပါက ဆီတန်ချိန် ၄ ဒသမ ၅ သိန်းခန့်အထိ ထွက်ရှိနိုင်သည်ကို ပညာရှင်များ၏ တွက်ချက်မှုအရ သိရသည်။

အမှန်တကယ်တော့ မြန်မာနိုင်ငံတွင် ဆီထွက်သီးနှံကို မကွေးတိုင်းဒေသကြီးအပြင် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင်လည်း စိုက်ပျိုးပါသည်။ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်တွင် နွေနှမ်းများစိုက်ပျိုးအောင်မြင်နေမှုနှင့် ပတ်သက်၍ ကျွန်တော်ကိုယ်တိုင် ဆောင်းပါးတစ်ပုဒ်ရေးခဲ့ဖူးသည်။ ကျောက်ဆည်ခရိုင်သည် ရှေးမြန်မာမင်းများလက်ထက်ကတည်းက လယ်တွင်းကိုးခရိုင် အဖြစ်သတ်မှတ်ထားပြီး စိုက်ရေးပျိုးရေးကောင်းမွန်သောဒေသတစ်ခုဖြစ်သည်။ နွေနှမ်းစိုက်ပျိုးရေးမှာ စနစ်တကျ အားထည့်စိုက်ပျိုးလုပ်ကိုင်လျှင် ဆီထွက်သီးနှံ အထွက်နှုန်းတိုးလာစရာအကြောင်းရှိသည်။ ထို့ကြောင့် မြန်မာ့ဆီအိုးကြီးများသည် ရှိပင်ရှိငြားသော်လည်း အိုးပြည့်စေရန် ကြိုးစားအားထုတ်နေရဦးမည်ဖြစ်ပါသည်။ ထိုကြိုးစားအားထုတ်မှုသည် တောင်သူတစ်ဦးတည်းနှင့် မစွမ်းနိုင်ပေ။ ငွေကြေးအရင်းအနှီး၊ နည်းပညာ၊ မျိုးကောင်း မျိုးသန့်၊ မြေဩဇာ၊ ရေလိုအပ်ချက်စသည်ဖြင့် ဖြည့်ဆည်းပေးနိုင်ရန် လိုအပ်ပေသည်။ သို့မှသာ ဆီအိုးဖြည့်တင်းရေးလုပ်ငန်းစဉ်သည် တိုးတက်လာနိုင်ပေလိမ့်မည်။

### ဆန်အိုးပြည့်ရေး

လူတို့နေ့စဉ်စားသုံးသမျှ စားရေရိက္ခာတို့တွင် ဆန်သည်အဓိကဖြစ်ခြင်းကြောင့် ဆန်အိုးပြည့်ရေးသည် အရေးကြီးသည့်အချက်ဖြစ်သည်။ မြန်မာနိုင်ငံတွင် မြို့ပေါင်း ၃၀၀ ကျော်ရှိသည့်အနက် လူဦးရေအထူထပ်ဆုံးဖြစ်သည့် ရန်ကုန်မြို့လူဦးရေသည် ၁၉၅၃ ခုနှစ်က ခုနစ်သိန်းကျော်သာရှိသည်။ ယခု ၂၀၂၂ ခုနှစ်သို့ရောက်သောအခါ ရန်ကုန်မြို့လူဦးရေသည် ရှစ်သန်းကျော်သွားပြီဖြစ်သည်။ တစ်နိုင်ငံလုံးအတိုင်းအတာအရဆိုလျှင် ယခုအခါ ၅၅ သန်းကျော်သွားပြီဖြစ်သည်။ ၁၉၆၁-၁၉၆၂ ခုနှစ်က မြန်မာနိုင်ငံ၏ စပါးစိုက်ဧကမှာ ၁၁ သန်းကျော်ရှိသည်။ ထိုစဉ်က စပါးစိုက်ဧက တိုးလာခြင်းမှာ အမှန်စိုက်ပျိုးသည့်ဧကထက် ဧကပေါင်း ရှစ်သိန်းခုနစ်သောင်းခြောက်ထောင့်လေးရာ ပိုမိုတိုးတက်ခဲ့ကြောင်း၊ အကြောင်းမှာ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီအစိုးရ၏ ၁၉၆၂ ခုနှစ် မိုးရာသီလယ်ယာစိုက်ပျိုးရေးလုပ်ငန်းအရ စိုက်ပျိုးရေးဌာနမှ ဓာတ်မြေဩဇာနှင့် မျိုးကောင်းမျိုးသန့် စပါးများ ဝေငှဖြန့်ဖြူးပေးခြင်း၊ မြေယာကျေးလက်ကြီးပွားတိုးတက်ရေးကော်ပိုရေးရှင်းမှ ရေနုတ်မြောင်း တာတမံများ ပြုလုပ်ပေးခြင်း၊ အမတော်ကြေးများကို တောင်သူလယ်သမားများလက်ဝယ်သို့ အရောက်ထုတ်ပေးခြင်းတို့ကြောင့်ဖြစ်ကြောင်း သမိုင်းမှတ်တမ်းများအရ လေ့လာသိရှိရပေသည်။

လက်ရှိမြန်မာနိုင်ငံတွင် မိုးစပါးစိုက်ဧက ၁၅ သန်းခန့်နှင့် နွေစပါး စိုက်ဧက နှစ်သန်းခန့် စိုက်ပျိုးကြောင်း၊ မိုးစပါးမှာပျမ်းမျှ တင်း ၇၀ ကျော်ခန့်သာ ထွက်သေးကြောင်း၊ တစ်ဧက တင်း ၁၀၀ ထွက်ရှိရေး ကြိုးစားနေကြကြောင်း သိရသည်။ ဤသို့ မိုးစပါး ၁၅ သန်းနှင့် နွေစပါး နှစ်သန်းအထိတိုးချဲ့စိုက်ပျိုးနိုင်ခဲ့ခြင်းမှာ အစိုးရအဆက်ဆက်က ဆည်မြောင်းတာတမံများ အရှိန်အဟုန်ဖြင့် တိုးချဲ့ဆောက်လုပ်ပေးနိုင်ခဲ့ခြင်းကြောင့်ပင် ဖြစ်ပါသည်။ မိုးကောင်းရေသောက်အပြင် ဆည်ရေသောက်စနစ်ကို တိုးချဲ့နိုင်ခဲ့ခြင်းကြောင့်ပင် ဖြစ်ပါသည်။ ယခုအခါ ဆိုလာစွမ်းအင်ကိုအသုံးပြုပြီး မြစ်ရေတင်စနစ်ကိုပါ တိုးချဲ့လုပ်ကိုင်လာနိုင်သဖြင့် စိုက်ဧကများ ထပ်မံတိုးလာဖို့ ရှိနေပါသေးသည်။

ဤသို့ မြန်မာနိုင်ငံတွင် ဆီအိုးကြီးနှင့် ဆန်အိုးကြီးများ ပြည့်တင်းရေး အစဉ်တစိုက်ကြိုးစားနေသကဲ့သို့ ဆားအိုးကြီးလည်း ပြည့်ဖို့လိုနေသေးသည်။ မြန်မာနိုင်ငံတွင် မွန်ပြည်နယ်သည် ဆားအဓိကထွက်ရှိရာဒေသတစ်ခုဖြစ်သည်။ ၂၀၂၂ ခုနှစ်အတွင်း မွန်ပြည်နယ် ဆားထွက်ရှိရာ ဒေသများမှ နေလှန်းဆားဧက ၄၂၄၁ ဒသမ ၉၀ တွင် တန်ချိန် ၄၂၅၁၀ ထုတ်လုပ်ရန်လျာထားကြောင်း သိရပေသည်။ ထို့ကြောင့် ဆားအတွက်လည်း လိုအပ်ချက်ဖြစ်မည်ကို မပူပန်ရပေ။

### စားရေရိက္ခာဖူလုံရေး

ထို့ကြောင့် မြန်မာနိုင်ငံတွင် ဆီအိုးကြီး၊ ဆန်အိုးနှင့် ဆားအိုးကြီးသည်လည်း အသင့်ရှိနေပြီဖြစ်ပါသည်။ သို့သော် ထိုဆီအိုးကြီး၊ ဆန်အိုးကြီးနှင့် ဆားအိုးကြီးများ ပြည့်လျှံဖူလုံရေးသည် တစ်နှစ်တည်း ဖြည့်တင်းရမည့်ကိစ္စမဟုတ်ဘဲ နှစ်စဉ်နှစ်တိုင်း ဝါယမစိုက်ကာကြိုးစားအားထုတ်ရမည့် ကိစ္စကြီးပင် ဖြစ်ပါသည်။ လူဦးရေသည် တစ်နှစ်ထက်တစ်နှစ် တိုးနေသည်။ တိုးလာသော လူဦးရေကိုကာမိအောင် စိုက်ပျိုးထုတ်လုပ်နိုင်မှသာ စားရေရိက္ခာဖူလုံရေး စိတ်အေးအေးနေကြရမည် ဖြစ်ပါသည်။ ။

---

## ဖောင်းပြင်မြို့နယ်၌ ကျေးရွာ ၁၂ ရွာ အကျိုးပြုမည့် ကျေးရွာချင်းဆက်လမ်းအား ကိုယ့်အားကိုယ်ကိုး ဖောက်လုပ်

**ဖောင်းပြင် ဇန်နဝါရီ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်မြို့နယ်တွင် ကျေးရွာ ၁၂ ရွာအတွက် အကျိုးပြုမည့် ထောမကျေးရွာနှင့် ပိုးဖြူတောင်ရွာချင်းဆက်လမ်းအား ရာသီမရွေးသွားလာရာတွင် အဆင်ပြေစေရေးအတွက် အလှူရှင်များ၏ ထည့်ဝင်လှူဒါန်းငွေကျပ် သိန်း ၁၂၀ ဖြင့် ဇန်နဝါရီ ၂၅ ရက်မှ စတင်၍ ကိုယ့်အားကိုယ်ကိုး ဖောက်လုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါလမ်းဖောက်လုပ်နေမှုနှင့်ပတ်သက်၍ "လမ်းကိုဖောက်လုပ်ရတဲ့ ရည်ရွယ်ချက်ကတော့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးနဲ့ လယ်ယာထွက်ကုန်တွေကို တင်ပို့ရောင်းချဖို့ အကျိုးပြုကျေးရွာပေါင်း ၁၂ ရွာရှိတာကြောင့် အလှူရှင်များရဲ့ ထည့်ဝင်ငွေများနဲ့ ဖောက်လုပ်နေတာဖြစ်ပါတယ်။ လမ်းအရှည် ၅ မိုင်၊ အကျယ်ကတော့ ၂၆ ပေရှိပါတယ်။ လက်ရှိမှာတော့ လမ်းချဲ့ခြင်း၊ မြေညှိခြင်းကို လုပ်နေတာပါ။ ပြီးရင် ရာသီမရွေးသွားလာလို့ အဆင်ပြေအောင် ကျောက်ရောမြေခင်းသွားမှာပါ။ ကုန်ကျငွေစုစုပေါင်း သိန်းနှစ်ရာကျော် သုံးရာဝန်းကျင်လောက် မှန်းထားပါတယ်။ လက်ရှိမှာတော့ အလှူငွေစုစုပေါင်း သိန်း ၁၂၀ ရရှိနေပါပြီ။ အလှူငွေရရှိမှုအပေါ် မူတည်ပြီး လမ်းကို ပိုပြီးကောင်းအောင် ဆောင်ရွက်သွားမှာပါ" ဟု ထောမကျေးရွာမှ လမ်းဖြစ်မြောက်ရေးကော်မတီဝင်တစ်ဦးက ပြောသည်။

ထိုလမ်းအား ဖောက်လုပ်ပြီးစီးပါက ရွာတန်းရှည်ကျေးရွာ၊ တုံကောင်းမှူကျေးရွာ၊ လယ်ဦးကျေးရွာ၊ အင်ဒေါက်တာကျေးရွာ၊ နန်းစက်ကျေးရွာ၊ နန်းပါဟုတ်ကျေးရွာ၊ ရွှေညောင်ပင်ကျေးရွာ၊ ညောင်ပင်သာကျေးရွာ၊ ပိုးဖြူတောင်ကျေးရွာ၊ ခမိုင်းကျေးရွာ၊ ထောမကျေးရွာနှင့် ကိုင်းပြင်ကျေးရွာတို့မှ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးအပြင် လယ်ယာထွက်ကုန်များ၊ ကုန်စည်စီးဆင်းမှုများ လွယ်ကူမြန်ဆန်စွာ သယ်ယူပို့ဆောင်ရာ၌ အကျိုးပြုနိုင်မည်ဖြစ်ကြောင်း လမ်းဖြစ်မြောက်ရေးကော်မတီဝင်ထံမှ သိရသည်။

**ကိုထွန်း(ဖောင်းပြင်)**

# အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများ၏ နာသုံးနာလက်ကိုင်ထား၍ ကျောင်းသား ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် ဇန်နဝါရီ ၃၀**

မြန်မာနိုင်ငံ၌ ဆရာ ဆရာမများအပေါ် ရိုသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ် သဘောထား၍ ကျောင်းသား ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **“အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့”** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာ ထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီ ကောင်းစားရေးကိုသာရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များ ပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန် ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟိရီ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက် ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့်ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ်လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေးရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမများကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြု မှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာ တတ်မြောက်ရေး၊ ပညာရည် မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

---

# မြိတ်ကျွန်းစုဒေသသို့ ခရီးသွားဧည့်သည် ဝင်ရောက်မှုရှိလာသည့်အတွက် အပတ်စဉ်ခရီးစဉ်များ ပို့ဆောင်ပေးလျက်ရှိ

**မြိတ် ဇန်နဝါရီ ၃၀**



တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ယခုနှစ် ပွင့်လင်းရာသီတွင် မြိတ်ကျွန်းစုဒေသအတွင်းသို့ ယခုနှစ်ပွင့်လင်းရာသီ၌ ပြည်တွင်းခရီးသွားဧည့်သည် ဝင်ရောက်မှု အနည်းငယ်ရှိလာသည့်အတွက်ကြောင့် အပတ်စဉ်ကျွန်းခရီးစဉ်များကို ပို့ဆောင်ပေးနေရကြောင်း ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများထံမှ သိရသည်။

### ပြည်တွင်းခရီးသည်ဝင်ရောက်

ကမ္ဘာတစ်ဝန်း ဖြစ်ပွားလျက်ရှိသော ကိုဗစ်-၁၉ ရောဂါအခြေအနေများကြောင့် နှစ်နှစ်နီးပါးအကြာ ခရီးသွားဧည့်သည် ဝင်ရောက်မှုမရှိခဲ့သည့် မြိတ်ကျွန်းစုဒေသအတွင်းသို့ ၂၀၂၂ ခုနှစ်အစပိုင်းတွင် ပြည်တွင်းခရီးသည် အနည်းငယ် ပြန်လည်ဝင်ရောက်လာသည်ဟု ခရီးသွားဝန်ဆောင်မှု ပေးနေသူများထံမှ သိရသည်။

“စီးပွားရေး၊ လူမှုရေးကိစ္စရပ်တွေကြောင့်ဖြစ်စေ၊ အလုပ်ကိစ္စကြောင့်ပဲဖြစ်စေ ကျွန်တော်တို့တိုင်းဒေသကြီးအတွင်းကို ရောက်လာတဲ့ ခရီးသွားတွေက ကျွန်းခရီးစဉ်တွေကို လာရောက်လည်ပတ်ကြတယ်။ သီးသန့်လာပြီး အပန်းဖြေတဲ့သူ အနည်းငယ်ရှိပေမယ့် အရင်လို ပြန်လည်စည်ကားဖို့ မလွယ်သေးဘူး။ စိတ်ကျဉ်းကျပ်မှုတွေ ဖြစ်နေတဲ့ဧည့်သည်တွေအတွက် ကျွန်တော်တို့လည်း အကောင်းဆုံးဝန်ဆောင်မှုတွေ လုပ်ဆောင်ပေးပါတယ်။ ဒီလိုကာလမှာ အကျိုးအမြတ်တစ်ခုအတွက် မစဉ်းစားဘဲ ခရီးသွားလုပ်ငန်းတွေ ပြန်လည်ဖွံ့ဖြိုးဖို့အတွက် လုပ်ဆောင်ပေးနေပါတယ်” ဟု ကျွန်းခရီးစဉ်များကို လိုက်ပါပို့ဆောင်ပေးနေသည့် ဧည့်လမ်းညွှန်တစ်ဦးက ပြောသည်။

### ကျွန်းခရီးစဉ်များကို ပို့ဆောင်ပေးနေ

မြိတ်ကျွန်းစု ဒေသအတွင်း ကျွန်းများသို့ ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်မှု နေ့စဉ်မရှိသေးသော်လည်း အခါကြီးရက်ကြီး ရုံးပိတ်ရက်များနှင့် အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များတွင် ကျွန်းခရီးစဉ်များကို ပို့ဆောင်ပေးနေရကြောင်း သိရသည်။

“ပြည်တွင်းခရီးသွား ဧည့်သည် လာရောက်မှုက မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးက လာရောက်တဲ့သူတွေ များပါတယ်။ ဒီနှစ် ပွင့်လင်းရာသီမှာ ကျွန်တော်တို့ ဝန်ဆောင်မှုပေးတဲ့ ကျွန်းတွေက စမတ်ကျွန်း၊ ဘေလီကျွန်း၊ ကြယ်လိပ်ကျွန်း၊ ပဒန်းကျွန်းတွေ ဖြစ်ပါတယ်။ နေ့ချင်းပြန် ခရီးစဉ်တွေရှိသလို ညအိပ်ခရီးစဉ်တွေလည်း ရှိပါတယ်။ ခရီးသည်ဝင်ရောက်မှုအနေထားကိုကြည့်ပြီး နေ့ချင်းပြန်ဆိုရင် အနည်းဆုံး ကျွန်းသုံးကျွန်းလောက်ကို ပို့ဆောင်ပေးပါတယ်။ ကျွန်းတွေမှာ Acti-vity တွေ လိုအပ်နေတယ်။ ကားလိုင်း၊ လေကြောင်းလိုင်းတွေ ပုံမှန်ပြေးဆွဲလာရင်တော့ ခရီးသည်တွေ ဒီထက်ပိုမိုဝင်ရောက်လာဖို့ မျှော်လင့်ပါတယ်။ ကျွန်တော်တို့ကတော့ မြိတ်ကျွန်းစုအတွင်းမှာ ခရီးသွားလုပ်ငန်း ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေဖို့အတွက် ဝန်ဆောင်မှုတွေကို အကောင်းဆုံးဖြစ်အောင် ကြိုးစားပြီး လုပ်ဆောင်ပေးနေပါတယ်” ဟု Moe Travel & Tour မှ ဦးမိုးဇော်က ပြောသည်။

မြိတ်ကျွန်းစုဒေသအတွင်းရှိ ကျွန်းခရီးစဉ်များကို နေ့ချင်းပြန်သွားပါက ခရီးသွားဧည့်သည် တစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀၀ ကျသင့်မည် ဖြစ်ကြောင်းနှင့် ညအိပ်ခရီးစဉ်များဖြစ်ပါက ခရီးသွားဧည့်သည်တစ်ဦးလျှင် ငွေကျပ် ၂၅၀၀၀၀ ကျသင့်ကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

---

# ကောင်းမွန်သောရေသတ္တဝါ မွေးမြူရေးကျင့်စဉ်(GAqP)သင်တန်းဖွင့်လှစ်

**မင်းဘူး**

မကွေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး၏ ကြီးကြပ်မှုဖြင့် မင်းဘူးခရိုင် ငါးလုပ်ငန်းစီးဌာနသည် ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေရန်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ဒေသခံငါးမွေးတောင်သူများ ကောင်းမွန်သောရေသတ္တဝါမွေးမြူရေး ကျင့်စဉ်(GAqP)စနစ်နှင့်အညီ ငါးမွေးမြူရေးနည်းပညာများရရှိစေရန်နှင့် ငါးသယံဇာတများ ရေရှည်စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရန် ရည်ရွယ်၍ ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ဇန်နဝါရီ ၂၅ ရက်က မင်းဘူး(စကု)မြို့နယ် မန်းကျိုးကျေးရွာ၌ ကောင်းမွန်သောရေသတ္တဝါ မွေးမြူရေးကျင့်စဉ်(GAqP) သင်တန်းကို ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းတွင် မင်းဘူးခရိုင်တာဝန်ခံ/ ပွင့်ဖြူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသိန်းကိုကိုထွန်းက သင်တန်းသားများအား လက်ကမ်းစာစောင်များနှင့် သင်တန်းအထောက်အကူပစ္စည်းများ ပေးအပ်ခဲ့ပြီး သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့ကာ သင်တန်းသားများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့သည်။ အဆိုပါသင်တန်းသို့ ကျေးရွာမှ သင်တန်းသား ၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

---

**မောင်တော**

ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ငါးလုပ်ငန်းများ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးစေရန်နှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်လာစေရန်တို့အတွက် ငါးမွေးမြူခြင်းဆိုင်ရာ နည်းပညာများရရှိစေရန် ရည်ရွယ်၍ ကောင်းမွန်သောရေသတ္တဝါမွေးမြူရေးကျင့်စဉ်(GAqP) သင်တန်းဖွင့်ပွဲအခမ်းအနားကို ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ဇန်နဝါရီ ၂၉ ရက်က မောင်တောခရိုင် ငါးလုပ်ငန်းဦးစီးဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ခရိုင်တာဝန်ခံ ဦးညီထွေးက အမှာစကားပြောကြားပြီး ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ရုံးဝန်ထမ်းများနှင့် သင်တန်းသား ၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ နှစ်ရက်ကြာပို့ချမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
## သတင်းထုတ်ပြန်ချက်
## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

**❒ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာ တစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

**ခရမ်း**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ခရမ်းမြို့နယ်အမှတ်(၂)ရပ်ကွက်ရှိ သဒ္ဓမ္မသိင်္ဂီသီလရှင်စာသင်တိုက်၌ ဇန်နဝါရီ ၂၉ ရက်က ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခြင်းကို ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးမှူးဦးမောင်မောင်သန်းက ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား (အသစ်/လဲလှယ်) ခြင်းများ ပြုလုပ်ပေးရာတွင် သိသင့်သိထိုက်သည့် အချက်များနှင့် ပန်းခင်းစီမံချက်ဆောင်ရွက်ပေးနေမှုများ နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုင်ဆောင်သူများ၏ရပိုင်ခွင့်များ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုင်ဆောင်သူတို့လိုက်နာရမည့် စည်းကမ်းချက်များ၊ အိမ်ထောင်စုလူဦးရေစာရင်းလျှောက်ထားမှု၊ မွေးဖွားသေဆုံး/ပြောင်းဝင်/ပြောင်းထွက် လုပ်ငန်းတို့၏အရေးပါပုံတို့ကို ရှင်းလင်းပြောကြားခဲ့ပြီး ပြုလုပ်ပြီးစီးခဲ့သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများအား ပြည်သူများလက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုမင်း(ပြန်/ဆက်)**

**မတ္တရာ**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်အတွင်းရှိ ကျေးရွာများမှ အသက် ၁၆ နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားများ မပြုလုပ်ရသေးသူများအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန မတ္တရာမြို့နယ်ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိရာ ဇန်နဝါရီလ ၂၈ ရက်က ထန်းပင်ကုန်းကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်ပေးကြောင်း သိရသည်။

အဆိုပါ ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးစန်းနောင်နှင့် ဝန်ထမ်းများက ထန်းပင်ကုန်းကျေးရွာအုပ်စု၊ ကြားကျေးရွာအုပ်စုနှင့် ဝသုန္ဒရကျေးရွာအုပ်စုတို့မှ ပြည်သူ ၄၃ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်များဆောင်ရွက်ပေးခဲ့ပြီး ပန်းခင်းစီမံချက် အသိပညာပေး လက်ကမ်းစာစောင်များကို ပြည်သူများထံသို့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

**ကသာ**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် ကသာမြို့၊ လျှပ်စစ်ကုန်းရပ်ကွက်ရှိ တောင်ပေါ်ကျောင်းဓမ္မာရုံ၌ ရပ်ကွက်အတွင်းရှိ ပြည်သူများအား ဇန်နဝါရီ ၂၈ရက်က ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းပြုလုပ်ပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ကသာမြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးအောင်ဇော်နှင့် ဝန်ထမ်းများက ရပ်ကွက်အတွင်းရှိ အသက် ၁၀ နှစ်ပြည့်ပြီးသူ ၁၅ ဦးနှင့် အသက် ၁၈ နှစ်ပြည့်ပြီးသူ သုံးဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခဲ့ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးထက်ဝင်းနှင့် အဖွဲ့ဝင်များကလည်း ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**လူအောင်(ကသာ)**

## ဇလွန်မြို့နယ်တွင် ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးပေးသည့် ပုလဲခတ်မြေသြဇာပေးအပ်ပွဲကျင်းပ

**ဇလွန် ဇန်နဝါရီ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ပြုလုပ်သော နိုင်ငံတော်မှ ၂၀၂၁ – ၂၀၂၂ ခုနှစ် နွေစပါး စိုက်ပျိုးလုပ်ကိုင်သည့် တောင်သူများအား ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးပေးသည့် စိုက်ပျိုးရေးလုပ်ငန်းသုံး ပုလဲခတ်မြေသြဇာပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃၀ ရက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းက နိုင်ငံတော်မှ ၂၀၂၁–၂၀၂၂ ခုနှစ် နွေစပါးစိုက်ပျိုးလုပ်ကိုင်သည့် တောင်သူများအား ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးပေးသည့် ပုလဲခတ်မြေသြဇာများကို တောင်သူတိုင်းရရှိနိုင်ပြီး လက်ရှိယူရီးယားဈေးနှုန်းကြီးမြင့်မှုမှ အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ဖြန့်ဖြူးပေးအပ်ခြင်းဖြစ်ကြောင်း ပြောကြားပြီး ဟင်္သာတခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဦးမျိုးမင်းလွင်ဦးက ခတ်မြေသြဇာဖြန့်ဖြူးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက နွေစပါးစိုက်ပျိုးလုပ်ကိုင်သည့် တောင်သူများအား ခတ်မြေသြဇာအိတ်များ ဖြန့်ဖြူးပေးအပ်သည်။

ဇလွန်မြို့နယ်တွင် ယခုနှစ်နွေစပါးစိုက်ဧက ၂၉၈၂ ကျော်ခန့် စိုက်ပျိုးထားလျက်ရှိပြီး နှစ်ဧကလျှင် ယူရီးယားခတ်မြေသြဇာတစ်အိတ်နှုန်းဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးနိုင်ကျော်စိုးထံမှ သိရသည်။

**ဝေယံ(ပြန်/ဆက်)**

## သနပ်ပင်မြို့နယ်၌ စိုက်ပျိုးရေး၊ မွေးမြူရေး အားကောင်းသည့် ခေတ်မီစံပြကျေးရွာ အကောင်အထည်ဖော်နိုင်ရေး ကွင်းဆင်းဆောင်ရွက်

**သနပ်ပင် ဇန်နဝါရီ ၃၀**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးအားကောင်းသည့် ခေတ်မီစံပြကျေးရွာ အကောင်အထည်ဖော်နိုင်ရေးနှင့် စပ်လျဉ်း၍ ကျေးရွာပြည်သူများနှင့် တွေ့ဆုံဆွေးနွေးခြင်းကို ဇန်နဝါရီ ၂၈ ရက်က ဖရဲကျေးရွာ၌ ကျင်းပသည်။

အဆိုပါ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးနှင့် ခရိုင်မှူးတို့က ခေတ်မီစံပြကျေးရွာ ဖြစ်ပေါ်လာနိုင်ရေး စီမံကိန်းလုပ်ငန်းများ၊ ကျေးရွာပြည်သူများ ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနခရိုင် ဦးစီးမှူး၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ဖရဲကျေးရွာအုပ်စု ဖရဲကျေးရွာရှိ မြေပြင်အနေအထားများအား စစ်ဆေးဆောင်ရွက်ကြောင်း သိရသည်။

**လှမိုး(ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား လေးခရိုင် အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှု (အေရိုးဗစ်) ပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃၀

**(၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား လေးခရိုင် အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်း (အေရိုးဗစ်) ပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဒေါပုံမြို့နယ်ရှိ အားကစားရုံတွင် ယမန်နေ့ ညနေပိုင်းက ကျင်းပသည်။**




ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်လေးခရိုင်မှ အေရိုးဗစ် အားကစားသမားများက ကိုးဦးတွဲ၊ သုံးဦးတွဲ၊ တစ်ဦးချင်း စိတ်ကြိုက်ပြိုင်ပွဲများဖြင့် ယှဉ်ပြိုင်နေမှုများကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးအားကစားအဖွဲ့ချုပ် တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲအပြီးတွင် ဒိုင်များက ပြိုင်ပွဲဝင်အားကစားသမားများ၏ ရမှတ်များကို ရေတွက်စဉ် သရုပ်ပြအေရိုးဗစ်အဖွဲ့က သရုပ်ပြတင်ဆက်သည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ သရုပ်ပြအဖွဲ့၊ ကိုးဦးတွဲ အေရိုးဗစ်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော အသင်းများ၊ သုံးဦးတွဲ အေရိုးဗစ်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသောအသင်းများ၊ တစ်ဦးချင်းစိတ်ကြိုက် အေရိုးဗစ်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသောအသင်းများအား ဆုတံဆိပ်နှင့်အတူ ငွေသားဆုများအား တိုင်းဒေသကြီးဝန်ကြီးများနှင့် တိုင်းဒေသကြီး အမျိုးသမီးအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ဆုတံဆိပ်များနှင့် ငွေသားဆုများချီးမြှင့်ပေးအပ်သည်။

ယင်းနောက် တံခွန်စိုက်ဆုဖလားရရှိသော မြောက်ပိုင်းခရိုင်အသင်းအား တိုင်းဒေသကြီးဝန်ကြီးချုပ်က တံခွန်စိုက်ဒိုင်းဆုနှင့်ငွေသားဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ဆန်းကျော်ဦး (ပြန်/ဆက်)**

# ရိုးရာခြင်းလုံးပြိုင်ပွဲများ ကျင်းပသွားမည်

ရန်ကုန် ဇန်နဝါရီ ၃၀

မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်က ယခုနှစ်အတွင်း ရိုးရာခြင်းလုံးပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း ယနေ့ ညနေ ၄ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဟိုတယ်ရွှေဂုံတိုင်၌ ပြုလုပ်သည့် အသက် ၇၀ နှစ်အထက် ပထမအကြိမ် ခြင်းလုံးပညာရှင်ကြီးများအား ကန်တော့ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဦးသက်လွင်က ပြောကြားသည်။

"အဖွဲ့ချုပ်အနေနဲ့ ဖေဖော်ဝါရီမှာ ဥက္ကဋ္ဌဖလားလုပ်ဖို့ ဝန်ကြီးဌာနကို ကွင်းတောင်းထားပါတယ်။ မတ်လမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်ပြိုင်ပွဲ၊ ဧပြီ၊ မေ၊ ဇွန်မှာ မိုးရာသီပြိုင်ပွဲတွေလုပ်သွားဖို့ ရှိပါတယ်။ ခြင်းလုံးက ၁၉၅၃ ခုနှစ်ကစပေါ်တယ်။ အဲဒီနှစ်ပေါင်း ၆၀ ကျော်သက်တမ်းမှာ ခြင်းလုံးသက်ကြီးပညာရှင်ကြီးများကို ကန်တော့တာ တစ်ခါမှမလုပ်ခဲ့ဘူး။ ဒါကြောင့် အဖွဲ့ချုပ်အနေနဲ့ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရိုးရာခြင်းလုံးပြန့်ပွားဖို့အတွက်တာဝန်ပေးခဲ့လို့ တစ်ဖက်တစ်လမ်းက သက်ကြီးကန်တော့ပွဲကို ပြုလုပ်တာပါ။ ဒါကြောင့် ခြင်းရဲ့တိုးတက်ရာ တိုးတက်ကြောင်း ပြန့်ပွားမှုကို ကူညီမယ်။ ကန်တော့ပွဲမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်ခြင်းလုံးပညာရှင်ကြီးတွေခေါ်ဖို့က ကိုဗစ်-၁၉ ရောဂါကြောင့် မလာနိုင်ကြဘူး။ ဒါကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းက ခြင်းလုံးပညာရှင်တွေပဲ ကန်တော့လိုက်ရတာပါ"ဟု ဥက္ကဋ္ဌက ဆက်လက်ပြောသည်။

အဆိုပါအခမ်းအနားသို့ တက်ရောက်လာသော ခြင်းလုံးပညာရှင်ကြီးများအား မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများနှင့် အမှုဆောင်များ၊ အားကစားသမားများက ကန်တော့ချိုးဖြင့် သက်ကြီးခြင်းလုံးပညာရှင်ကြီးများအား ဂါရဝပြုကန်တော့ခံပစ္စည်းများဖြင့် ကန်တော့ကြပြီး ကန်တော့ခံ သက်ကြီးခြင်းလုံးပညာရှင်ကြီးများကိုယ်စား ဦးကြည်တင့်က ဩဝါဒစကား ပြောကြားသည်။ အဆိုပါအခမ်းအနားကို ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော စည်းကမ်းနှင့်အညီ ကျင်းပခြင်းဖြစ်သည်။

**သတင်းနှင့်ဓာတ်ပုံ - အာကာစိုး**



ခြင်းလုံးပညာရှင်ကြီးများအား ကန်တော့ပွဲတွင် မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသက်လွင် အမှာစကား ပြောကြားစဉ်။

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀.၁၂.၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **"တရားမဝင်ကုန်သွယ်မှုသတင်းများ"**နှင့်ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာ တို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၃ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၄၀၄၃၃၉၉၆၉ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၆ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeinfo@gmail.com |

**တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များက Short Code "1111" ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**"အဂတိလိုက်စားမှုတားဆီးဖို့ "1111" ကို ဖြေကြားစို့"**
**"ဝန်ဆောင်မှုများ ကောင်းစေရေး "1111" ကို ဖြေကြားပေး"**
**"အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့"**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | **ကျောက်စာရုံစေတီ** | ၂၇၉ | ၇၂၉ ဆူ | ၁၅၀ ဆူ | ၅၇၉ ဆူ |
| ၂။ | ဓမ္မာရုံ(၂၁၃× ၉၀ × ၄၆)ပေ | ၈၇၃၀. ၂၀ | ၁ လုံး | ၁၀၀၀ သိန်း | ၇၇၃၀. ၂၀ သိန်း |
| ၃။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၀ | ၁ ခု | - | ၁ ခု |
| ၄။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၅။ | High Mast မီးတိုင် (၂၀ မီတာ(၁)တိုင်) | ၄၉၄ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၆။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၇။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၀ | ၄၅၅ ခန်း | ၁၉ ခန်း | ၄၃၆ ခန်း |
| ၈။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၁၈ တိုင် | ၃၂ တိုင် |
| ၉။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၄၅ တိုင် | ၁၃၅ တိုင် |
| ၁၀။ | မဟာရံတံတိုင်း စိန်တောင် စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၆၇ ခု | ၅၈၅ ခု |
| ၁၁။ | စကျင်ကျောက်ပြားတစ်ကျင်း | ၄. ၇ | ၂၁၁၉. ၅၃ ကျင်း | ၁၅ ကျင်း | ၂၁၀၄. ၅၃ ကျင်း |
| ၁၂။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄. ၁ | ၂၁၈. ၁၄ ကျင်း | ၁၁ ကျင်း | ၂၀၇. ၁၄ ကျင်း |
| ၁၃။ | ကွန်ကရစ် ၈ လက်မထု ခင်းကျင်း | ၃. ၆ | ၅၉၁၀. ၆၆ ကျင်း | ၁၁ ကျင်း | ၅၈၉၉. ၆၆ ကျင်း |
| ၁၄။ | ကြွေပြား ၁ ကျင်း | ၂ | ၁၇၃၆. ၀၈ ကျင်း | ၅၅ ကျင်း | ၁၆၈၁. ၀၈ ကျင်း |
| ၁၅။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၇၃ တိုင် | ၁၇ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၁၆။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (င) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| ၁၇။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၈။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**
**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၂၅၈၂၅၂၁၆**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
# အကောက်ခွန်ဦးစီးဌာန
# လျှောက်လွှာခေါ်ယူခြင်း
## ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်
## (၁၃၈၃ ခုနှစ် ပြာသိုလကွယ်နေ့)

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးနေရာများတွင် အရည်အချင်းသတ်မှတ်ချက်ပြည့်မီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး | နေရာ | ပညာအရည်အချင်း သတ်မှတ်ချက် |
|---|---|---|---|
| (က) | အငယ်တန်းစာရေး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၁၀ နေရာ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ |
| (ခ) | စာရင်းကိုင်-၄ (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၁၀ နေရာ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ |
| (ဂ) | ဒု-လက်ထောက်ကွန်ပျူတာ လုပ်ဆောင်ရေးမှူး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၁၅ နေရာ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ |
| (ဃ) | ယာဉ်မောင်း-၅ (၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | ၁၀ နေရာ | အခြေခံပညာအထက်တန်းအဆင့်ရှိ၍ (ခ)အဆင့် ယာဉ်မောင်းလိုင်စင်ရှိသူဖြစ်ရမည်။ |
| (င) | အကောက်ခွန်ထိန်း (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | ၅၀ နေရာ | အခြေခံပညာအထက်တန်းအဆင့်ဖြစ်ရမည်။ |

၂။ လျှောက်ထားသူသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
- (ဂ) အပိုဒ် ၁၊ (က)(ခ)(ဂ)ပါ ရာထူးနေရာများအတွက် လျှောက်ထားသူများသည် ၃၁-၁-၂၀၂၂ ရက်တွင် အသက်(၃၀) နှစ် ထက်မကျော်လွန်စေရ။
- (ဃ) အပိုဒ် ၁၊ (က)(ခ)(ဂ)ပါ ရာထူးနေရာများအတွက် လက်ရှိအကောက်ခွန်ဦးစီးဌာနတွင် တာဝန်ထမ်းဆောင်နေသော နေ့စားဝန်ထမ်းများဖြစ်ပါက ၃၁-၁-၂၀၂၂ ရက်တွင် အသက်(၄၅)နှစ်ထက် မကျော်လွန်စေရ။
- (င) အပိုဒ် ၁၊ (ဃ)ပါ ရာထူးနေရာများအတွက် လျှောက်ထားသူများသည် ၃၁-၁-၂၀၂၂ ရက်တွင် အသက်(၃၅) နှစ်ထက် မကျော်လွန်စေရ။
- (စ) အပိုဒ် ၁၊ (င)ပါ ရာထူးနေရာများအတွက် လျှောက်ထားသူများသည် ၃၁-၁-၂၀၂၂ ရက်တွင် အသက်(၂၈) နှစ်ထက် မကျော်လွန်စေရ။
- (ဆ) ဌာနကူးပြောင်းလျှောက်ထားခြင်း လက်ခံမည်မဟုတ်ပါ။

၃။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများ ပူးတွဲတင်ပြရမည်-
- (က) ကိုယ်ရေးလျှောက်လွှာ
- (ခ) ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်
- (ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်း/မိတ္တူ
- (ဃ) အပိုဒ် ၁၊ (က)(ခ)(ဂ)ပါ ရာထူးများအတွက် ပညာအရည်အချင်းစိစစ်ရန် ဘွဲ့လက်မှတ်၊ ၁၀ တန်းအောင်လက်မှတ် မူရင်း/မိတ္တူ
- (င) အပိုဒ် ၁၊ (ဃ)(င)ပါ ရာထူးများအတွက် ပညာအရည်အချင်းစိစစ်ရန် ၁၀ တန်းအောင်လက်မှတ် (သို့မဟုတ်) အခြေခံပညာအလယ်တန်းအဆင့် အောင်မြင်ပြီးကြောင်း သက်ဆိုင်ရာကျောင်း၏ ထောက်ခံချက်လက်မှတ် မူရင်း/မိတ္တူ
- (စ) အလုပ်သမားမှတ်ပုံတင်ကတ်ပြားမူရင်း/မိတ္တူ(အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ မြို့နယ်ရုံး၊ အမှတ်(၇) နယ်မြေ၊ ကျောက်တံတားမြို့နယ် (သက်တမ်းတိုးပြီး)
- (ဆ) ၂ လအတွင်းရိုက်ထားသော ပတ်စ်ပို့အရွယ် (၁.၂"+၁.၄")ဓာတ်ပုံ(၂)ပုံ (ဓာတ်ပုံကျောဘက်တွင် အမည်နှင့် နိုင်ငံသား စိစစ်ရေးအမှတ်ရေးသားရန်)
- (ဇ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်း၏ထောက်ခံချက်
- (ဈ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ထောက်ခံချက်

၄။ လျှောက်လွှာများအား အကောက်ခွန်ဦးစီးဌာန၏ Website ဖြစ်သော www.maccs.gov.mm, Facebook Page(MACCS)တွင် Download ပြုလုပ်၍သော်လည်းကောင်း၊ ၄၉ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် အကောက်ခွန်သင်တန်းကျောင်းတွင်လည်းကောင်း၊ ၇-၂-၂၀၂၂ ရက်မှ ၁၁-၂-၂၀၂၂ ရက်အထိ လျှောက်လွှာများ ထုတ်ပေးမည်ဖြစ်ပါသည်။

၅။ လျှောက်လွှာများအား လက်ခံရာတွင် အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ မြို့နယ်ရုံး၊ အမှတ်(၇)နယ်မြေ၊ ကျောက်တံတားမြို့နယ်မှ ပေးပို့လာသည့် အလလခ(ပုံစံ-၆)တွင် အမည်စာရင်းပါရှိသူများ၏ လျှောက်လွှာများကိုသာ အဆိုပါအကောက်ခွန်သင်တန်း ကျောင်း၌ ၁၄-၂-၂၀၂၂ရက်မှ ၁၈-၂-၂၀၂၂ ရက်အထိ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၆။ လျှောက်လွှာနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသော စာရွက်စာတမ်းမပြည့်စုံလျှင်သော်လည်းကောင်း၊ လျှောက်လွှာလက်ခံရန် သတ်မှတ်ထားသောရက်ထက် နောက်ကျရောက်ရှိလျှင်သော်လည်းကောင်း လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၇။ အပိုဒ် ၁၊ (က)(ခ)(ဂ)ပါ ရာထူးများအတွက် လျှောက်ထားသူများသည် အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတနှင့် ကွန်ပျူတာ ဘာသာရပ်များအား အရည်အချင်းစစ်စာမေးပွဲဖြင့် ဖြေဆိုမည်ဖြစ်ပြီး အောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးမှုပြုလုပ်မည်ဖြစ်ပါသည်။

၈။ အပိုဒ် ၁၊ (ဃ)ပါ ရာထူးအတွက် ယာဉ်မောင်းကျွမ်းကျင်မှု စစ်ဆေးခြင်းနှင့် လူတွေ့စစ်ဆေးခြင်းပြုလုပ်မည်ဖြစ်ပါသည်။

၉။ အပိုဒ် ၁၊ (င)ပါ ရာထူးအတွက် ရေကူးကျွမ်းကျင်မှုနှင့် လူတွေ့စစ်ဆေးမှု ပြုလုပ်မည်ဖြစ်ပါသည်။

၁၀။ လျှောက်ထားသော ရာထူးနေရာများအလိုက် ဖြေဆိုခွင့်ရရှိသူအမည်စာရင်းနှင့် ဖြေဆိုမည့်နေရာ၊ အချိန်တို့အား အကောက်ခွန်ဦးစီးဌာန၏ Website ဖြစ်သော www.customs.gov.mm နှင့် www.maccs.gov.mm, Facebook Page(MACCS)နှင့် နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းကြေညာပေးသွားမည်ဖြစ်သည်။

၁၁။ ဝန်ထမ်းအဖြစ် ခန့်အပ်ခြင်းခံရပါက အကောက်ခွန်ဦးစီးဌာနတွင် အနည်းဆုံး(၁၀)နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၁၂။ လျှောက်လွှာတွင် ဖော်ပြချက်များနှင့် အထောက်အထားစာရွက်စာတမ်းများသည် မှန်ကန်မှုမရှိကြောင်း စစ်ဆေးတွေ့ရှိရပါက ရာထူးခန့်အပ်ပြီးစေကာမူ ထုတ်ပယ်ခြင်းခံရမည်။

၁၃။ အသေးစိတ်သိရှိလိုပါက အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ ဖုန်း-၀၁-၃၈၀၇၃၁ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အကောက်ခွန်ဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၅ရပ်ကွက်၊ တိုးချဲ့(၃)လမ်း၊ အမှတ်(၃၈/က+ခ)၊ မြေညီထပ်(ခြေရင်းခန်း)၊ (၁၅x၅၄)ပေအကျယ် တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဦးခင်မောင်လွင် ၇/ဒဥန(နိုင်)၀၉၆၃၄၁မှဝန်ခံကတိပြုလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေ ဦးသန်းထွဋ်တင် ၁၄/ဘကလ(နိုင်)၂၁၄၁၅၂ ကလည်း အရောင်းအဝယ်ပြုလုပ်ရန် သဘောတူသဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | | |
|---|---|---|
| ဒေါ်သက်သက်မွန် | ဦးသုထက်ကျော်လွင် | ဒေါ်ကြည်လပြည့်ဝန်း |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |
| စဉ်-၁၀၆၀၅/၂၀၁၅ | စဉ်-၄၉၅၀၂/၂၀၁၈ | စဉ်-၅၁၉၂၄/၂၀၁၉ |

တိုက်(၄)၊ အခန်း(၃၁)၊ ပထမထပ်၊ မြို့ပြအိမ်ရာ(တောင်)ဘက်ခြမ်း၊ (၆)ရပ်ကွက်၊ (၈)မိုင်မီးပွိုင့်အနီး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၇၉၅၅၃၄၇၅၃၊ ၀၉-၇၅၀၃၉၈၄၀၆

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 4H/2383 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## တရားမကျင့်ထုံးဥပဒေ အမိန့်-၅၊ နည်းဥပဒေ-၂၀
## ပုသိမ်ကြီးမြို့နယ်တရားရုံးတော်
## ၂၀၂၂ခုနှစ် တရားမကြီးမှုအမှတ်-၁

| | | |
|---|---|---|
| ဦးထွန်းထွန်းဝင်း | နှင့် | ၁။ ဦးအောင်ကြည်မြင့် |
| | | ၂။ ဦးစိုးမြင့် |
| တရားလို | | တရားပြိုင်များ |

ပုသိမ်ကြီးမြို့နယ်၊ သုခမင်္ဂလာရပ်ကွက်၊ အကွက်အမှတ်(၄၉၈)နေ (၁)တရားပြိုင် ဦးအောင်ကြည်မြင့် (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုကမှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ခုနှစ် ဖေဖော်ဝါရီ ၁၇ရက် (၁၃၈၃ခုနှစ် တပို့တွဲလဆန်း ၂ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုကကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဇန်နဝါရီ ၂၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ပြည့်ဖြိုးပိုင်)
ဒုတိယမြို့နယ်တရားသူကြီး(၂)
ပုသိမ်ကြီးမြို့နယ်တရားရုံး

## အများသိစေရန်ကြေညာချက်

ကျွန်ုပ်အား လွှဲအပ်ညွှန်ကြားသူ ဒေါ်ခင်မာရီ ၁၂/ဥကမ(နိုင်)၀၈၉၀၀၉ (ဘ)ဦးအုံးရွှေ (မိ)ဒေါ်အုန်းရီသည် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ စံပါယ်(၁၀)လမ်း၊ အမှတ်(မရှိ)ကျူးကျော်နေထိုင်သူများ ကောက်ယူခြင်းလုပ်ငန်း အိမ်ထောင်စုသက်သေခံကတ် ဦးသန်းမြင့် ကတ်အမှတ်-မဥက-၀၀၀၀၁၂၉၆၊ ထုတ်ပေးရက်စွဲ(၁-၁၆-၂၀၁၇) သည်မိခင်ဖြစ်သူ ဒေါ်အုန်းရီ (ကွယ်လွန်)ဝယ်ယူပိုင်ဆိုင်ခြင်းဖြစ်သဖြင့် ၎င်းနေအိမ်ခြံမြေကွက်အား ကျွန်ုပ်မိတ်ဆွေ ဒေါ်ခင်မာရီ မသိရှိဘဲ တစ်ဆင့်လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ စွန့်လွှတ်၊ လှူဒါန်း၊ ပေးကမ်းခြင်းများမပြုလုပ်ရန်နှင့် ပြုလုပ်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| လွှဲအပ်ညွှန်ကြားသူ- | လွှဲအပ်ညွှန်ကြားချက်အရ- |
| ဒေါ်ခင်မာရီ | ဦးရဲလင်းနိုင်(LL.B) |
| ၁၂/ဥကမ(နိုင်)၀၈၉၀၀၉ | တရားလွှတ်တော်ရှေ့နေ |
| | စဉ်-၁၆၂၄၆/ ၁၉-၁၁-၂၀၁၉ |
| | အမှတ်(၇၃၉)၊ သန္တာ(၁၇)လမ်း၊ (င)ရပ်ကွက်၊ |
| | မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| | ဖုန်း-၀၉-၄၄၈၀၁၃၇၉၆ |

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၇)ရပ်ကွက်၊ ငထွေရှူးလမ်း၊ မြေကွက်အမှတ်(၇၃၀/ခ)ဟုခေါ်တွင်သော မြေအလျားxအနံ (၂၀'x၆၀')ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်အဆောက်အအုံအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ မြို့မြေစာရင်းတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဦးခင်မောင်ချို ၁၂/ဒဂန(နိုင်)၀၁၆၃၇၃ ထံမှ အရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသည့် ဒေါ်နှင်းမြတ်ဝင်း ၁၂/မရက(နိုင်) ၁၄၅၆၂၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဗိုလ်ဗိုလ်ဇော်
LL.B, D.B.L, D.M.L
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၆၉၈)
အမှတ်(၁၁၃၀)၊ (၁၅)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်
ဖုန်း-၀၉-၄၅၀၀၃၅၀၇၀

## မစုသန္တာထွေး ၁၃/တကန(နိုင်)၁၄၄၆၀၃ နှင့်အများသိစေရန်

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်သာယာရပ်ကွက်၊ ၅၇လမ်း၊ (၁၀၃x၁၀၄ကြား)၊ အမှတ်-ဂဂ-၃/၁၉နေ ဦးစန်းယု ၁၃/နခန(နိုင်)၀၅၀၅၃၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ မစုသန္တာထွေးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဦးစန်းယု၏ မိသားစုအိမ်တွင်းရေးကိစ္စကို ကာယကံရှင်များကိုယ်တိုင် ဥပဒေနည်းလမ်းဖြင့်သာ ဖြေရှင်းသွားမည်ဖြစ်ကြောင်းနှင့် ဤအိမ်တွင်းရေးကိစ္စအား ဖုန်းဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ ကြားဖြတ်ဝင်ရောက်ပြောဆိုခြင်း၊ ဦးစန်းယုနှင့်မိသားစုဝင်များ၏ ဂုဏ်သိက္ခာကျဆင်းစေသည့် အရေးအသား အပြောအဆိုနှင့် သားပုပ်လေလွင့် ပြောဆိုခြင်းများကို Facebookစသည့် လူမှုကွန်ရက်စာမျက်နှာ၌ဖြစ်စေ၊ ပတ်ဝန်းကျင်၌ဖြစ်စေ၊ စောင်းမြောင်းရေးသားပြောဆိုခြင်း၊ ပုတ်ခတ်ခြင်း၊ မဟုတ်မမှန်ရေးသားပြောဆိုစွပ်စွဲခြင်းများ မပြုလုပ်ကြပါရန် သတိပေးတားမြစ်လိုက်ပါသည်။ ထိုသို့တားမြစ်ထားပါလျက် ဦးစန်းယုအား ဂုဏ်သိက္ခာကျဆင်းစေသည့် အရေးအသား အပြောအဆိုများအားပြုလုပ်နေကြောင်း တွေ့မြင်ကြားသိရပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

| | |
|---|---|
| လွှဲအပ်ညွှန်ကြားသူ- | ဦးစန်းယု၏လွှဲအပ်ညွှန်ကြားချက်အရ- |
| ဦးစန်းယု | ဦးအေးလွင်(မိုးဟိန်းကျော်) |
| | LL.B Advocate တရားလွှတ်တော်ရှေ့နေ |
| | စဉ်-၆၁၆၄/၉၅ |
| | အမှတ်(၁၀/၁၂)၊ ပထမထပ်၊ အခန်း-၁၀၄/F၊၃၅လမ်း၊ |
| | ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့ |

## အများသိစေရန်ကြေညာခြင်း

ပဲခူးခရိုင်၊ ညောင်လေးပင်မြို့နယ်၊ ပြွန်တန်ဆာမြို့၊ မြို့မ(၂)ရပ်ကွက်၊ မြေတိုင်းရပ်ကွက် ရပ်(၈)ဈေးပိုင်းရပ်၊ ဦးပိုင်အမှတ်(၁၁၅က)၊ မြေကွက်အမှတ်(၄၆A)၊ မြေဧရိယာ ၀ ဒသမ ၀၂၄၆ ဧကရှိသောမြေကို ဦးမြတ်စိုးအောင်အမည်ဖြင့် အမည်ပြောင်းသက်တမ်းတိုး မြေငှားဂရန် လျှောက်ထားလာပါသည်။

ထိုသို့လျှောက်ထားလာပါ၍ အထက်ပါမြေကွက်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်မှ တင်သွင်းသည့်ကန့်ကွက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ညောင်လေးပင်မြို့

## ကန့်ကွက်နိုင်ပါကြောင်း

ရွှေဘိုမြို့၊ အမှတ်(၇)ရပ်ကွက်၊ အကွက်အမှတ်(၁၅)၊ အကွက်အမည်(ဆုံကုန်းရပ်)၊ ဦးပိုင်အမှတ်(၁၅/၂)၊ ဧရိယာ ၀ ဒသမ ၀၈၇ ဧကရှိ ဘိုးဘပိုင်မြေကွက်ကို ရွှေဘိုမြို့၊ အမှတ်(၇) ရပ်ကွက်နေ ဦးမျိုးမြင့်က အမည်ပြောင်း လျှောက်ထားလာသည့်အတွက် ယင်းအမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက သက်ဆိုင်ရာ စာရွက်စာတမ်းများကို ယူဆောင်လာပြီး ၂၀၂၂ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်မတိုင်မီ လာရောက် ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

ဇော်ဝင်းလတ်
မြို့နယ်ဦးစီးဌာနမှူး
မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန
ရွှေဘိုမြို့

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၅ရပ်ကွက်၊ သရေခေတ္တရာ(၂၃)လမ်း၊ မြေကွက်အမှတ် ၈၀၅(က) ဟုခေါ်တွင်သော ရန်ကုန်တိုင်းဒေသကြီး ၊ တောင်ဥက္ကလာပမြို့နယ်၊ လူနေရပ်ကွက်အမှတ်-၅၊ မြေတိုင်းရပ်ကွက်အမှတ်-၅၊ မြေကွက်အမှတ်၈၀၅ ၊ အကျယ်အဝန်း အလျား ၆၀ပေ၊ အနံ ၄၀ပေ၊ ဦးအောင်ထွန်း+၂ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအနက်မှ တရားဝင်မခွဲစိတ်ရသေးသော အလျား ၆၀ပေ၊ အနံ ၁၃ပေ ၄လက်မရှိသော မြေကွက်နှင့်အဆောက်အအုံအပါအဝင် ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားချက်အရပ်ရပ်အားလုံးကို အပိုင်ရောင်းချသူ ဒေါ်စံနု ၁၁/ကဖန(နိုင်)၀၀၅၄၇၅ ကတစ်ဦးတည်းသာပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ၊ ပိုင်ဆိုင်မှုအရှုပ်အရှင်း ကင်းရှင်းကြောင်းဝန်ခံလျက် တန်ဖိုးသတ်မှတ်ပြီးရောင်းချလိုကြောင်း ကမ်းလှမ်းချက်ကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချိုချိုအေးနှင့် ဒေါ်အေးမိစံတို့က အပိုင်ဝယ်ယူရန် သဘောတူညီပြီး အဆိုပါမြေတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့် အဆောက်အဦ အရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို စာရွက်စာတမ်းအထောက်အထား အခိုင်အမာနှင့်တကွ (၁၄)ရက်အတွင်း ကျွန်တော်ထံ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူတစ်စုံတစ်ရာမရှိပါက အဆိုပါမြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးနေလင်းအောင်
အထက်တန်းရှေ့နေ(စဉ်-၃၁၅၄၅)
အမှတ်(၈၆)၊ ဌာနာလမ်း၊ မကျည်းတန်းမြောက်အရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်
ဖုန်း-၀၉-၅၁၁၁၀၇၉၊ ၀၉-၉၆၂၈၆၃၈၆၃

## အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်တွင်နေထိုင်သူ ဦးမြင့်အောင် (ဘ)ဦးလှမောင် ၉/ပသက(နိုင်)၀၀၇၆၄၆သည် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ကျော်သူ(၁၇)လမ်း၊ အမှတ်(၇၀၇)တွင် နေထိုင်သူ ဦးလှညွှန့် (ဘ)ဦးစိန် ၁၂/ဥကတ(နိုင်)၀၂၇၄၀၆အား (၆-၄-၂၀၂၀)ရက်တွင် မန္တလေးမြို့တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ်(၁၉၃၅/၂၀၂၀)ဖြင့် အထွေထွေကိုယ်စားလှယ်အဖြစ် ခန့်အပ်ခဲ့ပါသည်။ ယခုအခါ ဦးလှညွှန့်သည် ဦးမြင့်အောင်၏ ကိုယ်စားဆောင်ရွက်ရမည့်ကိစ္စရပ်များအား ဆောင်ရွက်ပြီးစီးပြီဖြစ်ပါသဖြင့် ယင်းအထွေထွေကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

ဦးမြင့်အောင်(ဘ) ဦးလှမောင်
၉/ပသက(နိုင်)၀၀၇၆၄၆

## ကန့်ကွက်နိုင်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ အောင်မင်္ဂလာ(၃)လမ်း၊ အိမ်အမှတ်(၄/၁၂၀)မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော တစ်ခန်းတွဲ(၅)ထပ်တိုက်အဆောက်အဦးမှ စတုတ္ထထပ်၊ (၅)လွှာ တိုက်ခန်း(၁)ခန်းအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ပိုင်ဆိုင်ထားကြောင်း ဝန်ခံကတိပြုသူ ဒေါက်တာစိုးဝင်းနိုင် ၉/မဟမ(နိုင်)၀၀၆၉၈၇ ထံမှ ကျွန်ုပ်ဦးယောရမ်ထန်း ၄/မတန(နိုင်)၀၂၉၁၅၁၊ ဒေါ်လျှူးမနား ၁၂/အစန(နိုင်)၂၂၆၃၇၇ တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါ၍ တိုက်ခန်းအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်မာသောအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးယောရမ်ထန်း-ဒေါ်လျှူးမနား
ဖုန်း-၀၉-၉၇၀၆၆၀၂၉၀၊ ၀၉-၇၅၅၄၂၁၃၃

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၂ယ/၄၁၅၄၉, Honda Scoopy 110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သွယ်သွယ်လှိုင် ၉/မဟမ(နိုင်) ၀၀၉၈၃၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၄ယ/၁၇၂၄၃, Honda Click 125,M/C ယာဉ်လက်ဝယ်ရှိသူ ဦးညီညီဌေး ၉/မဟမ(နိုင်)၀၀၆၃၄၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲ နေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက် လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

### ယနေ့ သတင်းအညွှန်း




ဖိလစ်ပိုင်နိုင်ငံသို့ ကာကွယ်ဆေးထိုးထားသည့် နိုင်ငံခြား ခရီးသွားများ လာရောက်ခွင့်ပြုမည်

စာမျက်နှာ - ၁၃

အာဖဂန်နစ္စတန်၌ အမျိုးသမီးများ အခွင့်အရေးအတွက် အာမခံချက်ပေးရန် ကုလအကြီးအကဲတောင်းဆို



စာမျက်နှာ - ၁၄

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUGနှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇန်နဝါရီ ၃၀

**အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး ကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြား စေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်း ဖြင့်ဖြစ်စေ အများ ပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော် ဝါဒဖြန့်မှု များကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရွန်နစ် ဆက်သွယ်ရေး ဥပဒေ ပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံ ရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်း နိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများ ကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှား စီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့်အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း ကရင်ပြည်နယ် ဘားအံမြို့နယ် နေ သန့်ဇင်ကို(၂၀)နှစ်အသုံးပြု သည့် "Thant Sin Ko" Facebook အကောင့်၊ စစ်ကိုင်းတိုင်းဒေသ ကြီး ခန္တီးမြို့နယ်နေ ထွန်းလင်းအသုံးပြုသည့် Facebook အကောင့်၊ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် အေးရိပ်ငြိမ်းရပ်ကွက်နေ နှင်းရီလင်းအသုံးပြုသည့် Facebook အကောင့်၊ ပုလောမြို့နယ် အမှတ် (၃)ရပ်ကွက်နေ ခိုင်စိုးဝေ(၂၀) နှစ် အသုံးပြုသည့် Facebook အကောင့်၊ မန္တလေး တိုင်းဒေသကြီး အမရပူရမြို့နယ်နေ မချောချောစု

*စာမျက်နှာ ၁၈ ကော်လံ ၁* ▼

## ၂၀၂၃ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲ မြန်မာအပါအဝင် ၂၄ သင်း ယှဉ်ပြိုင်မည်

**ရန်ကုန် ဇန်နဝါရီ ၃၀**

အာရှဘောလုံးအဖွဲ့ချုပ်က ကျင်းပမည့် ၂၀၂၃ အာရှဖလား တတိယ အဆင့်ခြေစစ်ပွဲကို မြန်မာအပါအဝင် အသင်းစုစုပေါင်း ၂၄ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၃ အာရှဖလားခြေစစ်ပွဲ၏ ပထမ အဆင့်နှင့် ဒုတိယအဆင့်ခြေစစ်ပွဲတို့ကို ၂၀၂၂ ကမ္ဘာ့ဖလားခြေစစ်ပွဲ များနှင့် တစ်ပေါင်းတည်းကျင်းပခဲ့ပြီး တတိယအဆင့်ခြေစစ်ပွဲမှ သီးခြားစီကျင်းပခြင်းဖြစ်သည်။ ၂၀၂၁ ခုနှစ် နှစ်လယ်ပိုင်းက ကျင်းပ ပြီးစီးခဲ့သည့် ၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ဒုတိယအဆင့် ခြေစစ်ပွဲအပြီးတွင် ၂၀၂၂ ကမ္ဘာ့ဖလား အာရှဇုန် တတိယအဆင့်ခြေစစ်ပွဲ သို့ တက်ရောက်ခွင့်ရသည့် ၁၂ သင်းမှာ ၂၀၂၃ အာရှဖလား တတိယ အဆင့်ခြေစစ်ပွဲ ဆက်လက်ကစားရန်မလိုဘဲ တိုက်ရိုက်ခြေစစ်ပွဲ အောင်မြင်ခဲ့သည်။ ၂၀၂၃ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲတွင် မြန်မာအသင်းအပါအဝင် ကူဝိတ်၊ ဥဇဘက်ကစ္စတန်၊ တာဂျစ်ကစ္စတန်၊ ဖိလစ်ပိုင်၊ ဂျော်ဒန်၊ ဘာရိန်း၊ ပါလက်စတိုင်း၊ အိန္ဒိယ၊ ကာဂျစ္စတန်၊ မလေးရှား၊ တာ့ခ်မင်နစ္စတန်၊ မော်လ်ဒိုက်၊ နီပေါ၊ ဟောင်ကောင်၊ စင်ကာပူ၊ အာဖဂန်နစ္စတန်၊ မွန်ဂိုလီးယား၊ ထိုင်း၊ သီရိလင်္ကာ၊ ယီမင်၊ ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘောဒီးယားနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ရ မည်ဖြစ်သည်။

*စာမျက်နှာ ၁၈ ကော်လံ ၁* ❑

## အာဖရိကနိုင်ငံများဖလား ဆီမီးဖိုင်နယ်သို့ ဘာကီနာဖာဆို၊ အိမ်ရှင် ကင်မရွန်းအသင်းတို့ တက်လှမ်း

အာဖရိကနိုင်ငံများ ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်မှ ဘာကီနာ ဖာဆိုအသင်းနှင့် တူနီးရှားအသင်း တို့ပွဲစဉ်ကို ဇန်နဝါရီ ၃၀ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ဘာကီနာဖာဆိုအသင်းက တစ်ဂိုး -ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဆီမီး ဖိုင်နယ်သို့ တက်လှမ်းသွားပြီ ဖြစ်သည်။



ဘာကီနာဖာဆိုအသင်းမှ ကွာတာရာ တူနီးရှားအသင်းဘက်သို့ ဂိုးသွင်းယူရန် ကြိုးပမ်းစဉ်။

၁၆ သင်းအဆင့်တွင် နာမည် ကြီး ဂါဘွန်အသင်းကို ပယ်နယ်တီ အဆုံးအဖြတ်၌ အနိုင်ရရှိကာ ကွာတားဖိုင်နယ်သို့ တက်လှမ်း လာနိုင်ခဲ့သော ဘာကီနာဖာဆို အသင်းသည် ယခုပွဲစဉ်တွင် ပြိုင်ဘက် တူနီးရှားအသင်းကို ခက်ခက်ခဲခဲ ယှဉ်ပြိုင်ကစားခဲ့ရပြီး ပထမပိုင်း ပွဲချိန်ပြည့်ခါနီးတွင် ရရှိခဲ့သော ကွာတာရာ၏ တစ်လုံး တည်းသော သွင်းဂိုးဖြင့် အနိုင်ရရှိ ကာ ဆီမီးဖိုင်နယ်သို့ တက်လှမ်း နိုင်ခဲ့ခြင်း ဖြစ်သည်။

ကွာတားဖိုင်နယ် ပွဲစဉ်ဖြစ် သည့်အတွက် နှစ်သင်းစလုံးကစား သမား အစုံအလင်ဖြင့်ပွဲထွက်လာ ပြီး ပွဲမှာ အပြန်အလှန် ထိုးဖောက် မှုများဖြင့် အကြိတ်အနယ်ရှိကာ ပြိုင်ဆိုင်မှုပြင်းထန်ခဲ့သည်။ ဘာကီ နာဖာဆိုအသင်းသည် ယခုပွဲစဉ်တွင်

*စာမျက်နှာ ၁၈ ကော်လံ ၅* ✪